မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၄၅)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်　　၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ပြည်သူ့လွှတ်တော် အစည်းအဝေး

အမျိုးသားအားကစားပွဲတော်ကို (၄)နှစ်လျှင်တစ်ကြိမ်ကျင်းပနိုင်ရေး ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည်

စာမျက်နှာ ➤ ၇

အမျိုးသားလွှတ်တော် အစည်းအဝေး

ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းများ နောက်ကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရန် ရွှေ့ဆိုင်း

စာမျက်နှာ ➤ ၇

ပြည်တွင်းလေကြောင်းခရီးစဉ် ရန်ကုန်-နေပြည်တော်-ရန်ကုန် လိုင်းသစ် တိုးချဲ့ပျံသန်းပေးမည်

သတင်း ➤ မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ ➤ မင်းထက်

ရန်ကုန် 　နိုဝင်ဘာ 　၁၃

ရက်ပိုင်းသာလိုတော့သည့် မြန်မာနိုင်ငံ၏(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကြီး နီးလာသည်နှင့်အမျှ ပြည်တွင်းပြည်ပ ခရီးသွားများသည်လည်း သင့်တင့်လျောက်ပတ်သည့် အစီအစဉ်ခရီးစဉ်များဖြင့် သွားလာလှုပ်ရှားနေကြသည်။ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သယ်ယူပို့ဆောင်ရေးကဏ္ဍသည်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်၍ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလျက်ရှိသည်။ ပြည်တွင်းလေကြောင်းခရီးသွားပြည်သူများ ပိုမိုအဆင်ပြေစေရန် ရွှေမြန်မာလေကြောင်းလိုင်းမှ Air Bus-320 လေယာဉ်ကြီးဖြင့် ရန်ကုန်-နေပြည်တော်-ရန်ကုန် ပြည်တွင်းခရီးစဉ်ကို နိုဝင်ဘာ ၁၅ ရက်တွင် စတင်ပျံသန်းပေးတော့မည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်တို့ကို စတင်ပျံသန်းပြေးဆွဲပေးမည့် လေယာဉ်ကြီးသည် XY-AGTA-320 Air Bus အမျိုးအစားလေယာဉ်ကြီးဖြစ်ပြီး ခရီးသည် ၁၈၀ အထိ သယ်ဆောင်ပေးနိုင်သည်။ ရန်ကုန်နှင့် နေပြည်တော်ခရီးစဉ်တို့ကို တနင်္လာနေ့မှ သောကြာနေ့အထိ တစ်ပတ်ကို ငါးရက်တိုင်တိုင်

စာမျက်နှာ ၃ ကော်လံ ၁ ❖

ယနေ့ မာတိကာ

ဝမ်းဝါးထရိတ်စင်တာ အမေရိကန်၌ အမြင့်ဆုံးဖြစ်လာမည် 　စာ - ၄

မိုက်မောင်ပျက်ပြုန်း တန်ဆောင်မုန်း (ဆောင်းပါး) 　စာ - ၆

ဆက်သွယ်ရေးအော်ပရေတာ ကုမ္ပဏီများ တာဝါတိုင် အသုံးပြုရေးပူးပေါင်းရန် အလားအလာရှိနေခြင်းကြောင့် ဝန်ဆောင်မှု အားနည်းမည်ကို စိုးရိမ်နေ 　စာ - ၁၁

ပုသိမ်မြို့ တတိယအကြိမ်မြောက် ဆီမီးတစ်သိန်း မီးမျှောပူဇော်ပွဲ တန်ဆောင်မုန်းလပြည့်နေ့၌ ကျင်းပမည်

ပုသိမ် 　နိုဝင်ဘာ 　၁၃

ပုသိမ်မြို့ ငဝန်မြစ်အတွင်း ယခုနှစ်တတိယအကြိမ်ကျင်းပမည့် ရှင်ဥပဂုတ္တမထေရ်ပူဇော်ပွဲ၊ ဆီမီးတစ်သိန်း မီးမျှောပူဇော်ပွဲနှင့် မီးရှူးမီးပန်းများပစ်ဖောက်ပွဲကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးဦးဆောင်၍ လာမည့် (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၁၇ ရက် (တနင်္ဂနွေနေ့)တွင် ညနေ ၅ နာရီမှစတင်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား မီးရှူးမီးပန်းများနှင့် ဆီမီးတစ်သိန်းမီးမျှောပူဇော်ပွဲအတွက် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားရာ ဆီမီးမျှောပွဲကျင်းပရေးလုပ်ငန်းကော်မတီ (ငွေဆောင်ဇက်ဆိပ်)၊ ဆီမီးမျှောပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ(မြို့တော်ခန်းမရှေ့)၊ မီးရှူးမီးပန်းပစ်ဖောက်ရေးလုပ်ငန်းကော်မတီ၊ သံဃာတော်များပင့်ဆောင်ရေးနှင့် မေတ္တာပို့ ပရိတ်တရားတော်ရွတ်ဖတ်ရေးလုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ နိဗ္ဗာန်ဈေးနေရာချထားရေးနှင့် ကြီးကြပ်ရေးကော်မတီ၊ သတင်းမှတ်တမ်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်းကော်မတီနှင့်

စာမျက်နှာ ၅ ကော်လံ ၁ ◆

သတင်း- မိုင်းရယ်-ငွေထွန်း
ဓာတ်ပုံ- မော်ကွန်းမြင့်အောင်

ယမန်နှစ်က ဆီမီးတစ်သိန်းမီးမျှောပူဇော်ပွဲကို ပုသိမ်မြို့ ငဝန်မြစ်အတွင်း ကျင်းပစဉ်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အညာဒေသနှင့် ဖွံ့ဖြိုးရေးစီမံကိန်း

မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများကို အပူပိုင်းဒေသမိုးနည်းရေရှားရပ်ဝန်းဟု ခေါ်ဆိုကြပါသည်။ တစ်နည်းအားဖြင့် အညာဒေသဟုလည်း ခေါ်ကြပါသေးသည်။ ဤတိုင်းဒေသကြီးများသည် တောတောင်များပြုန်းတီးလာသည်နှင့်အမျှ မိုးခေါင်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာလျက်ရှိပါသည်။ သုံးနှစ်တစ်နှစ်ခန့်သာ မိုးမှန်ခြင်းကြောင့် မိုးကိုအမှီသဟဲပြုလုပ်ကိုင်နေကြရသော တောင်သူလယ်သမားမိသားစုများ၏ လူမှုဘဝသည် တဖြည်းဖြည်း နိမ့်ကျခဲ့ရသည်။

"မိုးမရွာ မြေသာကွဲလို့၊ ခန္တနှင့်ရေကိုတင်၊ ပန်းတဲ့ဖြစ်အင်" ဟူသော ကဗျာစာသားလေးသည် အညာဒေသတောင်သူများ စိုက်ပျိုးရေးကို ခက်ခက်ခဲခဲလုပ်ကိုင်နေရသည်ကို ဖော်ညွှန်းပြသလျက်ရှိပါသည်။

ထို့ကြောင့်လည်း "ရွှေမလို ရေသာလိုသည်" ဆိုသောဒေသများသည် ဤဒေသများဖြစ်ပါသည်။ စိုက်ပျိုးရန်ရေအလုံအလောက်ရရှိမည်ဆိုလျှင် လယ်ယာစီးပွားလုပ်ငန်းများ အဆင်ပြေ၍ ဒေသခံများ လူမှုစီးပွားဘဝတိုးတက်လာမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် ဤအခက်အခဲများကို ကျော်လွှားနိုင်ရန် အပူပိုင်းမိုးနည်းရပ်ဝန်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်ကို အကောင်အထည်ဖော်သွားနိုင်ရေး ကြိုးပမ်းလျက်ရှိပါသည်။ အပူပိုင်းမိုးနည်းရပ်ဝန်း (Central Dry Zone) နှင့်ပတ်သက်၍ လွန်ခဲ့သည့် ၉-၉-၂၀၁၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ ပါဝင်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပါသည်။ ဤအစည်းအဝေးမှ အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို Focal Ministry အဖြစ် တာဝန်ပေးအပ်ပြီး စီမံချက်များ ရေးဆွဲဆောင်ရွက်သွားရန်နှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။ ယခုအခါ စီမံချက်(မူကြမ်း) ရေးဆွဲထားပြီဖြစ်၍ ဦးစားပေးကဏ္ဍများဆောင်ရွက်နိုင်ရေး စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အညာကျေးလက်ဒေသများတွင် လူမှုဘဝမြှင့်တင်ရေး အစီအမံများ ပေါ်ထွက်လာတော့မည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေး တစ်ပြိုင်တည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာအောင် ဆောင်ရွက်မည့်အနေအထားဖြစ်ပါသည်။ စိုက်ပျိုးရေးအတွက် လိုအပ်နေသော ရေရရှိရေးစီမံကိန်းများ အညာဒေသအနှံ့ ပေါ်ထွန်းလာသည်နှင့်အမျှ စိုက်ပျိုးရေးသာမက မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် နိုင်ငံအနှံ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ဖော်ဆောင်လျက်ရှိသည့်အလျောက် သမဝါယမဝန်ကြီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာရေး၊ ငွေကြေးအရင်းအနှီး ထုတ်ချေးရေးအစီအစဉ်တစ်ရပ်ကို ဖော်ဆောင်လျက်ရှိပါသည်။

ထို့ကြောင့် လိုအပ်သော ငွေကြေးအရင်းအနှီးများရယူကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ထိထိရောက်ရောက် အကျိုးရှိစွာ အရှိန်အဟုန်ဖြင့် တိုးတက်လာတော့မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

တောင်သူလယ်သမားလေ့လာရေးအဖွဲ့ နေပြည်တော်ကောင်စီနယ်မြေရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများလေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၃

နိုဝင်ဘာ ၁၂ ရက် နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ်မှ တောင်သူလယ်သမား ၉၀ တို့သည် နေပြည်တော်ကောင်စီနယ်မြေသို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လာရောက်လေ့လာကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်အတူ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ ဧက ၄၄၀ ပုလဲသွယ်မိုးစပါးစိုက်ခင်း၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီးများ၊ ထွန်စက်ကြီးများ၊ ဘက်စုံ ၁၀ မျိုးသုံး လက်တွန်းထွန်စက်များနှင့် လယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပေါင်းစည်းလယ်ယာစနစ်စိုက်ခင်းရှိ ပုလဲသွယ်မိုးစပါးစိုက်ခင်းများ၊ နို့စားနွားမွေးမြူရေးလုပ်ငန်း၊ ဓာတုကင်းလွတ်ငှက်ပျော၊ ပိန္နဲနှင့် သံပရာစိုက်ကွင်းများ၊ အအေးခန်းလှောင်အိမ်စနစ်ပျိုးခင်း၌ သိုလှောင်ထားသော စပါးမျိုးစေ့များ၊ နေကြာမျိုးစေ့များ၊ နှမ်းမျိုးစေ့များ၊ စပ်မျိုးပြောင်းဖူးမျိုးစေ့များ၊ ပဲအမျိုးမျိုးမျိုးစေ့များ သိုလှောင်ရုံကို လေ့လာကြရာ တာဝန်ရှိသူတို့က အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်အောက်တွင် ထိန်းသိမ်းသိုလှောင်ထားပါက မျိုးစေ့များအား သက်တမ်း ၁၀ နှစ်ကြာသည်အထိ သိုလှောင်နိုင်မှုကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ခေတ်မီမျိုးစေ့သန့်စင်စက်၌ စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့များ သန့်စင်နေမှုများ၊ ပိန်းဥစိုက်ခင်းနှင့် နဂါးမောက်သီးနှံစိုက်ခင်းများကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးတောင်သူများသည် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် ဧက ၉၀၀ စိုက်ကွင်း၌ တစ်ဧက တန် ၆၀ ထွက်ရှိသည့် ကြံသီးနှံပညာပေးစိုက်ကွင်း၊ ဓာတုကင်းလွတ်စိုက်ပျိုးထားသော ပိန်းဥ ၁၀ ဧက စိုက်ခင်းသို့ ရောက်ရှိကြရာ ဂျပန်နိုင်ငံမှ ပညာရှင် Mr.Taro Sayagyii က မြန်မာနိုင်ငံတွင် ပိန်းဥစိုက်ပျိုးမှု သုံးနှစ်အတွေ့အကြုံအရ မြန်မာ့ပိန်းဥမူရင်းမျိုးနှင့် ဂျပန်မူရင်းပိန်းဥမျိုးတို့ကိုမျိုးစပ်၍ ဂျပန်နိုင်ငံဈေးကွက်သို့တင်ပို့ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပိန်းဥ၏ ကမ္ဘာ့ဈေးကွက်ခိုင်မာစွာ နေရာရရှိလာမှုနှင့် အာဟာရတန်ဖိုးကြီးမားလာမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စက်စက်ယိုဆည်ရေသောက် ဧက ၉၀၀ စိုက်ကွင်းရှိ ဓာတုကင်းလွတ် စပ်မျိုးငရုတ်၊ ပဲတိုင်ထောင်၊ စပ်မျိုးဖရုံ၊ စပ်မျိုးခရမ်းချဉ်သီး၊ စပ်မျိုးခရမ်း၊ ဆလတ်အမျိုးမျိုး၊ မုန်ညင်းအမျိုးမျိုး စိုက်ခင်းများ၊ ထိုင်ဝမ်မူရင်းမျိုး သင်္ဘောစိုက်ခင်းများ၊ နာနတ်၊ ဖရဲသီး၊ ကျောက်စိမ်းသခွားမွှေးနှင့် ရွှေဝါသခွားမွှေးစိုက်ခင်းနှင့် တောင်သူပညာပေး သိပ္ပံနည်းကျ ဓာတုကင်းလွတ် ထိုင်ဝမ်မူရင်း သင်္ဘောမျိုးများ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုလေ့လာကြသည်။ ထိုသို့လေ့လာစဉ် ပြည်ထောင်စုဝန်ကြီးက တောင်သူများအား မည်သည့်သီးနှံစိုက်ပျိုးစေကာမူ ရေနှင့်မြေကို တွက်ချက်၍ မြေတစ်ဧကအသုံးချမှုစနစ်ဖြင့် တွက်ချက်စိုက်ပျိုးရန်လိုအပ်ကြောင်း၊ မိမိတို့ရွေးချယ်စိုက်ပျိုးသော သီးနှံသည် ဈေးကွက်၏ အရေးကြီးမှုနှင့် ကိုက်ညီအောင် အလေးထား ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့်သီးနှံကို တွက်ချက်ပြီး သိပ္ပံနည်းကျ စိုက်နည်းစနစ်များနှင့်အညီ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများကိုယ်တိုင် စိုက်ကွင်းများတွင် ကွင်းဆင်းလေ့လာ၍ရရှိလာသော အတွေ့အကြုံကောင်းများကိုအခြေခံ၍ မိမိဒေသ၊ မိမိကျေးရွာ၊ မိမိစိုက်ကွင်းကို ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ရောက်ရှိမှုမှာ ပွင့်လင်းရာသီဖြစ်၍ တဖြည်းဖြည်း တိုးပွားလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်က ရန်ကုန်မြို့လယ်တွင် နိုင်ငံခြားခရီးသွားဧည့်သည်များကို တွေ့ရစဉ်။
တင်စိုး(မြန်မာ့အလင်း)

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ပါဝင်လှူဒါန်းကြပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

၁၃၇၅ ခုနှစ် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့ပွဲဖြစ်သည့်အတိုင်း ယခုနှစ်တွင်လည်း ဒီဇင်ဘာ ၁ ရက်နေ့၌ ရန်ကုန်မြို့တော်ခန်းမတွင် ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ နိုဝင်ဘာ ၂၃ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အစည်းအဝေးခန်းမ၌ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။

သုတစာပေ၊ ရသစာပေများကိုရေးသား၍ နိုင်ငံအကျိုး၊ အများပြည်သူအကျိုးသယ်ပိုးဆောင်ရွက်ကြကုန်သော စာရေးဆရာကြီး၊ စာရေးဆရာမကြီးများအား ထိုက်တန်စွာကန်တော့ပူဇော်နိုင်ရန်အတွက် စာပေကျေးဇူးကို အလေးအမြတ်ပြုကြကုန်သော စေတနာရှင်များအနေဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံဆက်သွယ်၍ သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ဦးစိုးထိုက် - ၀၁-၂၅၂၄၁၇၊ ၀၉-၄၂၁၁၄၆၉၇၈
မြန်မာနိုင်ငံစာရေးဆရာအသင်း
ဦးအောင်ကျော်ဦး - ၀၁-၅၄၄၅၈၂၊ ၀၉-၇၃၀၀၆၄၈၁
ညွှန်ကြားရေးမှူး
မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာန
ဦးအေးကြွယ် - ၀၁-၃၇၁၃၄၂၊ ၀၉-၈၆၃၄၅၁၇
ညွှန်ကြားရေးမှူး(ပြန်/ဆက်)

မြန်မာနိုင်ငံစာရေးဆရာအသင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယအကြိမ်မြောက်မီးပုံးပျံလွှတ်တင်ပွဲနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ တတိယအကြိမ် တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပွဲနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ဧည့်ပရိသတ်များအား ဖိတ်ခေါ်အပ်ပါသည်။
ခရိုင်ပြန်/ဆက်

ပြည်တွင်းသတင်း

PG Dip in Law ကျောင်းသား ကျောင်းသူများအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လက်ခံတွေ့ဆုံ

နေပြည်တော်　နိုဝင်ဘာ　၁၃

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် PG Dip in Law (Online)1st Batch ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရုံး (J) ဆောင် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

လေ့လာရန်လိုအပ်

ယင်းသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အတွင်း ဥပဒေပြုရေးဆိုင်ရာဆောင်ရွက်ချက်များ၊ ဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရာတွင် အခြေခံရမည့်အချက်များနှင့် ဥပဒေပညာရပ်များကို စာပေတွင်သင်ကြားလေ့လာသည်သာမက လက်တွေ့နယ်ပယ်တွင် လေ့လာရန်လိုအပ်ကြောင်းတို့ကို ပြောကြားသည်။ **(ယာပုံ)**

(သတင်းစဉ်)

ဥရောပသမဂ္ဂအဖွဲ့ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ မစ္စကက်သရင်း အက်ရှ်တန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန်　နိုဝင်ဘာ　၁၃

ဥရောပသမဂ္ဂအဖွဲ့ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ မစ္စကက်သရင်း အက်ရှ်တန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ကျင်းပမည့် မြန်မာ-အီးယူလုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့သံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာနှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

နွားမွေးမြူရေးဖွံ့ဖြိုးမှုသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကိုအထောက်အကူဖြစ် ဆိုးလ်နို့ထွက်ပစ္စည်းလုပ်ငန်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အထူးကျေးဇူးတင်ရှိ

နေပြည်တော်　နိုဝင်ဘာ　၁၃

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်နို့ထွက်ပစ္စည်းလုပ်ငန်းတို့ အာဟာရမြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်က မိမိတို့နိုင်ငံတွင် နွားမွေးမြူရေးလုပ်ငန်းသည် ကျေးလက်ဒေသတွင် အဓိကအကျဆုံးနှင့် အရင်းအနှီးအများဆုံး မွေးမြူရေးလုပ်ငန်းဖြစ်၍ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်မှုအား ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံတွင် နို့စားနွား မွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် National Dairy Development Board (NDDB) အဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်း လုံလောက်စွာ ထုတ်လုပ်နိုင်ပါက နှစ်စဉ်တင်သွင်းနေသည့် နို့ထွက်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၅၀ သက်သာမှာဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ တောင်သူလယ်သမားအများစုသည် နွားမွေးမြူရေးလုပ်ငန်းကိုဆောင်ရွက်နေကြ၍ နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရုံသာမက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကိုပါ များစွာအထောက်အကူဖြစ်စေပါကြောင်း၊ ထို့အတွက် ဆိုးလ်နို့ထွက်ပစ္စည်းလုပ်ငန်းမှ ပူးပေါင်းပါဝင်လာခြင်းကို အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အကောင်အထည်ဖော်ဆောင်ရွက်

ထို့နောက် ကိုရီးယားနိုင်ငံ ဆိုးလ်နို့ထွက်ပစ္စည်းလုပ်ငန်းမှ CEO Mr. Lee Dong Young က မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံချက်များ ပိုမိုပြန့်ပွားလာစေရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရေးတို့အတွက် နို့စားနွားမွေးမြူရေးခြံများနှင့် နို့ပြုပြင်ထုတ်လုပ်သည့် စက်ရုံများ တည်ထောင်၍ ဝန်ကြီးဌာနနှင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်နို့ထွက်ပစ္စည်းလုပ်ငန်းမှ CEO Mr. Lee Dong Young တို့သည် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် အာဟာရမြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**　**(သတင်းစဉ်)**

❖ ***ရှေ့ဖုံးမှ***

နေ့စဉ်အသွားအပြန် ပြေးဆွဲပေးမည်ဖြစ်သည်။ ယင်းလေယာဉ်ကြီးသည် အောက်တိုဘာ ၁၆ ရက်က အင်္ဂလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အဆိုပါခရီးစဉ် ပြေးဆွဲပေးရန်အတွက် ရောက်ရှိခဲ့သည်။ စတင်ပြေးဆွဲမည့် နိုဝင်ဘာ ၁၅ ရက်မှ ၃၀ ရက်အတွင်း ရွှေမြန်မာလေကြောင်းလိုင်းမှ စီးနင်းလိုက်ပါသည့် ခရီးသည်များကို ပျော်ရွှင်ဖွယ်ရာအစီအစဉ်သစ်လေးများ ထည့်သွင်းဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်-နေပြည်တော် ခရီးစဉ်စျေးနှုန်းမှာ ခရီးသည်တစ်ဦးလက်မှတ်တစ်စောင်လျှင် ငွေကျပ် ၄၅၀၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၄၆ ဒေါ်လာနှုန်းဖြင့် သတ်မှတ်ပေးထားသည်။

ပြည်တွင်းပြည်ပခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိသည့် ရွှေမြန်မာလေကြောင်းလိုင်းသည် မြန်မာနိုင်ငံ၌ ၂၀၁၂ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ပြည်တွင်းခရီးစဉ်ဖြစ်သည့် ရန်ကုန်-မန္တလေး၊ ပြည်ပခရီးစဉ်ဖြစ်သည့် ရန်ကုန်-စင်ကာပူ၊ ရန်ကုန်-ဗန်ကောက်တို့ကို ပြေးဆွဲပေးလျက်ရှိပြီး ယခုအခါ ရန်ကုန်-နေပြည်တော်-ရန်ကုန် ပြည်တွင်းခရီးစဉ်သစ် လေကြောင်းလိုင်းကို အသစ်ထပ်မံတိုးချဲ့ပြေးဆွဲပေးခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ပြည်တွင်းလေကြောင်းခရီးသွားပြည်သူများ ပိုမိုအဆင်ပြေစေရန် ပြည်တွင်းခရီးစဉ်များဖြစ်သည့် ညောင်ဦး၊ ဟဲဟိုး၊ ကျိုင်းတုံ၊ လားရှိုး၊ တာချီလိတ်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအို၊ သံတွဲမြို့များသို့ ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မုဒုံဘိုးဘွားရိပ်သာမှဘိုးဘွားများအား ပဲခူးမြို့သို့ဘုရားဖူးပို့ဆောင်ပေးမည်

ရန်ကုန် နိုဝင်ဘာ ၁၃

မုဒုံမြို့ဘိုးဘွားရိပ်သာမှ ဘိုးဘွားစုစုပေါင်း ၂၃ ဦးတို့အား စိတ်ရွှင်လန်းမှုရရှိစေရေးနှင့် အပန်းဖြေစေရေးရည်ရွယ်ကာ နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် တစ်ညအိပ်၊ နှစ်ရက်ခရီးအဖြစ် ပဲခူးမြို့သို့ဘုရားဖူးခရီးပို့ဆောင်ပေးမည်ဖြစ်သည်။

နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့မှပြန်လည်ထွက်ခွာပြီး လမ်းခရီးတွင် သထုံမြို့၊ မော်လမြိုင်မြို့တို့ရှိ တန်ခိုးကြီးဘုရားများကို လှည့်လည် ဖူးမြော်ကြကာ ညနေပိုင်းတွင် မုဒုံမြို့သို့ ပြန်လည်ရောက်ရှိကြမည်ဖြစ်ကြောင်း သိရသည်။

မွန်လေး

နိုင်ငံတကာသတင်း

နီပေါနိုင်ငံ၌ ဆန္ဒပြအကြမ်းဖက်သူများအား ရဲတပ်တပ်ဖွဲ့က ဖမ်းဆီး

ခတ္တမန္ဒူ နိုဝင်ဘာ ၁၃

နီပေါနိုင်ငံ၌ အတိုက်အခံများ ဦးဆောင်သောဆန္ဒပြပွဲဒုတိယနေ့ အပြီး အနည်းဆုံး ၂၈ဦးကို ဖမ်းဆီးထားကြောင်း ပြည်ထဲရေးဝန်ကြီး မက်ဟာဂီမီရီက ဘီဘီစီသို့ ပြောကြားသည်။

အဆိုပါ ဖမ်းဆီးခံရသူများသည် ဆန္ဒပြပွဲတွင်ပါဝင်မှု သို့မဟုတ် အကြမ်းဖက်မှုဖြင့် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ နိုဝင်ဘာ၁၁ရက်က ခရီးသွားဘတ်စ်ကားခရီးသည် ၄၀ ခန့်ကို မီးရှို့သတ်ခံရမည့် ဘေးမှကြိုးပမ်းရာ သီသီလေး ကပ်လွတ်သွားခဲ့သည်ဟု ဆိုသည်။

အတိုက်အခံ ဆန္ဒပြသူများက ခရီးသည်များ၏ ဘတ်စ်ကားများကိုလာမည့်သီတင်းပတ် ရွေးကောက်ပွဲဆန့်ကျင်သည့်အနေဖြင့် မီးရှို့ခဲ့ကြသည်ဟုဆိုသည်။ ***(ဘီဘီစီ)***

ထရပ်ကားတစ်စီး ချောက်ထဲကျ အနည်းဆုံး၁၄ဦးသေဆုံး

နယူးဒေလီ နိုဝင်ဘာ ၁၃

အိန္ဒိယနိုင်ငံ အလယ်ပိုင်း မက်ဒရာပရာဒေ့ရှ်ပြည်နယ်၌ ထရပ်ကားတစ်စီး ချောက်ထဲထိုးကျသွားခဲ့ရာ အနည်းဆုံး ၁၄ ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာ ရသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လယ်ယာလုပ်သားများကို တင်ဆောင်လာသော အဆိုပါ ထရပ်ကားသည် နိုဝင်ဘာ ၁၂ ရက်ညပိုင်းက ဒါတီးယားခရိုင်၌ အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲကျ သွားခဲ့ရသည်ဟု ဆိုသည်။

ဘတ်စ်ကားဒရိုင်ဘာက ကားကို အရှိန်ပြင်းစွာ မောင်းနှင်သည့်အတွက် အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲကျ တိမ်းမှောက်ခဲ့ရကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲ ပီကေမာရာသာက ပြောကြားသည်။

(ဆင်ဟွာ)

အီဂျစ်တပ်ဖွဲ့ဝင်များ လုံခြုံရေး စစ်ဆေးဆောင်ရွက်ကြစဉ်။

အီဂျစ်၌အရေးပေါ်အခြေအနေနှင့် ညမထွက်ရအမိန့်ရုပ်သိမ်း

ကိုင်ရို နိုဝင်ဘာ ၁၃

အီဂျစ်နိုင်ငံ၌ သုံးလကြာအရေးပေါ်အခြေအနေနှင့် ညမထွက်ရအမိန့်ကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အီဂျစ်အစိုးရက ပြောကြားသည်။

အဆိုပါ ရုပ်သိမ်းမှုမှာ တရားရုံးကအမိန့်ထုတ်ပြန်ခဲ့ပြီးနောက် မျှော်လင့်ထားသည် ထက်နှစ်ရက်ပိုစောသည်ဟုဆိုသည်။ ယင်းအစီအစဉ်သည် ဂရင်းနစ်စံတော်ချိန် ၁၄ နာရီတွင်အဆုံးသတ်သွားပြီဖြစ်ကြောင်း ဝန်ကြီးချုပ်၏ လက်ထောက်ကပြောကြားသည်။ ယင်းကဲ့သို့အရေးပေါ်အခြေအနေနှင့်ညမထွက်ရအမိန့်ထုတ်ပြန်ရခြင်းမှာ အစ္စလာမ္မစ်ဝါဒီသမ္မတမိုဟာမက်မော်စီ ဖြုတ်ချခံရမှုနှင့်ပတ်သက်၍ ထိုင်ရာမထဆန္ဒပြနေခြင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှားခဲ့ပြီးနောက် ဩဂုတ် ၁၄ ရက်တွင် အမိန့်ထုတ်ပြန်ခဲ့ရသည်ဟုဆိုသည်။ ယင်းအစီအမံများမှာ မူလက တစ်လတာ ဆောင်ရွက်ရန်ဖြစ်သော်လည်း စက်တင်ဘာ ၁၂ ရက်တွင်အစိုးရက နှစ်လထပ်မံတိုးလိုက်သည်။

အရေးပေါ်အခြေအနေနှင့်ညမထွက်ရအမိန့်ကို နိုဝင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် ၁၆ နာရီမှစတင် ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဝန်ကြီးချုပ်၏အကြံပေး ဟာဆမ်အီးဘီလာဝီက ဘီဘီစီသို့ပြောကြားသည်။

အဆိုပါအရေးပေါ်အခြေအနေနှင့်ကာဖြူးသည် အာဏာပိုင်တို့အနေဖြင့် ဝရမ်းမပါဘဲဖမ်းနိုင်ပြီးနေအိမ်များ အတွင်း ရုတ်တရက်ဝင်ရောက် စစ်ဆေးခွင့်ရှိသည်။ ညမထွက်ရအမိန့်ကြောင့် ကိုင်ရိုမြို့တွင်စီးပွားရေးလုပ်ငန်း များ ထိခိုက်ခဲ့ပြီး လူအများစုက ၎င်းညမထွက်ရအမိန့်ကို ပြစ်တင်ပြောဆိုလျက်ရှိသည်။ **(ဘီဘီစီ)**

မုန်တိုင်းအတွင်း အသက်ဘေးမှ လွတ်ကင်းနေသူများ အကူအညီအထောက်အပံ့များ မရရှိ

မနီလာ နိုဝင်ဘာ ၁၃

ဖိလစ်ပိုင်နိုင်ငံ မုန်တိုင်းအပြီး ငါးရက်တာကာလတစ်လျှောက် ကူညီထောက်ပံ့မှုများ ဝင်ရောက်ပေးပို့နေသော်လည်း ပျက်စီးမှုအပြိုအပျက်များကြား အနည်းငယ်သော အသက်ရှင် ကျန်ရစ်သူများမှာ အကူအညီမရရှိကြဘဲဖြစ်နေကြောင်း နိုဝင်ဘာ ၁၃ ရက် အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ပြည်ပအစိုးရအဖွဲ့များ၊ နိုင်ငံတကာ အဖွဲ့အစည်းများသည် မုန်တိုင်းဒဏ်ခံ လိတ်သ်ပြည်နယ်ရှိ တဂလိုဘန်မြို့သို့ ကူညီထောက်ပံ့မှုများ ပေးပို့နေဆဲဖြစ်သည်။

ဂျပန်နိုင်ငံအရေးပေါ် အကူအညီပေးရေးအဖွဲ့နှင့် အမေရိကန်တပ်မတော် သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် တစ်စင်းတို့သည် ဆေးဝါးနှင့် အစားအသောက် အကူအညီများပေးရန် ရောက်ရှိခဲ့ပြီးဖြစ်သည်။

ထုလိုက်ထည်လိုက် အပျက်အစီးများကြောင့် လမ်းများပိတ်ဆို့နေပြီး လေဆိပ်နှင့် လှမ်းသောနေရာရှိ ဒေသခံအများစုတို့မှာ မည်သည့်တစ်စုံတစ်ရာအကူအညီမျှ မရရှိထားကြပေ။ အစားအစာများကို လုယူကြခြင်း၊ တိုက်ခိုက်ကြခြင်းများ ကြုံတွေ့နေကြရသည်။ လုံခြုံရေးအခြေအနေမှာ ဆိုးရွားလာနေပြီး လေဆိပ်ပြင်ပ၌ ဟန့်တားရေးများ ဆောင်ရွက်နေကြရကြောင်း သိရသည်။

ထောက်ပံ့ရေးအဖွဲ့မှာ အသက်ရှင်ကျန်ရစ်သူများထံ လုံခြုံစိတ်ချစွာ ကူညီပေးနိုင်ရေး အခက်တွေ့နေကြရသည်ဟု ဆိုထားသည်။ **(အင်န်အိတ်ချ်ကေ)**

အာဖဂန်ဘိန်းစိုက်ပျိုးမှုစံချိန်တင် ဟက်တာနှစ်သိန်းကျော်ရှိဟုဆို

ဂျီနီဗာ နိုဝင်ဘာ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုသည် စံချိန်တင်များပြားခဲ့ကြောင်း၊ ဟက်တာ ၂၀၀၀၀၀ ရှိရာ သမိုင်းတွင် ဘိန်းစိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း ကုလသမဂ္ဂကပြောသည်။

အဆိုပါ ဘိန်းစိုက်ပျိုးထွက်ရှိမှုသည် ပြီးခဲ့သည့် နှစ်ကထက် ၃၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း ယူအင်န်အိုဒီစီ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုမှာ ဗြိတိသျှတပ်များဆုတ်ခွာတော့မည့် ဟဲလ်မန့်ပြည်နယ်၌ ထူးထူးခြားခြားမြင့်တက်လာသည်ဟုဆိုသည်။ လာမည့်နှစ်တွင် နိုင်ငံခြားတပ်များဆုတ်ခွာမည့်အနေအထားနှင့် သမ္မတရွေးကောက်ပွဲကျင်းပမည့် အခြေအနေကြောင့် ဘိန်းစိုက်ပျိုးမှု ပိုမိုမြင့်တက်လာနိုင်ကြောင်း ကဘူးလ်မြို့၌ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာအကြီးအကဲ ဂျင်းလုစ်လီမာဟီးက ပြောကြားသည်။

အာဖဂန်နစ္စတန်၌ ယခုနှစ်ရာသီတွင် ဘိန်းစိုက်ဟက်တာ ၁၅၄၀၀၀ မှ ၂၀၉၀၀၀ အထိ ရှိနိုင်ကြောင်း၊ စိုက်ပျိုးမှုထက်ဝက်မှာ ဟဲလ်မန့်ပြည်နယ်၌ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။ **(ဘီဘီစီ)**

ဝမ်းဝါးထရိတ်စင်တာ အမေရိကန်၌အမြင့်ဆုံးဖြစ်လာမည်

နယူးယောက် နိုဝင်ဘာ ၁၃

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ အသစ်တည်အဆောက်လိုက်သော ဝမ်းဝါးထရိတ်စင်တာသည် အမြင့်ပေ ၁၇၇၆ ရှိပြီး အမေရိကန်နိုင်ငံ၌ အမြင့်ဆုံးအဆောက်အအုံ ဖြစ်လာမည်ဖြစ်ကြောင်း ဗိသုကာများကော်မတီက ကြေညာထားသည်။ ယခင်က အမြင့်ဆုံးအဆောက်အအုံသည် အဆိုပါမြို့ရှိ ဝီလစ်တာဝါဖြစ်သည်။ အမြင့်ပေ ၁၄၅၁ ပေရှိသည်။ သို့ရာတွင် ဝမ်းဝါးထရိတ်စင်တာသည် သတ်မှတ်အမြင့်သို့ ရောက်ရှိရန် အမြင့် ၄၀၈ ပေလိုနေသည်ဟုဆိုသည်။ ၎င်းအဆောက်အအုံကြီးကို ၂၀၁၄ ခုနှစ်တွင် အပြီးတည်ဆောက်သွားရန်စီစဉ်လျက်ရှိသည်။ ထိပ်ဆုံးအဖျားပိုင်းမပါဘဲ ၎င်းအဆောက်အအုံကြီးသည် အမြင့် ၁၃၆၈ ပေရှိမည်ဖြစ်ကြောင်း ဗိသုကာ ကော်မတီ အမှုဆောင်ဒါရိုက်တာ အန်ထော်နီဝုဒ်ကပြောသည်။ သို့ရာတွင် ၎င်းအမြင့်မှာ ဝီလစ်တာဝါအောက်ရောက်နေသည်ဟုဆိုသည်။

အဆိုပါမိုးမျှော်တိုက်ကြီးနှစ်လုံးမှာ ဒူဘိုင်းရှိအမြင့်ပေ ၂၇၂၃ ရှိ ဘတ်ချ်ခါလီဖာ ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံထက်များစွာနိမ့်နေသေးသည်ဟုဆိုသည်။ ဝမ်းဝါးထရိတ်စင်တာကို ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ပြိုကျသွားခဲ့သော မန်ဟက်တန်ရှိ အမြွှာတာဝါ၏နေရာ၌ ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် မလေးရှားတပ်မတော်ဘောလုံးအသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစား

နေပြည်တော် နိုဝင်ဘာ ၁၃

မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် မလေးရှားတပ်မတော် ဘောလုံးအသင်း ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါချစ်ကြည်ရေးဘောလုံးပြိုင်ပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မလေးရှားတပ်မတော်မှ Major General Dato' Hi Khilr bin Hj Mohd Nor နှင့် အရာရှိကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ ၊ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပျဉ်းမနား၊ တပ်ကုန်းမြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်ခြောက်ခုမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပုံဖော်ပြသ

ရှေးဦးစွာ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲမစတင်မီ တပ်မတော်(ကြည်း) ဂုဏ်ပြုစစ်တီးဝိုင်းက အားကစားကွင်းအတွင်းသို့ စစ်ချီသီချင်းများ တီးမှုတ်ကာ ဝင်ရောက်နေရာယူပြီး ပုံဖော်ပြသကြသည်။

ထို့နောက် မြန်မာတပ်မတော် ဘောလုံးအသင်းနှင့် မလေးရှား တပ်မတော် ဘောလုံးအသင်းတို့က ဇေယျာသီရိတပ်မတော် အားကစားကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်သည်များအား အလေးပြုကြသည်။

လိုက်လံနှုတ်ဆက်

ယင်းနောက် တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးနှင့်မလေးရှားတပ်မတော်မှ Major General Dato' Hi Khilr bin Hj Mohd Nor တို့သည် နှစ်နိုင်ငံအားကစားသမားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများ နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ကျင်းပသော မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် မလေးရှားတပ်မတော်ဘောလုံးအသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အလံများလဲလှယ်

ဂင်းနောက် နှစ်နိုင်ငံတပ်မတော် ဘောလုံးအသင်းမှ အားကစားသမားများအား မြန်မာအမျိုးသမီးငယ်လေးများက ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြပြီး နှစ်ဖက်အသင်းကစားသမားများက အပြန်အလှန်နှုတ်ဆက်ကြကာ အသင်းလိုက် စုပေါင်းဓာတ်ပုံရိုက်ကြ၍ အသင်းခေါင်းဆောင်များက နှစ်နိုင်ငံ အလံများ လဲလှယ်ကြသည်။

ထို့နောက် မြန်မာ့တပ်မတော်ကြရာ မြန်မာ့တပ်မတော်ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်ယှဉ်ပြိုင်

မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကစားခဲ့သော မလေးရှားတပ်မတော်ဘောလုံးအသင်းသည် နိုဝင်ဘာ ၁၅ ရက်တွင်လည်း မြန်မာ့လက်ရွေးစင်(U-19) ဘောလုံးအသင်းနှင့် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပြည်တွင်းသတင်း

▲ ကျောဖုံးမှ

သန်လျင်တပ်နယ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးများ၊ သံရုံးမှတာဝန်ရှိသူများ၊ သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် ဂုဏ်ပြုတပ်ဖွဲ့များက MITT ဆိပ်ကမ်း၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်မှူးချုပ် မင်းသိမ်းတင့်ဦးဆောင်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံရေတပ်မှ ဧည့်သည်တော်များသည် MITT ဆိပ်ခံတံတားတစ်လျှောက် သန်လျင်တပ်နယ်မှ တပ်ဖွဲ့ဝင်များနှင့် ဂုဏ်ပြုတပ်ဖွဲ့များ၏ ကြိုဆိုနှုတ်ဆက်ခြင်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရေယာဉ်နှစ်စင်းထပ်မံရောက်ရှိမည်

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံရေတပ်မှ စစ်ရေယာဉ်သည် ANTISU-BMARING WARFARE SHIP အမျိုးအစားဖြစ်ပြီး အရာရှိ၊ စစ်သည်အင်အား ၃၅၉ ဦးလိုက်ပါလာကာ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးစဉ်အဖြစ် နိုဝင်ဘာ ၁၈ ရက်အထိ ခြောက်ရက်ကြာ လည်ပတ်သွားမည်ဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၁၄ ရက်တွင် ရုရှားနိုင်ငံမှ OCEANIC TUG “KALAR” နှင့် TANKER “IRKUT” ရေယာဉ်နှစ်စင်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

အစ္စလာမ့်မ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၃

အစ္စလာမ့်မ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အထွေထွေအတွင်းရေးမှူး မစ္စတာ အီမယ်လ်ဒင် အီဆန် အိုဂလူနှင့် (OIC) အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မော်မော်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ထို့နောက် အဆိုပါအဖွဲ့သည် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက် ၉ နာရီခွဲတွင် နေပြည်တော်သို့ ရောက်ရှိခဲ့ကြသည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

လုံခြုံရေးလုပ်ငန်း ကော်မတီတို့က လုပ်ငန်းကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည်။

ကြိတ်ကြိတ်တိုးစည်ကား

ဤပွဲသည် ဧရာဝတီတိုင်းဒေသကြီးတွင် အထူးခြားဆုံးနှင့် အစည်ကားဆုံး ပွဲတော်တစ်ခုဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးတမ်းနှင့်အညီ ပူဇော်ခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီး၍ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်များက ပြည်သူများအား နိဗ္ဗာန်ဈေးပွဲတော်ခင်းကျင်း၍ စတုဒိသာမုန့်များ ဧည့်ခံကျွေးမွေး၍ အလှူဒါနပြုလုပ်ခြင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ပုသိမ်မြို့နေပြည်သူများ စိတ်လက်ရွှင်လန်းအပန်းဖြေနိုင်စေရေးအတွက် ပျော်ပွဲရွှင်ပွဲအဖြစ် ကျင်းပခြင်းဖြစ်ရာ ယမန်နှစ်က မီးမျှောပွဲကျင်းပသည့် ပုသိမ်မြို့ ကမ်းနားလမ်း ဦးလူ့လမ်းတံတားမှ ပန်းခြံဆိပ်အထိ မြစ်ကမ်းဝဲယာတစ်လျှောက်တွင် ပုသိမ်မြို့သူ မြို့သားများနှင့် အနီးရှိကျေးရွာများမှ ပြည်သူများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပွဲတော်လာပြည်သူများဖြင့် တိုးမပေါက်အောင် ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။

(၉၃)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၁၃

၂၀၁၃ ခုနှစ် (၉၃)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က ၂၀၁၃ ခုနှစ် (၉၃)နှစ်မြောက် အမျိုးသားနေ့ကို အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးသားပညာရည် မြင့်မားရေး၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်များနှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြရန် ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ဗဟိုကော်မတီဝင်များနှင့်တာဝန်ရှိသူများက ကျင်းပရေးစီမံချက်ပါ လုပ်ငန်းရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာပေမြင့်မှ လူမျိုးတင့်မည်

မြန်မာနိုင်ငံစာရင်းကောင်စီ
စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီ
ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်းစာမေးပွဲကျင်းပခြင်း

၁။ ၂၀၁၃-၂၀၁၄ပညာသင်နှစ်၊ ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းစာမေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊နေပြည်တော်စာစစ်ဌာန(ရုံးအမှတ်၁၂၊ နေပြည်တော်)နှင့် ရန်ကုန်သင်တန်းကျောင်းစာစစ်ဌာန(အမှတ်၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့)တို့တွင် နှစ်ခုခွဲ၍ ၂၀၁၄ခုနှစ် ဇန်နဝါရီ၃ရက်မှ ၁၇ရက်အထိ တစ်ပြိုင်တည်းကျင်းပပါမည်။

၂။ ဖြေဆိုခွင့်လျှောက်လွှာကို သက်ဆိုင်ရာစာစစ်ဌာနများတွင်ဝယ်ယူ၍ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၆ ရက်အတွင်း ရုံးဖွင့်ရက်များ၌ (၁၀း၀၀နာရီမှ ၁၅း၀၀နာရီအတွင်း) စာမေးပွဲကြေး ကျပ်၃၀၀၀၊ လျှောက်လွှာကြေး ကျပ်၁၀၀၊ စုစုပေါင်းကျပ်၃၁၀၀ပေးသွင်းပြီး ယင်းငွေရပြေစာမူရင်း၊ လိုင်စင်ဓာတ်ပုံသုံးပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း+မိတ္တူ)ပြသ၍ ဖြေဆိုသူကိုယ်တိုင် သက်ဆိုင်ရာ စာစစ်ဌာနတွင် လျှောက်လွှာတင်သွင်းရမည်။

၃။ အောက်ပါပုဂ္ဂိုလ်များသာလျှင် လျှောက်ထားရပါမည်-

(က) ဖွင့်လှစ်ဆဲသင်တန်းတက်ရောက်သူများသည် သင်တန်းကာလအတွင်း ဘာသာရပ်အားလုံး၌ ကျောင်းခေါ်ချိန် ၆၀ ရာခိုင်နှုန်း ပြည့်မီရမည်။

(ခ) ယခင်စာမေးပွဲများတွင်ကျရှုံးခဲ့သူများ (ယခင်ဖြေဆိုခဲ့သည့်အထောက်အထား တင်ပြရမည်။)

၄။ ဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာစစ်ဌာနအသီးသီးတွင် ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၁၀ ရက်အတွင်း ရုံးဖွင့်ရက်များတွင် ထုတ်ပေးပါမည်။ စာမေးပွဲ စတင်ဖြေဆိုသည့်ရက်တွင် လုံးဝ ထုတ်ပေးမည်မဟုတ်ပါ။

၅။ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းလာသည့်လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအတွက် မည်သည့်အကြောင်းပြချက်ကိုမျှ လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီ

SMIDB

ဘဏ်ခွဲနေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(ဘုရင့်နောင်ဘဏ်ခွဲ) ကို ယခင် အမှတ်-ည/၅၂-ဘီ၊ ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ဘဏ်လုပ်ငန်းများပိုမိုလွယ်ကူအဆင်ပြေစွာ ဆက်သွယ်ဆောင်ရွက်သွားနိုင်ရန်အတွက် အခန်းအမှတ် (၁၀၃) မြေညီထပ်၊ တိုက်အမှတ် (E) စပယ်လမ်း၊ (၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ (Hiway Complex)သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား(၁၁.၁၁.၂၀၁၃)ရက်နေ့မှစ၍ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(ကမာရွတ်ဘဏ်ခွဲ) သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေပြည်သူများအား အသိပေးကြေငြာအပ်ပါသည်။

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (ကမာရွတ်ဘဏ်ခွဲ)
ဖုန်း-[illegible] ဖက်(စ်) [illegible]
Email midb01@mptmail.com.mm

မိုက်မှောင်ပျက်ပြုန်း တန်ဆောင်မုန်း

ဝိသဇ္ဇက(ပဲခူး)

တန်ဆောင်မုန်းလသည် ဆောင်း၏အငွေ့အသက်နှင့်အတူ မိုးလေကင်းစင်ကာ နက္ခတ်တာရာအစုံအလင်ထွန်းလင်းတောက်ပသည့် သာယာသော လအခါရာသီဖြစ်သည်။ တန်ဆောင်မုန်းလသည် တန်ဆောင်တိုင် မီးထွန်းပွဲ၊ ကထိန်အလှူပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပွဲ၊ မဲဇလီဖူးသုပ်ဝေငှသောပွဲ၊ သာမညဖလသုတ်တော် ဟောကြားတော်မူသည့်ပွဲဟူသော ထူးခြားသည့် ဝိသေသများနှင့်ပြည့်စုံသောလပင်ဖြစ်သည်။

တန်ဆောင်မုန်းလသည် မြန်မာတစ်ဆယ့်နှစ်လတွင် အဋ္ဌမမြောက်လဖြစ်၏။ တန်ဆောင်မုန်းလကို ပုဂံခေတ်ကျောက်စာတို့တွင် "တန်ဆောင်မှုန်" "တန်ဆောင်မှုန်း"ဟု ရေးထိုးရင်းမှတစ်ခါ "တန်ဆောင်မုန်း"ဖြစ်လာသည်ဟု ဆို၏။

တန်ဆောင်သည် မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရသည်။ "မှုန်း"မှာ တောက်ပခြင်း၊ ထွန်းညှိခြင်းဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် တန်ဆောင်မုန်းသည် ဆီမီးတန်ဆောင်ထွန်းပြောင်သောလဟူ၏။

ပုဂံခေတ်ကျောက်စာတို့တွင် ထိုခေတ်ရေးထုံးအတိုင်း အမြစ်ဝိသဇ္ဇနီမပါဘဲ "တန်ဆောင်မှုန်"ဟု အမြဲတစေရေးထိုးလေ့ရှိ၏။ မျက်မှောက်ခေတ်၌ အမြစ်ဝိသဇ္ဇနီထည့်ပြီး "တန်ဆောင်မှုန်း"ဟု ရွတ်ဖတ်ပြောဆိုကြ၏။

တန်ဆောင်မှုန်းဟူသော ပုဒ်၏အဓိပ္ပာယ်ကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် တန်သည် တန်ခိုးပုဒ်၌ရှိသော တန်ကဲ့သို့ အလင်းရောင်ဟူသော အနက်အဓိပ္ပာယ်ကိုဆောင်၏။

ဆောင်ဟူသောပုဒ်သည် အသားဆောင်စသောပုဒ်တို့၌လာရှိသော ဆောင်ကဲ့သို့ ထွန်းလင်းခြင်း အဓိပ္ပာယ်ကိုလည်းကောင်း၊ သယ်ဆောင်၊ ယူဆောင်တို့၌ပါရှိသော ဆောင်ကဲ့သို့သယ်ပိုးခြင်း၊ ယူငင်ခြင်းအဓိပ္ပာယ်ကိုလည်းကောင်း ဖော်ပြ၏။

မှုန်း၏အဓိပ္ပာယ်မှာ လေ့သင်းအတွင်းဝန်မင်း၏ ကဝိလက္ခဏာဒီပနီကျမ်းတွင် "ရေယဉ်ရစ်မှုန်း၊ တိုက်ဖျက်ဖြုန်း၊ ကျင်းကုန်းပြိုပျက်ကွဲ"ဟူသော သတ်ပုံလာစကားရပ်ကို တန်ဆောင်မှုန်း၌ မှုန်းသည်ချေဖျက်ခြင်း၊ ချေမှုန်းခြင်းအဓိပ္ပာယ်ရှိသည်ဟု ဖော်ပြ၏။

ထို့ကြောင့် တန်ဆောင်မှုန်းလဆိုသည်မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးတို့ကို တောက်ပစေသောလ၊ ဆီမီးညှိထွန်းသောလ၊ အမိုက်မှောင်ကို မီးရှူးတန်ဆောင်ဖြင့် ဖျောက်လွင့်ချေမှုန်းသောလဟု အဓိပ္ပာယ်ရ၏။

ဤလတွင် ရက်ပေါင်း ၃၀ ရှိ၏။ နာရီအားဖြင့် နေ့ ၂၈ နာရီရှိ၏။ ညဉ့် ၃၂နာရီရှိ၏။ နေ့တာတို၏။ ညတာရှည်သောလဖြစ်၏။ ရာသီအလိုဗြိစ္ဆာခေါ်၏။ ကြတ္တိကာနက္ခတ်နှင့်စန်းယှဉ်ဖြည့်ကာ ကျီးတာရာထွန်းပ၏။ ရာသီရုပ်မှာ ကင်းမလက်မည်းပုံဖြစ်၏။

ကြတ္တိတာနက္ခတ်နှင့် စန်းယှဉ်သော တန်ဆောင်မုန်းလပြည့်နေ့တွင် ဆေးပင်အပေါင်းကို စောင့်သောနတ်တို့သည် မဲဇလီပင်စောင့်နတ်မင်းအား တညီတညွတ်တည်း အခစားလာရောက်ကြသည်ဆို၏။

ထို့အတွက်ကြောင့် မဲဇလီပင်သည် ဆေးပေါင်းခသည့်အပင်ဖြစ်သည်ဟု ရှေးအယူရှိကြ၏။ ရှေးဆေးကျမ်းကြီးများတွင် မဲဇလီဖူးသုပ်ကိုစားရခြင်းဖြင့် ရောဂါအန္တရာယ်မျိုး ၉၆ ပါး ကင်းစင်သည်ဟု ဖော်ညွှန်းပြဆိုထား၏။

"တောင်သူ့ရွှင်ပြုံးတန်ဆောင်မုန်း" ဟု စာဆိုနှင့်အညီ တန်ဆောင်မုန်းလသည် ကောက်စောစပါးများ မှည့်ဝင်းငိုက်တွဲကုန်ပြီဖြစ်၏။ ထို့ကြောင့် ကောက်ရိတ်သိမ်းမှုကို ပြုကြ၏။

"ခဝဲပွင့်ချိန်၊ ခင်းကထိန်" အစချီသော ကင်းဝန်မင်းကြီး၏ သံပေါက်လင်္ကာအရ တန်ဆောင်မုန်းလ၏ ရာသီပန်းမှာ ခဝဲပန်းဖြစ်၏။ ဤလတွင် ပွင့်သောပန်းမှာ နက္ခတ်ကြိုက်ပန်းဟုဆို၏။ တန်ဆောင်မုန်းလတွင် ထူးမြတ်စွာ ဆင်နွှဲရသည့်ပွဲမှာ ကထိန်ပွဲပင်ဖြစ်၏။

ကထိန်သည် ကထိန ဟူသောပါဠိကို မြန်မာမှုပြုကာ မြန်မာဝေါဟာရဖြင့် အသုံးပြုနေခြင်းဖြစ်သည်။ ကထိန်၏ အနက်အဓိပ္ပာယ်မှာ မြဲမြံခိုင်ခံ့ခြင်းဟူ၍ ဖြစ်သည်။ ဂေါတမဘုရားလက်ထက်တွင်ကား ပါဝေယျတိုင်းသား ဘဒ္ဒဝဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ကထိန်ခင်းခြင်းပေါ်ပေါက်ခဲ့၏။

ရဟန်းတော်များအား အဓိဋ္ဌာန်ဝင်သင်္ကန်းသုံးထည်တို့တွင် တစ်ထည်တည်းကိုးကား၍ မပင်မပန်းပေါ့ပါးရွှင်လန်းစွာ သွားလာနိုင်ကြရန်နှင့် သင်္ကန်းရှားပါးခြင်းမှ ကင်းဝေးကြစေရန် ကထိန်အလှူကို ဘုရားရှင်က ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။ ကထိန်အလှူသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်အတွင်း လှူဒါန်းရသော အလှူမျိုးဖြစ်သည်။ သို့ဖြစ်၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ခင်းခြင်းကိုပြုလုပ်ကြသည်။ အလှူရှင်က သဒ္ဓါပေါက်၍ လှူဒါန်းသော သင်္ကန်းသည်သာ ကထိန်ခင်းထိုက်သော သင်္ကန်းဖြစ်သည်။ သံဃာ့ဂုဏ်ကိုသာ အာရုံပြု၍ လှူဒါန်းရသည်။ ကထိန်သင်္ကန်း လှူဒါန်းခြင်းဖြင့် သွားလေရာအရပ်၌ ဘေးအန္တရာယ်ကင်းခြင်း၊ မိမိပိုင်ပစ္စည်းများကို ရန်သူမဖျက်ဆီးနိုင်ခြင်း၊ စားကောင်းသောက်ဖွယ်ပေါများ၍ အဆိပ်မသင့်ခြင်း၊ မိမိပိုင်ပစ္စည်းများ မေ့လျော့နေသော်လည်း မဆုံးပါးခြင်း၊ ပစ္စည်းဥစ္စာ အစုလိုက်အပြုံလိုက်ရရှိခြင်းနှင့် ရုပ်ဆင်းအင်္ဂါချောမောလှပခြင်းစသည့် အကျိုးကျေးဇူးတို့ကို ရရှိစေပါသည်။

မြူတိမ်ကင်းစင်သာယာကြည်နူးဖွယ်အတိပြည့်နေသော တန်ဆောင်မုန်းလပြည့်နေ့ တစ်ညတွင်ဖြစ်၏။

ဖခမည်းတော်ကိုသတ်ခဲ့မိသော အဇာတသတ်မင်းသည် အိပ်မပျော်သော ရောဂါဝေဒနာကို ခံစားနေရ၏။ သာယာမှုအပေါင်းပြည့်လျက်ရှိသော တစ်ညတွင် ထိုရောဂါမေ့နေခဲ့၏။ ဤသို့ အစဉ်အမြဲပြေပျောက်စေလို၍ မည်သို့သော သာမဏပြဟ္မဏကိုဆည်းကပ်၍ ကုစားရပါမည်နည်းဟု သမားတော်ကြီး ဇီဝကထံအကူအညီတောင်း၏။ သမားတော်ကြီး ဇီဝက အကူအညီဖြင့် အဇာတသတ်မင်းသည် မြတ်စွာဘုရားထံသို့ ရောက်သွားခဲ့သည်။

ဤတွင် မြတ်စွာဘုရားက အဇာတသတ်မင်းအား သာမညဖလတရားတော်ကို ဟောကြားတော်မူသည်။ ထိုသာမညဖလသုတ်ခေါ် ရဟန်းပြုခြင်းအကျိုးတရားတို့သည်ကား-

ရဟန်းပြုခြင်းဖြင့် (၁)မင်းခစားဘဝနှင့် မင်းပြစ်မင်းဒဏ်မှ ကင်းလွတ်ခြင်း (၂) အခွန်ထမ်းဆောင်မှုကင်းလွတ်ခြင်း (၃) ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံသဖြင့် အပါယ်ဘေးမှကင်းဝေးခြင်း (၄) ဒုစရိုက်ကို ရှောင်သဖြင့် ဒုစရိုက်ဒုက္ခမှကင်းလွတ်၍ စူဠသီလနှင့်ပြည့်စုံခြင်း (၅) ပွဲသဘင်အမျိုးမျိုး၊ ကစားပွဲအမျိုးမျိုး၊ မကောင်းသောစကားအမျိုးမျိုးတို့မှရှောင်ကြဉ်သဖြင့် ထိုဒုက္ခများမှကင်းလွတ်၍ ပဉ္စမသီလနှင့်ပြည့်စုံခြင်း (၆) နက္ခတ်၊ ဗေဒင်၊ ယတြာ၊ လက္ခဏာ၊ ဆေးကုခြင်းစသည်တို့မှ ရှောင်ကြဉ်သဖြင့် အာဇီဝပါရိ သုဒ္ဓိသီလနှင့်ညီညွတ်၍ မဟာသီလနှင့်ပြည့်စုံခြင်း (၇) ဣန္ဒြေခြောက်ပါး၌ အကုသိုလ်မဖြစ်အောင် စောင့်စည်းနိုင်ခြင်း၊ သတိနှင့်ပြည့်စုံခြင်း (၈) သမ္ပစဉ် (ဆင်ခြင်တုံ)တရားနှင့်ပြည့်စုံခြင်း (၉) သန္တောသ(ရောင့်ရဲခြင်း)ရှိခြင်း (၁၀) နီဝရဏ (ဈာန်အစရှိသော ကုသိုလ်တရားများကို တားမြစ်ပိတ်ပင်တတ်သော နီဝရဏတရား) ငါးပါးမှကင်းလွတ်ခြင်း (၁၁) ဈာန်တရားရနိုင်ခြင်း (၁၂) ဝိဇ္ဇာရှစ်ပါးနှင့်ပြည့်စုံ၍ မဂ်ဖိုလ်ရနိုင်ခြင်း အကျိုးတရားတို့ ဖြစ်ပေသည်။

သာမညဖလတရားတော်ကို နာကြားလိုက်ရသော အဇာတသတ်မင်းသည် ရောဂါဝေဒနာငြိမ်အေးပျောက်ကွယ်သွား၏။ ထိုမျှမက ခမည်းတော်ကို သတ်ခဲ့မိသော သူ၏အမှားကို ကြီးစွာနောင်တရခဲ့၏။ သတိတရားရခဲ့၏။ ဗုဒ္ဓသာသနာတော်ကို အသက်ပေးကြည်ညိုသူဖြစ်လာ၏။ ပထမသင်္ဂါယနာတင်၏။ နောင်တွင်မြတ်စွာဘုရား၏ ဓာတ်တော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့၏။ သို့ဖြစ်၍ ခမည်းတော်ကို သတ်သောအပြစ်ကြောင့် မဟာအဝီစိငရဲ၌ မခံရတော့ဘဲ အပြစ်ပေါ့သောလောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်းသာခံရတော့သည်။ နောင်တွင် ဝိဇိတာဝီအမည်ဖြင့် ပစ္စေကဗုဒ္ဓါဖြစ်ပြီး ကျွတ်တမ်းဝင်ပေတော့မည်။ ဤသို့ အမိုက်မှောင်များ ပျက်သုဉ်းခဲ့ရသော တန်ဆောင်မုန်းလပင်ဖြစ်၏။

တန်ဆောင်မုန်းလပြည့်နေ့ နက္ခတ်သဘင်ပွဲအချိန်အခါ သိဝိတိုင်း အရိဋ္ဌပုရမြို့တွင် သိဝိဘုရင်စိုးစံတော်မူနေစဉ် တိရိဋ္ဌိဝစ္ဆသူဌေးကြီးတွင် ဥမ္မာဒန္တီအမည်ရှိသမီးတစ်ဦးရှိလေသည်။ ဥမ္မာဒန္တီသည် အတိတ်ဆုတောင်းကောင်းမှုကြောင့် လှပတင့်တယ်သည်။ ချောမောသည်၊ မြင်ရတွေ့ရသောသူတို့သည် ကိလေသာဇောကြွလျက် သတိလက်လွတ်ဖြစ်ကြရသည်။ သူဌေးကြီးသည် သိဝိဘုရင်အား မိမိသမီးကို သိမ်းပိုက်တော်မူပါရန် လျှောက်ထားဆက်သသည်။ သိဝိဘုရင်သည် သူဌေးကြီး၏သမီးကို သိမ်းပိုက်ခြင်းမပြုသဖြင့် စစ်သူကြီးအဘိပါရကနှင့် အပ်နှင်းထိမ်းမြားပေးလိုက်သည်။ နက္ခတ်သဘင်ပွဲသို့ ဆင်နွှဲလှည့်လည်တော်မူလာသော သိဝိဘုရင်အား ဥမ္မာဒန္တီသည် မိမိအိမ်ရှေ့၌ထွက်၍ ပန်းဆက်သလေရာ ဥမ္မာဒန္တီ၏အလှ၌ယစ်မူးသွားခဲ့သည်။ သိဝိဘုရင် မင်းမြတ်ကြီးသည် သတိလက်လွတ် ကိလေသာဇောကြွလာကာ ရာဇက္ကန္ဒြေ မထိန်းချုပ်နိုင်အောင်ဖြစ်ခဲ့ရ၏။ ဤကား တန်ဆောင်မုန်းနက္ခတ်ပွဲနှင့် ပတ်သက်သော ငါးရာ့ငါးဆယ်ဇာတ်တော်လာပင်ဖြစ်၏။ ဇာတ်ပေါင်းသောအခါ သိဝိဘုရင်သည် ဘုရားရှင်ဖြစ်လာပြီး အဘိပါရကစစ်သူကြီးသည် အရှင်သာရိပုတ္တရာ၊ ဥမ္မာဒန္တီသည် ဥပ္ပလဝဏ္ဏ ထေရီတို့ ဖြစ်လာကြ၏။

အမိုက်မှောင်ပျက်ပြုန်း တန်ဆောင်မုန်းဆိုသည်နှင့်အညီ သာမညဖလတရားတော်ဟောကြားသည့်လ၊ မသိုးသင်္ကန်းလှူဒါန်းသည့်လ၊ မဲဇလီဖူးသုပ်ဝေငှသည့်လ၊ နောင်တရသည့်လ၊ ဥမ္မာဒန္တီသံဝေဂရသည့်ထူးခြားသော အခါသမယဖြစ်လျက် အမိုက်မှောင်ပျက်သုဉ်းသောလောကဓာတ်တစ်ခွင် တိမ်မြူစင်သော လရာသီဖြစ်၏။

ဥမ္မာဒန္တီ၏တောင်းခဲ့သော ဆုအကျိုးတရားသည်ကား ယောကျ်ားများကို ကိလေသာဇောကြွ ရူးသွပ်အောင် အလှတွင်စံတင်နိုင်ခဲ့ရသော်လည်း သူသည် စစ်သူကြီးကတော်သာဖြစ်သွားရသည်။ ဘုရင်၏မိဖုရားကား ဖြစ်မလာခဲ့ချေ။ သံသရာခရီးသည်သတ္တဝါဖြစ်သော ကုသိုလ်ရှင်ကောင်းမှုရှင် အသီးသီးတို့သည် မိမိတို့ကောင်းမှုကုသိုလ် အလှူအမျိုးမျိုးအတွက် အကျိုးတရားအမျိုးမျိုးတို့ကို ရရှိကြမည်ဖြစ်သော်လည်း မိမိတို့ လိုအပ်သော မွန်မြတ်သောဆုကို တောင်းကြစမြဲပင်ဖြစ်ကြ၏။ သို့သော်လည်း မည်သည့်အလှူဒါနမျိုးကိုမဆို သံသရာမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်း နိဗ္ဗာန်ကိုရည်ရွယ်မှန်း၍လှူဒါန်းခြင်းသည်သာ မြတ်စွာဘုရားရှင်ဟောကြားတော်မူသော တရားတော်နှင့်အညီဖြစ်ကြောင်း ဖော်ပြအပ်ပါ၏။

> **"တန်ဆောင်မုန်းလသည် ဆောင်း၏အငွေ့အသက်နှင့်အတူ မိုးလေကင်းစင်ကာ နက္ခတ်တာရာအစုံအလင် ထွန်းလင်းတောက်ပသည့် သာယာသောလအခါရာသီဖြစ်သည်။ တန်ဆောင်မုန်းလသည် တန်ဆောင်တိုင် မီးထွန်းပွဲ၊ ကထိန်အလှူပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပွဲ၊ မဲဇလီဖူးသုပ် ဝေငှသောပွဲ၊ သာမညဖလသုတ်တော် ဟောကြားတော်မူသည့် ပွဲဟူသော ထူးခြားသည့် ဝိသေသများနှင့် ပြည့်စုံသော လပင်ဖြစ်သည်။"**

သုခသိဒ္ဓိရပ်ကွက်၌ ကထိန်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် သန္တိသုခဓမ္မာရုံကြီး၌ ပထမအကြိမ် စုပေါင်းမဟာဘုံကထိန်ကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ပြီး အခမ်းအနားတွင် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများကဦးစီး၍ နိုင်ငံ့ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများ၊ အသင်းအဖွဲ့များနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များက ပင့်သံဃာများကို နေ့ဆွမ်းများဖြင့် ဆက်ကပ်လှူဒါန်းပြီး ပဒေသာပင် ၁၆ ခုတို့ကို ကျောင်းတိုက်များသို့ ပို့ဆောင်လှူဒါန်းခဲ့ကြသည်ဟု သိရသည်။ **ကိုပေါက်(ဥက္ကာမြေ)**

မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၉)သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ကြီးမှူးကျင်းပသည့် မြို့နယ်အဆင့် တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး လေ့ကျင့်ဌာန၌ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ်ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးချုပ်က တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် တရားရေးအရာရှိများအား တရားစီရင်ရေးရာနှင့် တရားရုံးစီမံခန့်ခွဲရေးရာ လုပ်ငန်းများတွင် အရည်အသွေးတိုးတက်မြင့်မားစေရန်နှင့် အမှုများကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်နည်းလမ်းတကျစစ်ဆေးနိုင်ရန် အရည်အချင်းပြည့်ဝသည့် တရားသူကြီးကောင်းများ ဖြစ်လာစေရန်ရည်ရွယ်ပြီး နှစ်စဉ် လေ့ကျင့်ရေးစီမံချက်များ ရေးဆွဲ၍ ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေးဟူသည့် တရားစီရင်ရေးမူများအတိုင်း ဆောင်ရွက်သွားရန် လိုကြောင်း၊ တရားရုံးများသည် တရားစီရင်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရန်အရေးကြီးကြောင်း၊ ထို့ကြောင့် တရားသူကြီးများ၊ တရားရေးအရာရှိများအနေဖြင့် လုပ်ငန်းကျွမ်းကျင်ရန်၊ အရည်အချင်းပြည့်ဝနေရန် အမြဲကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ကြောင်းနှင့် သင်တန်းက ပို့ချလိုက်သော သာဘာရပ်များကို အလေးထားမှတ်သားကြရန် မှာကြားသည်။

တက်ရောက်

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်ကော်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည်သူ့လွှတ်တော်အစည်းအဝေး

အမျိုးသားအားကစားပွဲတော်ကို (၄) နှစ်လျှင်တစ်ကြိမ်ကျင်းပနိုင်ရေး ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည်

နေပြည်တော် နိုဝင်ဘာ ၁၃

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို အစီအစဉ် (၁၄)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်၏ **နေပြည်တော်ရှိ အားကစားကွင်း/ရုံများအား မည်သို့ဆက်လက်အသုံးချသွားမည်နှင့် ကျောင်းသားအားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပသွားရန် အစီအစဉ်ရှိ/ မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပပြီးစီးသွားသည့် နောက်ပိုင်းကာလများတွင် တည်ဆောက်ထားရှိပြီးဖြစ်သည့် အားကစားကွင်း၊ အားကစားရုံများနှင့် အားကစားရွာတို့ကို အသုံးပြုပြီး အားကစားတက္ကသိုလ်တစ်ခုဖွင့်လှစ်ရေး

ဝက်လက် မဲဆန္ဒနယ်မှ သူရ ဦးအေးမြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

အတွက် စနစ်တကျစီမံချက်ရေးဆွဲကာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူ၍ လုပ်ငန်းအဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပထမအဆင့်အနေဖြင့် လက်ရှိတည်ဆောက်ထားပြီးဖြစ်သော အားကစားကွင်း၊ အားကစားရုံနှင့် အားကစားရွာတို့အား အသုံးပြုပြီး အားကစားနည်းများအလိုက် အကယ်ဒမီကျောင်းများ၊ လေ့ကျင့်ရေးစခန်းများအဖြစ် ဆက်လက်ထားရှိအသုံးပြုသွားမည်ဖြစ်ပြီး အားကစားနည်းများအလိုက် ကာလတိုနှင့် ကာလရှည်သင်တန်းများကို ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ Sports Complex အတွင်း အားကစားဝါသနာရှင်များ၊ နေ့စဉ် အားကစားလှုပ်ရှားမှုများ လာရောက်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဖန်တီးပေးသွားမည့်အပြင် နိုင်ငံတကာ အားကစားပြိုင်ပွဲများ၊ ပြည်တွင်းအားကစားပြိုင်ပွဲများကိုပါ လက်ခံကျင်းပပေးခြင်း၊ အားကစားသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားများကို စခန်းသွင်းလေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

နောင်လာမည့်နှစ်များတွင် ယခင်က အစဉ်အလာကြီးမားခဲ့သော အမျိုးသားအားကစားပွဲတော်ကို (၄)နှစ်လျှင်တစ်ကြိမ် ကျင်းပပြုလုပ်နိုင်ရေး နိုင်ငံတော်၏ ဦးဆောင်မှုကိုခံယူ၍ အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အားကစားအဆင့်အတန်း မြင့်မားလာစေရေးအတွက် အဆင့်မြင့်ပညာနှင့် အခြေခံပညာအဆင့်အလိုက် အားကစားပြိုင်ပွဲများကို ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအဆင့်ဆင့်၏ အနီးကပ်လမ်းညွှန်မှုနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းကူညီမှုကို ရယူလျက် ချမှတ်ထားသည့် ရည်မှန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည် ဖြေကြားခဲ့သည်။

ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **ပြည်ထောင်စုအစိုးရအဖွဲ့ ဆပ်ကော်မတီ (၂၆)ခု၏ တာဝန်ဝတ္တရားများ၊ ကော်မတီ အသီးသီးတွင် တာဝန်ယူမည့်ဥက္ကဋ္ဌများ၊ အဆိုပါဆပ်ကော်မတီများနှင့် ပြည်သူ့လွှတ်တော်ရေးရာကော်မတီများ၏ဆက်သွယ်မည့်စနစ်စသည်များကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက Cabinet Sub-Committee/Delivery Unit များကို နိုင်ငံတော်၏မူဝါဒလုပ်ငန်းစဉ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်၊ အစိုးရအဖွဲ့နှင့် လွှတ်တော်အကြား ကော်မတီချင်းဆွေးနွေးညှိနှိုင်းရန်၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပြည်သူများနှင့် လုပ်ငန်းကဏ္ဍအလိုက် အမြင်သဘောထားရယူဆွေးနွေးညှိနှိုင်းရန်၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပပညာရှင်များနှင့်လုပ်ငန်းကဏ္ဍအလိုက် အမြင်ချင်းဖလှယ်ဆွေးနွေးညှိနှိုင်းရန်၊ မိမိတို့တာဝန်ယူရသော လုပ်ငန်းကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားလိုအပ်ချက်များ သိရှိအကောင်အထည်ဖော်နိုင်ရန် လေ့လာဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

အစိုးရအဖွဲ့ဆပ်ကော်မတီများအနေဖြင့် အစိုးရအဖွဲ့တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်လ ၃၀ အတွင်း လုပ်ငန်းကဏ္ဍအလိုက် သိသာထင်ရှားသော တိုးတက်မှုအကျိုးရလဒ်ရအောင် ဆောင်ရွက်ရာ၌ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအကြား အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းရန်လည်းကောင်း၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းရေး တာဝန်သာမက တိုးတက်မှုအကျိုးရလဒ်ရအောင် ဆောင်ရွက်ရာ၌ အတားအဆီး၊ အခက်အခဲဖြစ်နေသည့် ပြဿနာကိစ္စရပ်များ ဖြေရှင်းကျော်လွှားနိုင်ရေး ညှိနှိုင်းဖြေရှင်းသည့် တာဝန်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ အထက်ပါတာဝန်အရပ်ရပ်ကို မြေပြင်ဆင်း၍

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဖြေကြားစဉ်။ (သတင်းစဉ်)

အကောင်အထည်ဖော်နိုင်ရန် အစိုးရအဖွဲ့ဆပ်ကော်မတီများအား ဖွဲ့စည်းလိုက်ခြင်းဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် Delivery Unit အဖြစ် ပူးတွဲဆောင်ရွက်ရမည့်အပြင် လွှတ်တော်ကော်မတီအသီးသီးနှင့် ဆွေးနွေးညှိနှိုင်းရမည့်ကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းရမည့်ကိစ္စရပ်များအား အဖွဲ့စနစ်ဖြင့် လျင်မြန်သွက်လက်ထိရောက်စွာ ဆောင်ရွက်သွားရန် တာဝန်ပေးအပ်ထားခြင်းဖြစ်ပါကြောင်း။

လွှတ်တော်ကော်မတီအသီးသီးက ဆိုင်ရာကဏ္ဍအလိုက် ဥပဒေပြုစုခြင်းနှင့် အစိုးရဌာနများ၏ လုပ်ငန်းကဏ္ဍများ ဆွေးနွေးညှိနှိုင်းခြင်းတို့ပြုလုပ်ရာ၌ ဌာနကိုယ်စားလှယ်အချို့သာ သွားရောက်ဆွေးနွေးခဲ့ပြီး ပြန်လည်တင်ပြ အကောင်အထည်ဖော်မှု အပိုင်းတွင် အားနည်းလျက်ရှိသောကြောင့် အစိုးရနှင့် လွှတ်တော်ဆက်ဆံဆောင်ရွက်မှု ပိုမိုအဆင်ပြေချောမွေ့စေရန် အစိုးရအဖွဲ့ဆပ်ကော်မတီများက သွားရောက်တွေ့ဆုံဆွေးနွေးပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ကော်မတီတွင် ပြန်လည်တင်ပြဆွေးနွေးညှိနှိုင်း၍ နိုင်ငံတော်သမ္မတထံတင်ပြခြင်း၊ အစိုးရအဖွဲ့ကအစည်းအဝေးသို့ ဆက်လက်တင်ပြခြင်းများ ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ရေးရာကော်မတီများအနေဖြင့် အဆိုပါဆပ်ကော်မတီများအသီးသီးသို့ Fax, e-mail, Phone ဖြင့် တိုက်ရိုက်ဆက်သွယ်ညှိနှိုင်းဆွေးနွေးနိုင်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဆပ်ကော်မတီအသီးသီးတွင် တာဝန်ယူမည့်ဥက္ကဋ္ဌများ၊ ဆက်သွယ်ရမည့် လိပ်စာ၊ ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်နှင့် အီးမေးလ်လိပ်စာတို့ကို အောက်တိုဘာ ၁၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပြီးဖြစ်သည်။

ထို့ပြင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **မြန်မာတစ်နိုင်ငံလုံးက ကြည်ညိုလေးစားပြီး ကမ္ဘာကပါလေးစားခံရသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံများဖြင့် ငွေစက္ကူများ၏တန်ဖိုးအသီးသီးတွင် ယခင်ခေတ်အဆက်ဆက်ကအတိုင်း ပြန်လည်အစားထိုး ထုတ်ဝေပေးရန် ဤလွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နောက်ထပ်ငွေစက္ကူများ ထပ်မံထုတ်ဝေရန်ရှိသည့်အခါ ထင်ရှားသော နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံ၏ထင်ရှားသောအဆောက်အအုံများ၊ ရှုခင်းများ၊ အထိမ်းအမှတ်ပုံများ စသည်ဖြင့် အခြေအနေ၊ အချိန်အခါနှင့် လိုက်လျောညီထွေရှိမည့်ပုံများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထည့်သွင်းရိုက်နှိပ်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိမည် ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အလားတူ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက **ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက လက်ရှိကျင့်သုံးနေသည့်ဥပဒေသည် အခြားဒီမိုကရေစီနိုင်ငံများနည်းတူ ရေးဆွဲထားသောဥပဒေဖြစ်ပြီး ဖွဲ့စည်းပုံ

စာမျက်နှာ ၈ ကော်လံ ၄ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းများ နောက်ကျင်းပမည့်လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရန် ရွှေ့ဆိုင်း

နေပြည်တော် နိုဝင်ဘာ ၁၃

ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွှန့်တင်၏ **မြန်မာနိုင်ငံတွင် BALLOONS OVER BAGAN ကဲ့သို့ မိုးပျံဘောလုံးများဖြင့် ခရီးသွားများကို ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဆောင်ရွက်နေကြရာတွင် မိုးပျံဘောလုံး၏ (SAFETY) လုံခြုံစိတ်ချရမှု၊ မိုးပျံဘောလုံး မောင်းနှင်သူများ၏ အရည်အသွေးစစ်ဆေးခြင်းများအတွက် မည်ကဲ့သို့အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စိုင်းကျော်အုန်းမှ မြန်မာနိုင်ငံတွင် Hot Air Balloon ပျံသန်းမောင်းနှင်နိုင်ရန် အပြည်ပြည်ဆိုင်ရာ မြို့ပြ လေကြောင်းအဖွဲ့ဝင် (Civil Aviation Authority) တစ်ခုခုမှ ထုတ်ပေးထားသည့် လိုင်စင်အပေါ် အခြေခံ၍ ယာယီပျံသန်းခွင့်လက်မှတ် (Validation Certificate) ကို ထုတ်ပေးလျက်ရှိပါကြောင်း။

ထုတ်ပေးခြင်းမပြုမီ စိစစ်မှုအပိုင်းအနေဖြင့် မူလလိုင်စင်ထုတ်ပေးထားသည့် သက်ဆိုင်ရာ (Civil Aviation Authority)နှင့် တိုက်ရိုက်ဆက်သွယ်ပြီး လျှောက်ထားလာသည့် လေယာဉ်မှူး၏ လိုင်စင်သက်တမ်း၊ ဆေးသက်တမ်း၊ ဘာသာစကားကျွမ်းကျင်မှုအစရှိသည့်လိုအပ်သောအချက်အလက်များကိုမေးမြန်းပြီး ပြည့်စုံမှန်ကန်မှုနှင့် သက်တမ်းရှိမှုတို့အပေါ် အခြေခံ၍စိစစ်ပြီးမှသာ အဆိုပါ ယာယီပျံသန်းခွင့်လက်မှတ် (Validation Certificate)ကို ထုတ်ပေးလျက်ရှိပါကြောင်း။

ပို့ဆောင်ရေး လုပ်ငန်းလိုင်စင် ဆက်လက်ထုတ်ပေးရာတွင်လည်း ကော်မရှင်၏ခွင့်ပြုမိန့်၊ လေကြောင်းညွှန်ကြားမှုဦးစီးဌာန၏(Air Operator's Certificate) အထောက်အထားများ၊ လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီ၏တရားဝင်ဖွဲ့စည်းထားရှိမှု၊ ကုမ္ပဏီ၏တာဝန်ရှိ ဒါရိုက်တာများစာရင်း၊ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်နှင့် စျေးနှုန်းများကိုစိစစ်ပြီးမှသာ လုပ်ငန်းလိုင်စင်ကို ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ဒုတိယဝန်ကြီး ဒေါက်တာ စိုင်းကျော်အုန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ပုဂံတွင် ရွှေလေတံခွန်ခရီးသွားလုပ်ငန်းကုမ္ပဏီမှ မိုးပျံဘောလုံးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး ထပ်မံ၍ ကုမ္ပဏီသုံးခုမှ မန္တလေး၊ အင်းလေးနှင့် ပုဂံဒေသများတွင် အဆိုပါ မိုးပျံဘောလုံး လုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ကို တင်ပြလျှောက်ထားကြကြောင်း၊ ရွှေလေတံခွန်ကုမ္ပဏီအနေဖြင့် မိုးပျံဘောလုံးလုပ်ငန်းကို ၁၉၉၉ ခုနှစ်မှစ၍ ပုဂံတွင် Balloons Over Bagan အမည်ဖြင့် ဆောင်ရွက်ခဲ့ရာ ၁၄ နှစ်တွင်း ခရီးသည် ၅၀၉၄၇ ဦး စုစုပေါင်းဝင်ငွေ အမေရိကန် ဒေါ်လာ ၁၂ သန်းရရှိခဲ့ပါကြောင်း၊ တစ်နှစ်ပျမ်းမျှ ခရီးသွားဧည့်သည် ၃၆၀၀ ခန့် စီးနင်းသည်ကို တွေ့ရှိရပါကြောင်း။

မိုးပျံဘောလုံးလုပ်ငန်းဖြင့် ခရီးသွားများကို ဝန်ဆောင်မှုပေးသည့် လုပ်ငန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနမှ လုပ်ငန်းတွင်အသုံးပြုမည့် ပစ္စည်းများ၊ ကိုင်တွယ်အသုံးပြုမည့်သူများနှင့် ပြုပြင်ထိန်းသိမ်းမည့်သူများကိုစနစ်တကျစစ်ဆေးဆောင်ရွက်ပြီးမှသာ လုပ်ကိုင်ခွင့်ပေးအပ်ခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက **ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွှန့်တင် မေးမြန်းစဉ်။ (သတင်းစဉ်)

များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တို့နှင့်စပ်လျဉ်း၍ **ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ**ကို လက်ရှိဘဏ္ဍာရေးအခြေအနေအရ ထိုက်သင့်သည့် နှုန်းထားများကို ပြည်ထောင်စုအစိုးရ အဖွဲ့ကပြုစု၍ လွှတ်တော်သို့ တင်ပြရန်ဖြစ်ကြောင်း၊ တင်ပြလာသည့်အချိန်တွင် ယင်းဥပဒေကြမ်းများကို ဆွေးနွေးဆုံးဖြတ်မည်ဖြစ်ကြောင်းနှင့် နောက်ကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် ယင်းဥပဒေကြမ်းများကို ဆွေးနွေးဆုံးဖြတ်ရန် ရွှေ့ဆိုင်းကြောင်း ကြေညာသည်။

လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **သတင်းမီဒီယာ ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါကြောင်း၊ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့သော ပြင်ဆင်ချက်ကို ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာပြီး အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင်ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံခြားသံတမန်များ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်မှုလှည့်လည်ကြည့်ရှု

ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ ယာယီကယ်ဆယ်ရေးစခန်းရှိ စာသင်ကျောင်းသို့သွားရောက်၍ ကလေးငယ်များအား ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၃

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတို့သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး Mr. Derek Milchell၊ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး Mr. Christoph Burgener၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များနှင့်အတူ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နံနက် ၉ နာရီတွင် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့အား စစ်တွေလေဆိပ်ဧည့်ခန်းမ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ ပြည်နယ်အတွင်း လူအုပ်စုနှစ်စုကြား ပဋိပက္ခဖြစ်စဉ်ဖြစ်ပွားခဲ့မှုနှင့် ပြန်လည်တည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားရာ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ သံအမတ်ကြီးများနှင့် အဖွဲ့သည် စစ်တွေလေဆိပ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ စစ်တွေမြို့နယ် ခေါင်းဒုက္ခာယာယီကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး စခန်းသို့ ရောက်ရှိနေထိုင်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ အမေရိကန်နှင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးများက ရခိုင်ဒေသပဋိပက္ခဖြစ်စဉ်များကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများအား တတ်နိုင်သမျှ ပံ့ပိုးကူညီပေးနိုင်ရေးအတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဒေသခံများ၏ ထပ်မံလိုအပ်ချက်များအပေါ် မျက်မြင်ကိုယ်တွေ့သိမြင်နားထောင်၍ အကူအညီပေးသွားမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းအခက်အခဲများ၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယာယီ ကယ်ဆယ်ရေးစခန်း၌ နေထိုင်သူများက နေထိုင်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ထပ်မံဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကို အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် သံအမတ်ကြီးများ၊ ကိုယ်စားလှယ်များက ဖြည့်ဆည်းပေးနိုင်သည့် အချက်များအား ပြန်လည်ဆွေးနွေးခြင်းနှင့် သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာမေးမြန်းဆွေးနွေးခြင်းတို့ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ရခိုင်ပြည်နယ်အတွင်း ယာယီကယ်ဆယ်ရေးစခန်းတွင် နေထိုင်သူများအတွက် အိမ်ထောင်စု လူဦးရေစာရင်းကောက်ယူရေးနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်း ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ယာယီကယ်ဆယ်ရေးစခန်းရှိ စာသင်ကျောင်းသို့ သွားရောက်၍ ကလေးငယ်များအား ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် သံအမတ်ကြီးများသည် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်သို့ သွားရောက်၍ ဒေသခံပြည်သူများအား တွေ့ဆုံကြရာ ရှေးဦးစွာ သံအမတ်ကြီးများက လုပ်ငန်းလိုအပ်ချက်များ ပံ့ပိုးကူညီပေးစေလိုသည့် အချက်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးကြရန် ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒေသခံများက စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး၊ နေထိုင်သွားလာရေးဆိုင်ရာ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့်အချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အိမ်ထောင်စု လူဦးရေစာရင်းနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သံအမတ်ကြီးက သိရှိလိုသည်များကို ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများအား နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၉၃)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ★ အမျိုးသားပညာရည်မြင့်မားရေး၊
- ★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

(၉၃)နှစ်မြောက် အမျိုးသားနေ့

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်

(၂၇-၁၁-၂၀၁၃)

နေပြည်တော်ဆိုင်ကယ်ဈေးကွက် အရောင်းအဝယ်သွက်

သတင်း၊
ဓာတ်ပုံ-ကိုမျိုး (ရွှေပေါက်ကံ)

နေပြည်တော် နိုဝင်ဘာ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မော်တော်ဆိုင်ကယ်ဈေးနှုန်းများ ပွင့်လင်းရာသီတွင် ဈေးအတက်အကျမရှိဘဲ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း ပျဉ်းမနားမြို့ အရောင်းပြခန်း၊ ဆိုင်များမှ အရောင်းတာဝန်ခံများနှင့် အရောင်းအဝယ် အကျိုးဆောင်များထံမှ သိရသည်။

ရုံးများအခြေစိုက် နေပြည်တော်တွင် မော်တော်ဆိုင်ကယ်သည် မရှိမဖြစ် အသုံးဝင်သောယာဉ်ဖြစ်သည်။ နေပြည်တော် ဖွံ့ဖြိုးစည်ကားလာသည်နှင့်အမျှ ရုံးဌာနများရှိရာသို့ သွားလာရာတွင်လည်း လွယ်လင့်တကူ သွားလာနိုင်ရန် ဆိုင်ကယ်ကိုအသုံးပြုရသည်။

မော်တော်ဆိုင်ကယ်ဈေးနှုန်းများမှာ အမျိုးအစားများအလိုက် ရောင်းဝယ်နေကြောင်းနှင့် လိုင်စင်ပါဆိုင်ကယ်များ အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။ နေပြည်တော် ပျဉ်းမနားမြို့တွင် မော်တော်ဆိုင်ကယ်အသစ် အရောင်းပြခန်း (၁၇)ဆိုင်ခန့်ရှိပြီး မော်တော်ဆိုင်ကယ် ပွဲစားတန်း သုံးခုရှိကြောင်း သိရှိရသည်။

ပျဉ်းမနားမြို့ ဆိုင်ကယ်အရောင်းပြခန်းများတွင် ကန်ဘို၊ လော့ဂျား၊ ယန်တီ၊ ရင်ဇင်း အစရှိသော ၃၅ယ/--- လိုင်စင်ဆိုင်ကယ်များ ရောင်းချနေကြောင်းသိရသည်။ ယခုလအတွင်း ကန်ဘို (110)

ပျဉ်းမနားမြို့ရှိ မော်တော်ဆိုင်ကယ်အရောင်းပြခန်းတစ်နေရာ။

၃၅ယ/--ကို ငွေကျပ် ၅၆၀၀၀၀၊ လော့ဂျား (110) ၃၅ယ/ --- ကိုငွေကျပ် ၅၆၀၀၀၀၊ ယန်တီ Wave ၃၅ယ/---ကို ငွေကျပ် ၅၆၀၀၀၀၊ ရင်ဇင်း(110) ၃၅ယ/---ကိုငွေကျပ် ၄၉၀၀၀၀ ဈေးများနှင့်ရောင်းချနေပြီး အခြားအမျိုးအစား အမည်သစ်ဆိုင်ကယ်များကို အင်ဂျင် (110) CC ဆိုလျှင် ငွေကျပ် ၄၀၀၀၀၀ ဝန်းကျင်ခန့်နှင့် အင်ဂျင် (125) CC CZi, ရုပ်ဆိုး အစရှိသော ဆိုင်ကယ်များကိုငွေကျပ် ၄၇၀၀၀၀ ဈေးနှုန်းများနှင့် အရောင်းပြခန်းများက ရောင်းချနေကြောင်း သိရသည်။

"ဆိုင်တွေ မြို့ပေါ်မှာ များနေတာနှင့်အမျှ တစ်ဆိုင်နှင့်တစ်ဆိုင် ဈေးကို အဆင်ပြေသလိုရောင်းချနေကြပါတယ်။ ဈေးနှုန်းကိုတော့ အတတ်နိုင်ဆုံး လျှော့ချရောင်းပေးရတဲ့ စနစ်ကို ဆိုင်တွေတော်တော်များများ ကျင့်သုံးလာနေရပါပြီ၊ ဒီဈေးရမှ ရောင်းမယ်ဆိုလို့မရတော့ဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ မြို့ပေါ်မှာ ဆိုင်တွေကများလာပြီလေ" ဟု အရောင်းပြခန်းတစ်ခုမှ တာဝန်ခံတစ်ဦးက ပြောကြားသည်။

ပွဲစားတန်းမှ ဝါရင့်အရောင်းအဝယ်တစ်ဦးကလည်း "ကျွန်တော်တို့ ပျဉ်းမနားမြို့ပေါ်မှာ ဆိုင်ကယ်အရောင်းပြခန်း များစွာရှိသလို အခုလို ပွဲစားတန်းလည်း သုံးခုလောက်ရှိသေးတယ် ။ အခုလက်ရှိတော့ ရွာကောက်ပွဲစားတန်းက အစည်ကားဆုံးပေါ့။ အခုပွင့်လင်းကာလမှာ ဆိုင်ကယ် ရောင်းအားဟာလည်း မြို့ပေါ် အရောင်းပြခန်းတွေမှာ တစ်ရက်သုံးလေးစီး ရောင်းနေရသလို ကျွန်တော်တို့ ရွာကောက် ပွဲစားတန်းမှာလည်း ငွေကျပ်နှစ်သိန်းမှ သုံးသိန်းငါးသောင်းဝန်းကျင်ခန့် ဆိုင်ကယ်တွေ တစ်ရက်ကို ငါးစီး ခြောက်စီးလောက် ရောင်းနေရတယ်" ဟု ဒေသခံ ဝယ်/ရောင်း တစ်ဦးကပြောသည်။

စလစ်ဈေးများပြန်ကျလာတဲ့ မန်းကားဈေးကွက်

မန္တလေး နိုဝင်ဘာ ၁၃

မန္တလေးကားဈေးကွက်တွင် အပ်ကားများကို မော်ဒယ်အလိုက် လက်ခံမည့်သတင်းကြောင့် စလစ်ဈေးနှုန်းများကျဆင်းလာကာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကားဝယ်ရောင်းဈေးကွက်မှ သိရသည်။

ယခင်အပ်ကားများကို အက္ခရာအစဉ်အလိုက် လက်ခံနေရာမှ ကားမော်ဒယ်အလိုက် ပြောင်းလဲလက်ခံမည့် သတင်းထွက်ပေါ်လာပြီးနောက်ပိုင်းတွင် စလစ်ဈေးများ အနည်းငယ်ကျဆင်းသွားခြင်းဖြစ်ကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

"ဒီလိုမော်ဒယ်အလိုက် လက်ခံပေးလိုက်တဲ့အတွက် အရင်လိုအချိန်ကြန့်ကြာမှုမရှိနိုင်တော့ဘူး။ ဒါကြောင့် စလစ်ဈေးနှုန်းလည်း အနည်းငယ်ကျသွားတာပါ။ မူဝါဒအတိအကျထုတ်ပြန်ထားတာ မရှိတဲ့အတွက် ပြောင်းလဲလာတဲ့ အခြေအနေပေါ်မူတည်ပြီး အရောင်းအဝယ်လုပ်နေကြရတယ်" ဟု ၎င်းက ပြောကြားသည်။

လက်ရှိအချိန်တွင် ခရီးသွားရာသီဖြစ်သောကြောင့် တိုရိုတာခရောင်းကားများနှင့် အာရာဖတ်ကားအမျိုးအစားများ ဈေးကွက်အတွင်း အရောင်းအဝယ်သွက်လျက်ရှိပြီး ဈေးနှုန်းပိုင်းအနေဖြင့် ၂၀၀၂ မော်ဒယ်တိုရိုတာခရောင်းကားသည် ကျပ်သိန်း ၂၀၀ ဝန်းကျင်နှင့်အာရာဖတ်ကားသည် ငွေကျပ် သိန်း ၂၃၀ ခန့်ရှိကာ မော်ဒယ်နိမ့်အောက်ကားများသည်လည်း ကျပ်သိန်း ၇၀ မှ ၇၅၀ ဝန်းကျင်ရှိသည်။

အရောင်းအဝယ်ဖြစ်

ယခုရက်ပိုင်းအတွင်း နိုင်းနိုင်းကားအမျိုးအစားများမှာ ဈေးအနည်းငယ် ကျဆင်းလာပြီး အဆိုပါ ကားအမျိုးအစားတွင် ယ နှင့် င အက္ခရာများမှာ ကျပ်သိန်း ၁၄၀နှင့် ၁၄၅ သိန်းကြား၊ စူပါကာစတန် ကားအမျိုးအစားသည် ကျပ် ၁၂၅ သိန်းမှ ၁၃၀ ခန့်နှင့် လိုက်ထရပ်(ဇုန်ထုတ်)ကားသည် ကျပ်သိန်း ၉၀ မှ ၁၀၀ ဝန်းကျင်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အနှစ် ၂၀သက်တမ်းရှိသည့်ကားများကို အမြန်ဆုံး အပ်ကားအဖြစ် လက်ခံဖျက်သိမ်းပြီး နိုင်ငံတကာစံချိန်မီကားများနှင့် အစားထိုးပြောင်းလဲသင့်ပါကြောင်း၊ ယာဉ်အို၊ ယာဉ်ဟောင်းများကိုလည်း အမြန်ဆုံးဖျက်သိမ်းမှသာလျှင် ယာဉ်ကြောပိတ်ဆို့မှု အခက်အခဲကိုလည်း အလိုအလျောက်ဖြေရှင်းပေးနိုင်မည် ဖြစ်ကြောင်း ဝါရင့်ကားဝယ်ရောင်းကျွမ်းကျင်သူတစ်ဦးက အကြံပြုသုံးသပ်ပြောကြားသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပြည်သူ့လွှတ်တော်မှ

အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများအရ ဆန့်ကျင်မှုမရှိသည်ကိုစိစစ်တွေ့ရှိရသည့်အတွက် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသင့်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြပြီးလွှတ်တော်က လက်ခံဆွေးနွေးရန် အတည်ပြုဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကိုယ်စား ဘီးလင်းမဲဆန္ဒနယ်မှဒေါက်တာ စိုးမိုးအောင်က **အမျိုးသားလွှတ်တော်က ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အလျင်အမြန်ပြဋ္ဌာန်းရန် အရေးကြီးလိုအပ်ပါသဖြင့် ပြည်သူ့လွှတ်တော်က ယနေ့အစည်းအဝေးတွင် အတည်ပြုပေးနိုင်ရန်** အရေးကြီးအဆိုကို တင်သွင်းခဲ့ပြီး လွှတ်တော်က ပြင်ဆင်ချက်အဆိုများနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးကာ ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ပြီး အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

လျှပ်စစ်ဓာတ်အားခတိုးမြှင့်ခြင်းကို ၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အကုန် ၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အစသို့ စိစစ်ပြီး ပြောင်းလဲကောက်ခံသွားမှာဖြစ်

ယမန်နေ့က ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဓာတ်အားခများ တိုးမြှင့်သတ်မှတ်ရေးအပေါ် ပြန်လည်သုံးသပ်ရန်တိုက်တွန်းကြောင်း အဆိုနှင့်ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက သွားရောက်ရှင်းလင်းတင်ပြခဲ့သည်ကို ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထုတ်လွှင့်ခဲ့ပြီးဖြစ်ပါသည်။

ထိုရှင်းလင်းတင်ပြချက်များအနက်မှ အချက်အလက်အချို့ကို ပြည်သူများ ရှင်းလင်းမြင်သာစွာ သိရှိနိုင်စေရေးအတွက် သတင်းအဖွဲ့က ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား နိုဝင်ဘာ ၁၃ ရက်နေ့ မွန်းလွဲပိုင်းတွင် သွားရောက်တွေ့ဆုံပြီး မေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ပါသည်-

မေး။ ။ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ဖို့ နိုင်ငံအတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာရောက်လုပ်ကိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီလို လာရောက်ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် လက်ရှိမြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားခနှုန်းထားနဲ့ပတ်သက်ပြီး နိုင်ငံတကာက အကြံပြုချက်တွေကို ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ။ မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံဖို့နဲ့ပတ်သက်ပြီး နိုင်ငံတကာက အကြံပြုခဲ့တာတွေ ရှိပါတယ်။ အဲဒီအနက်မှာ ၂၀၁၃ ခုနှစ် ဇွန်လ ၅ ရက်နေ့မှာ နေပြည်တော်မှာ ကျင်းပပြုလုပ်တဲ့ World Economic Forum မှာ ဆွေးနွေးခဲ့တဲ့ အချက်တွေအရ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကရေးသားခဲ့တဲ့ New Energy Architecture Myanmar စာအုပ်မှာ လျှပ်စစ်ကဏ္ဍနဲ့ ပတ်သက်ပြီး အကြံပြုချက်တွေ တော်တော်များများပြုခဲ့ပါတယ်။ ပုဂ္ဂလိက ပါဝင်မှုမှာ အစိုးရက ထောက်ပံ့ပေးရမှု (Subsidies) အနေနဲ့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများမှာ အစိုးရက ထောက်ပံ့ပေးနေရတာတွေကို တဖြည်းဖြည်းချင်း ဖယ်ရှားသွားသင့်တယ်၊ အားသာချက်တွေအနေနဲ့ အစိုးရရဲ့ အသုံးစရိတ်ကိုသိသာစွာ လျှော့ကျသွားစေမယ်၊ ကုမ္ပဏီတွေက ပိုမိုထိရောက်ကောင်းမွန်တဲ့ နည်းလမ်းနဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးတာတွေကို အားပေးရာရောက်တယ်ဆိုပြီး ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်ကလည်း အကြံပြုခဲ့ပါတယ်။ အဲဒီလို အကြံပြုသလိုပဲ မြန်မာနိုင်ငံမှာ ရှိတဲ့ သံရုံးအချို့၊ အဓိကကတော့ အနောက်နိုင်ငံသံတမန်တွေ၊ သံရုံးတွေက ပုဂ္ဂလိကကဏ္ဍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်လာဖို့နဲ့ ပတ်သက်ပြီး အကြံပြုပါတယ်။ အဲဒီအကြံပြုချက်တွေအနက်က အချို့အချက်လေးတွေကို ကောက်နုတ်ပြီးတင်ပြရမယ်ဆိုရင် နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရင် ဓာတ်အားသုံးစွဲမှုတွေ သိသိသာသာ တိုးတက်လာမှာဖြစ်တယ်။ ဒါကို စီမံချက်ချဆောင်ရွက်ရန် လိုတယ်၊ ဓာတ်အားသုံးစွဲမှုနဲ့ဓာတ်အားရရှိမှု (Supply and Demand) ကွာခြားမှုဟာ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိက ကန့်သတ်ချက်လည်း ဖြစ်နေတယ်၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာမှာ ရင်းနှီးမြှုပ်နှံမှုကို အဓိကဆွဲဆောင်နိုင်တဲ့ အချက်ကတော့ လျှပ်စစ်ဓာတ်အားရောင်းဝယ်တဲ့စာချုပ် (PPA) ဖြစ်တယ်လို့ ပြောပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား သတင်းအဖွဲ့ တွေ့ဆုံမေးမြန်းစဉ်။

အစိုးရနဲ့ ကုမ္ပဏီတွေကြားမှာ PPA ကို အဆုံးမသတ်နိုင်ဖြစ်နေတယ်ဆိုတာကို သူတို့ သတိပြုမိတယ်၊ အဲဒီ PPA အဆုံးသတ်ဖို့ ကြန့်ကြာနေတယ်။ ကြန့်ကြာနေတဲ့ အကြောင်းရင်းက ကျွန်တော်တို့နိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံမယ့်၊ အရှေ့၊ အနောက်နိုင်ငံများရဲ့ ရေရှည်ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက် အဟန့်အတားတွေ ဖြစ်နေပါတယ်၊ လာမယ့်နှစ်နွေရာသီမတိုင်မီမှာ လျှပ်စစ်ဓာတ်အား အခုထက်ပိုမိုသုံးစွဲနိုင်ဖို့အတွက် ကျွန်တော်တို့ အစိုးရအနေနဲ့ ဖြေရှင်းပေးသင့်ပါတယ်ဆိုပြီး ကောင်းတဲ့အကြံဉာဏ်တွေ ပေးခဲ့ပါတယ်။

မေး။ ။ မီတာခ တိုးမြှင့်ကောက်ခံရခြင်းနဲ့ ပတ်သက်ပြီး အခုလိုထုတ်ပြန်မကြေညာမီမှာရော၊ ထုတ်ပြန်ကြေညာပြီးနောက်ပိုင်းမှာရော လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ရှိသူတွေအနေနဲ့ နိုင်ငံတစ်ဝန်းမှာ ပြည်သူတွေ၊ စက်မှုလုပ်ငန်းရှင်တွေကို သွားရောက်ရှင်းလင်းဆွေးနွေးခဲ့တာတွေရှိခဲ့တယ်လို့ သိရပါတယ်။ အဲဒီလို တွေ့ဆုံဆွေးနွေးတဲ့အခါ ပြည်သူတွေ၊ စက်မှုလုပ်ငန်းရှင်တွေဘက်က ပြန်လည်ဆွေးနွေးတင်ပြခဲ့တာတွေနဲ့ ပတ်သက်ပြီး ဘယ်လိုရှိတယ်ဆိုတာ ပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ ။ **လျှပ်စစ်ဓာတ်အားခ ပြင်ဆင်ပြောင်းလဲကောက်ခံရေးနဲ့ ပတ်သက်ပြီး အမှန်တိုင်း ပြောရရင် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး တစ်ကြိမ် လျှပ်စစ်ဓာတ်အားခတိုးပါတယ်။ အဲဒီအချိန်တုန်းက အိမ်သုံး ၂၅ ကျပ်ကို ၃၅ ကျပ်သို့ ပြောင်းပါတယ်။ စက်မှုသုံး ၅၀ ကျပ်ကို ၇၅ ကျပ်သို့ ပြောင်းပါတယ်။ အဲဒီကာလကတည်းက အိမ်သုံး ၂၅ ကျပ်ကို ၅၀ ကျပ်ပြောင်းဖို့၊ စက်မှုသုံး ၅၀ ကျပ်ကို ၁၀၀ကျပ် ပြောင်းဖို့ ရည်ရွယ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အစိုးရအဖွဲ့က တစ်ကြိမ်တည်း အဲဒီလို နှစ်ဆကြီးမတိုးနဲ့ ၊ ပြည်သူတွေလည်း ပေးရတာ အဆင်ပြေအောင် တစ်ဆင့်တစ်ဆင့် တိုးတာကောင်းတယ်၊ တစ်နှစ်တစ်နှစ်နဲ့ တစ်နှစ်ချင်းလောက်ပဲ လိုအပ်တဲ့ကဏ္ဍလေးကိုရောက်အောင် တိုးတာကောင်းတယ်ဆိုပြီး ပြောခဲ့ပါတယ်။**

အခုဆိုရင် အဲဒီလိုတိုးခဲ့တာ တစ်နှစ်ခွဲကျော်ရှိသွားပါပြီ။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်ကို ကြည့်မယ်ဆိုရင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့မှာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမမှာ မီဒီယာတွေနဲ့ တွေ့ဆုံရှင်းလင်းပွဲလုပ်ခဲ့ပါတယ်။ အဲဒီမှာ ဒီနှစ်နှစ်ကုန်ပိုင်းလောက်မှာ စက်မှုသုံး ၇၅ ကျပ်ကို ၁၀၀ ကျပ်သို့ ပြောင်းမယ်၊ အိမ်သုံး ၃၅ ကျပ်ကို ၅၀ကျပ်သို့ ပြောင်းမယ်လို့ ဆွေးနွေးခဲ့ပါတယ်။

ဆွေးနွေးတော့လည်း မီဒီယာအသိုင်းအဝိုင်း တော်တော်များများကလည်း ဒါနဲ့ပတ်သက်ပြီးတော့ ရေးသားဖော်ပြခဲ့ကြတာ ရှိပါတယ်။ အဲဒီလို ရေးပြီးတော့မှ အကြံပြုချက်တွေပေးပါတယ်။ မြန်မာတိုင်းမ်မှာ ပြန်ကြည့်မယ်ဆိုရင် အကျယ်တဝင့်ရေးထားတာ တွေ့ရပါမယ်။ အဲဒီလိုဆောင်ရွက်ပြီးတဲ့အခါမှာ ဒီနှစ် အောက်တိုဘာလ ၂၇ ရက်နေ့လောက်ကစပြီး နိုဝင်ဘာလ ၄ ရက်နေ့အထိ ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့ တာဝန်ရှိသူတွေက ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ် ၃၆ မြို့နယ်နဲ့ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပဲခူး၊ ပြည်၊ ပုသိမ်မြို့တို့ကို ကျယ်ကျယ်ပြန့်ပြန့်သွားရောက်ပြီး ပြည်သူတွေနဲ့ တွေ့ပါတယ်။ ပြည်သူတွေကို ကျွန်တော်တို့ ဖြစ်ချင်တာတွေ ရှင်းပြပါတယ်။ အဲဒီလိုပဲ စက်မှုဇုန်တွေကိုလည်း အသေးစိတ် တွေ့ဆုံပြီးရှင်းပြပါတယ်။

အဲဒီလို **ရှင်းတဲ့နေရာတိုင်းမှာ ပြည်သူတွေအားလုံး ဓာတ်အားခနှုန်းထား မတက်ပါနဲ့လို့ ပြောတဲ့ပြည်သူ မရှိခဲ့ပါဘူး။ အားလုံးထောက်ခံပါတယ်။ ထောက်ခံတဲ့အပိုင်းကများပါတယ်။ ပြီးတော့ စက်မှုဇုန်တွေနဲ့ တွေ့တဲ့အခါမှာလည်း စက်မှုဇုန်တွေက ကျွန်တော်တို့ကိုပြောတာက သူတို့ကဓာတ်အားခနှုန်းထားက ဒီ့ထက်အဆမတန်ပေးနေရတယ်။ ဒါကြောင့်မို့ သူတို့ ဒီဓာတ်အားခနှုန်းထားတက်တာကို လက်ခံပါတယ်။ ဒါပေမယ့် သူတို့ကို နှစ်လတန်သည်၊ သုံးလတန်သည် ရွှေ့ဆိုင်းပေးပါ၊ ဒါဆိုရင် ဖြစ်နိုင်ပါတယ် ဆိုပြီး ဆွေးနွေးကြပါတယ်။**

ရန်ကုန်မှာ ကျွန်တော်ကိုယ်တိုင်ပြုလုပ်တဲ့ ဓာတ်အားခနှုန်းထားတိုးတဲ့ ရှင်းလင်းပွဲမှာဆိုရင် သူတို့က ထောက်ခံပါတယ်။ တိုးပါ၊ သူတို့ ဒီထက်မက ပိုပေးနေရတယ်၊ သူတို့ တောင်းဆိုတာက ဓာတ်အား မှန်မှန်ရချင်တယ်လို့ တောင်းဆိုပါတယ်။ ကျွန်တော်ကလည်း ယခင်နှစ်တွေလို မပျက်စေရဘူး။ ကျွန်တော် ဒီနှစ်မှာ ဓာတ်အားတွေ မနှစ်ကထက် အများကြီးရရှိအောင် ကြိုးစားထားတယ်လို့ ပြောခဲ့ပါတယ်။ အဆင်ပြေပါတယ်။ တော်တော်လေး ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေး။ ။ ပြည်ထောင်စုလွှတ်တော်မှာ သွားရောက်ရှင်းလင်းတင်ပြတဲ့အခါ ပြည်ထောင်စုလွှတ်တော်က ဘယ်လိုဆုံးဖြတ်ဆောင်ရွက်ခဲ့ပါသလဲဆိုတာ ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော် ရှင်းပြခဲ့တာက မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဟာ တစ်နှစ်မှာ ၁၅ ရာခိုင်နှုန်းတိုးတက်လျက်ရှိတာမို့ ၂၀၁၅ ခုနှစ်မှာ ၃၀၀၀ မဂ္ဂါဝပ် ရှိလာပါမယ်၊ အဲဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် နိုင်ငံတော်အပိုင်းကသာမက ပုဂ္ဂလိကကဏ္ဍပါဝင်မှုနဲ့လည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခုနှစ် နွေရာသီဓာတ်အား လိုအပ်ချက်က ၂၃၇၀ မဂ္ဂါဝပ်ရှိပါမယ်၊ လက်ရှိဓာတ်အားပေးစက်ရုံတွေက ၁၆၅၅ မဂ္ဂါဝပ်ပဲ အများဆုံးထုတ်လုပ်ပေးနိုင်ပါမယ်၊ လိုအပ်ချက်အနေနဲ့ကတော့ ၇၁၅ မဂ္ဂါဝပ် ထပ်မံလိုအပ်ပါမယ်၊ အဲဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ တည်ဆောက်နေဆဲဖြစ်တဲ့ ရေအားလျှပ်စစ်စက်ရုံတွေကတော့ အထက်ပေါင်းလောင်းက ပထမအဆင့်အနေနဲ့ ၇၀ မဂ္ဂါဝပ်၊ ဘီလူးချောင်း (၃) ကတော့ ၅၂ မဂ္ဂါဝပ်၊ နန်ချိုနဲ့ ဖြူးက ၄၀ မဂ္ဂါဝပ်စီ ရရှိမှာမို့ စုစုပေါင်း ၂၀၂ မဂ္ဂါဝပ် ရရှိပါမယ်။

သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများဖြစ်တဲ့ လှော်ကား ၂၆ မဂ္ဂါဝပ်၊ ရွာမ ၅၂ မဂ္ဂါဝပ်၊ အလုံက ပထမအဆင့်အနေနဲ့ ၈၄ မဂ္ဂါဝပ်၊ သာကေတက ၅၃ ဒသမ ၆ မဂ္ဂါဝပ်နဲ့ မော်လမြိုင်က ပထမအဆင့် ၄၃ ဒသမ ၅ မဂ္ဂါဝပ်စတဲ့ ပုဂ္ဂလိကဘက်ကနေ တည်ဆောက်တဲ့ ဓာတ်အားပေးစက်ရုံတွေက ရရှိမယ့်မဂ္ဂါဝပ်ကတော့ ၂၅၉ ဒသမ ၁ မဂ္ဂါဝပ် ရမှာဖြစ်တယ်။ အဲဒီအပြင် ထိုင်းနိုင်ငံက လွှဲပြောင်းရရှိခဲ့တဲ့ ဓာတ်ငွေ့တာဘိုင် ဓာတ်အားပေးစက်နှစ်လုံးကတော့ မဂ္ဂါဝပ် ၂၄၀ ရမှာဖြစ်ပါတယ်။

ဒါနဲ့လည်း မလုံလောက်သေးပါဘူး။ ကျောက်ဆည်ဒေသမှာ မဂ္ဂါဝပ် ၁၀၀ ရရှိမယ့် ဓာတ်ငွေ့အင်ဂျင်စက်ရုံကိုလည်း အချိန်မီ တည်ဆောက်ရပါမယ်။ ဒါတွေ အားလုံးပေါင်းမှ စုစုပေါင်း မဂ္ဂါဝပ် ၈၀၀ ကျော်လောက်ရှိမှ နွေရာသီမှာ နောက်ထပ်ထပ်လိုတဲ့ မဂ္ဂါဝပ် ၇၀၀ ကျော်ကို ပေးပြီး ပြည်သူတွေကိုရော၊ စက်မှုလက်မှုလုပ်ငန်းတွေရော ဓာတ်အားပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလို လုပ်ငန်းလုပ်တဲ့အခါမှာ ဘာကန့်သတ်ချက်တွေ ပေါ်လာသလဲဆိုရင် ပုဂ္ဂလိကကဏ္ဍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတဲ့အခါ သူတို့ရဲ့ ဓာတ်အားရောင်းချမှုက ထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဆင့်နဲ့ညီမျှတဲ့ မြန်မာငွေ ၃၄ ကျပ်လောက် လိုချင်တယ်။ သဘာဝဓာတ်ငွေ့က သပ်သပ်ဝယ်ရတယ်။ ဒီသဘာဝဓာတ်ငွေ့ဖိုးနဲ့ ထုတ်လုပ်မှုစရိတ်ပေါင်းရင် ဓာတ်အားထုတ်လုပ်မှု တစ်ယူနစ် ၁၂၁ ကျပ် ကျသင့်မှာ ဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီဓာတ်အားကိုဝယ်ယူပြီး ပြန်လည်ရောင်းချတဲ့ ဓာတ်အားခနှုန်းထားက အိမ်သုံး ၃၅ ကျပ်၊ စက်မှုစီးပွားရေးသုံး ၇၅ ကျပ်ဆိုတော့ ပျမ်းမျှတွက်ကြည့်မယ်ဆိုရင် ၅၆ ကျပ်သာ ရှိပါတယ်။ တစ်ယူနစ်ဝယ်ယူပြီး ပြန်ရောင်းချတိုင်း ၆၅ ကျပ် အရှုံးပေါ်မှာ ဖြစ်ပါတယ်။ အဲဒီအရှုံးကို ကာမိအောင် ပြည်သူတွေက ဓာတ်အားခနှုန်းထားလေး နည်းနည်းတိုးပေးလိုက်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ အရှုံးက ခုသာခံသာ ရှိသွားမယ်။ အရှုံးခုသာခံသာ ရှိသွားရင် နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမယ့်သူတွေကလည်း ကျွန်တော်တို့နိုင်ငံကို မျက်စိကျပြီး ဓာတ်အားတွေ လာရောက်ထုတ်လုပ်တာတွေ၊ ဖြန့်ဖြူးတာတွေ လုပ်လာနိုင်မယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က အဲဒါကို အလေးအနက်ထားပြီးတော့ ဓာတ်အားနှုန်းထားတိုးတာကို လုပ်ရခြင်းဖြစ်ပါတယ်ဆိုပြီး အများပြည်သူသိအောင်လည်း တင်ပြခဲ့ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တင်ပြခဲ့တာက နိုင်ငံအတွင်းမှာရှိတဲ့ လူဦးရေ ၃၀ ရာခိုင်နှုန်းသာ ဓာတ်အားရရှိပြီး ကျန်တဲ့ကျေးလက်ဒေသနေ လူဦးရေ ၇၀ ရာခိုင်နှုန်းလောက်ဟာ ဓာတ်အားသုံးစွဲနိုင်မှု မရှိသေးပါဘူး။ ဘယ်အရပ်ဒေသမှာပဲနေနေ အခွန်ထမ်းပြည်သူတွေတန်းတူဖြစ်ပြီး ဓာတ်အားသုံးစွဲခွင့်မှာလည်း ညီညီမျှမျှဖြစ်စေဖို့ ဆောင်ရွက်ပေးသင့်ပါတယ်။ ၇၀ ရာခိုင်နှုန်းသော ပြည်သူတွေ ဓာတ်အားရရှိရေးအတွက် ဓာတ်အားခ နှုန်းထား တိုးမြှင့်သတ်မှတ်မှုကို လက်ခံသင့်ပါတယ်လို့လည်း တင်ပြခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ **ပြည်သူတွေ၊ စက်မှုဇုန်များမှ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ဆွေးနွေးတင်ပြမှုနဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်၏ အရေးပေါ်အဆိုတင်သွင်းခဲ့မှုအရ လျှပ်စစ်ဓာတ်အားခတိုးမြှင့်ခြင်းကို ၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အကုန် ၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အစသို့ စိစစ်ပြီး ပြောင်းလဲကောက်ခံသွားမှာဖြစ်ပါတယ်။ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူဆောင်ရွက်သွားပါမယ်လို့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း အဲဒီကိစ္စနဲ့ပတ်သက်ပြီး မှတ်တမ်းတင်ထားရှိ ဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ အသိအမှတ်ပြုထားပြီးဖြစ်တဲ့အတွက် ကျွန်တော်ရဲ့ တင်ပြချက်အတိုင်းဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။** ။

ပြည်သူတွေ၊ စက်မှုဇုန်များမှ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ဆွေးနွေးတင်ပြမှုနဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်၏ အရေးပေါ် အဆိုတင်သွင်းခဲ့မှုအရ လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ခြင်းကို ၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အကုန် ၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အစသို့ စိစစ်ပြီး ပြောင်းလဲကောက်ခံသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူဆောင်ရွက်သွားပါမယ်လို့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း အဲဒီကိစ္စနဲ့ပတ်သက်ပြီး မှတ်တမ်းတင်ထားရှိဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ အသိအမှတ်ပြုထားပြီးဖြစ်တဲ့အတွက် ကျွန်တော်ရဲ့တင်ပြချက် အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ရှင်းတဲ့နေရာတိုင်းမှာ ပြည်သူတွေအားလုံး ဓာတ်အားခနှုန်းထားမတက်ပါနဲ့လို့ပြောတဲ့ပြည်သူ မရှိခဲ့ပါဘူး။ အားလုံး ထောက်ခံပါတယ်။ ထောက်ခံတဲ့အပိုင်းကများပါတယ်။ ပြီးတော့ စက်မှုဇုန်တွေနဲ့တွေ့တဲ့အခါမှာလည်း စက်မှုဇုန်တွေက ကျွန်တော်တို့ကိုပြောတာက သူတို့က ဓာတ်အားခနှုန်းထားက ဒီ့ထက်အဆမတန်ပေးနေရတယ်။ ဒါကြောင့်မို့ သူတို့ ဒီဓာတ်အားခနှုန်းထားတက်တာကို လက်ခံပါတယ်။ ဒါပေမယ့် သူတို့ကို နှစ်လတန်သည်၊ သုံးလတန်သည် ရွှေ့ဆိုင်းပေးပါ၊ ဒါဆိုရင် ဖြစ်နိုင်ပါတယ်ဆိုပြီး ဆွေးနွေးကြပါတယ်။

မြန်မာ့သတင်းစဉ် သတင်းအဖွဲ့

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ရေကြီးနစ်မြုပ်ဒေသများအား ကြိုတင်ကာကွယ်ရေးအသိပညာပေး

လယ်ဝေး နိုဝင်ဘာ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်အတွင်း အောက်တိုဘာ ၂၇ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မဲဟော်ချောင်းနှင့် စစ်တောင်းမြစ် ရေမြင့်တက်ပြီး ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည့် ကျေးရွာများမှပြည်သူများအား နောက်နှစ်များတွင် ယခုကဲ့သို့ ရေလွှမ်းမိုးမှုဒဏ် မခံရရေးအတွက် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးသွားရန် ရည်ရွယ်ထားသည့် လုပ်ငန်းများကို လည်းကောင်း၊ ရေကြီးနစ်မြုပ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ဒေသခံပြည်သူများ၏

လယ်ယာသီးနှံ စိုက်ခင်းများကို ပြန်လည် စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်မှပံ့ပိုးဆောင်ရွက်ပေးမည့် လုပ်ငန်းများအား ရှင်းလင်းဟောပြောဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ဗောဓိကုန်းကျေးရွာ ဘုန်းတော်ကြီး၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ်တာဝန်ခံ ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် လယ်ယာစိုက်ပျိုးရေးကဏ္ဍတာဝန်ခံ ဦးမြင့်ရွှေနှင့် နေပြည်တော်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာပြည်သူ ၂၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်

တပ်ကုန်းမြို့ ကျောက်သရေဆောင် မြို့နယ်ခန်းမကြီးတည်ဆောက်မည်

တပ်ကုန်း နိုဝင်ဘာ ၁၃

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့တွင် မြို့အင်္ဂါရပ်နှင့် အညီလိုအပ်လျက်ရှိသော မြို့ကျောက်သရေဆောင် မြို့နယ်ခန်းမကြီးကို နေပြည်တော် စည်ပင်သာယာရေး ကော်မတီက ကျပ်သိန်း ၆၀၀၀ အကုန်အကျခံ၍ မကြာမီတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောက်လုပ်ရန်အတွက် လက်ရှိ အောင်ဆန်းခန်းမကြီး ပတ်ဝန်းကျင်ရှိ ဈေးဆိုင်ခန်းပေါင်း ၄၅ ခန်းကို မြို့နယ်အားကစားကွင်းဘေး၌ (၁၀ × ၂၉) ပေအကျယ်အဝန်းရှိ ဆိုင်ခန်းမြေနေရာများ ချထားပေးခြင်း၊ ဆိုင်ခန်းတစ်ခန်းလျှင် ဈေးငွေကျပ် ၁၀ သိန်းနှုန်း ထုတ်ချေး၍ ပြောင်းရွှေ့ပေးပြီးဖြစ်သည်။

ဆောက်လုပ်မည့်မြေနေရာတွင် ယခုတည်ရှိနေသော အောင်ဆန်းခန်းမကြီးမှာ တိုင်အခြေများဆွေးမြည့်နေပြီး ပျက်စီးစပြုနေပြီဖြစ်၍ မြို့နယ်အားကစားကွင်း (ဘောလုံးကွင်း) အတွင်းသို့ ပြောင်းရွှေ့ကာ ပြုပြင် တည်ဆောက်ပေးမည်ဖြစ်ကြောင်းနှင့် ထိုမြေနေရာတွင် ခေတ်မီ မြို့နယ်ခန်းမကြီးကို မကြာမီ တွေ့မြင်ရတော့မည်ဖြစ်ကြောင်း သိရသည်။

(ဝ၂၁)

နေရာပြောင်းရွှေ့ တည်ဆောက်ပေးမည့် တပ်ကုန်းမြို့နယ်ရှိ အောင်ဆန်းခန်းမ။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပွဲများ မန္တလာသီရိအားကစားကွင်း၌ ဒီဇင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၁၃

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ မန္တလေး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်ရှိ နိုင်ငံတကာအဆင့်မြင့် မန္တလာသီရိ အားကစားကွင်းသစ်၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် ဘောလုံးအသင်းများသည် မန္တလေးမြို့သို့ ဒီဇင်ဘာ ၇ ရက်တွင်ရောက်ရှိကြမည် ဖြစ်သည်။

အဆိုပါ ဆီးဂိမ်းအမျိုးသမီးပြိုင်ပွဲ ပွဲစဉ်(က)အုပ်စုတွင် အိမ်ရှင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားအသင်း၊ အုပ်စု(ခ)တွင် ထိုင်း၊ လာအို၊ တီမောနှင့် မလေးရှားအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ဖွင့်ပွဲအဖြစ် ဒီဇင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် (က)အုပ်စုမှ ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ပွဲဦးထွက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၁၀ ရက် ညနေ ၆ နာရီ၄၅ မိနစ်တွင် ဖိလစ်ပိုင်အသင်း၊ ဒီဇင်ဘာ ၁၃ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် အင်ဒိုနီးရှားအသင်း၊ ဒီဇင်ဘာ ၁၅ ရက် ညနေ ၆ နာရီ ၄၅ မိ နစ်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၂ ရက် ညနေ ၄ နာရီတွင် ထိုင်းအသင်းနှင့် တီမောအသင်း၊ ဒုတိယပွဲ ၆ နာရီ ၄၅ မိနစ်တွင် လာအိုအသင်းနှင့် မလေးရှားအသင်း၊ ဒီဇင်ဘာ ၁၃ ရက် ညနေ ၄ နာရီတွင် ဖိလစ်ပိုင်အသင်းနှင့် ဗီယက်နမ်အသင်း၊ ဒီဇင်ဘာ ၁၄ ရက် ညနေ ၄ နာရီတွင် လာအိုအသင်းနှင့် တီမောအသင်း၊ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ထိုင်းအသင်းနှင့် မလေးရှားအသင်း၊ ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီတွင် ဖိလစ်ပိုင်အသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဒီဇင်ဘာ ၁၆ ရက် ညနေ ၄ နာရီတွင် လာအိုအသင်းနှင့် ထိုင်းအသင်း၊ ညနေ ၆ နာရီ ၄၅ မိနစ်တွင် တီမောအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ အကြိုဗိုလ်လုပွဲများကို ဒီဇင်ဘာ ၁၈ ရက်တွင် ပထမပွဲစဉ်ကို ညနေ ၄ နာရီနှင့် ဒုတိယပွဲစဉ်ကို ညနေ ၇ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၀ ရက် ည ၇ နာရီခွဲနှင့် တတိယနေရာလုပွဲကို ဒီဇင်ဘာ ၂၀ ရက် ညနေ ၄ နာရီတွင် ကျင်းပမည် ဖြစ်သည်။

"မြန်မာအသင်းနှင့် လာအိုအသင်းက ဗထူးအားကစားကွင်း၊ ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းက မန္တလေးဘောလုံးအကယ်ဒမီကျောင်း၊ အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့က အားကစားနှင့်ကာယသိပ္ပံ(မန္တလေး)၊ မလေးရှားအသင်းနှင့် တီမောအသင်းတို့က မန္တလာသီရိအဆင့်မြင့် အားကစားကွင်းအနီးရှိ လေ့ကျင့်ရေးကွင်းတို့မှာ လေ့ကျင့်မှာဖြစ်ပါတယ်။ အရန်လေ့ကျင့်ရေး အားကစားကွင်းအဖြစ် အောင်မြေမန္တလာ ဘောလုံးကွင်းကို သတ်မှတ်ထားပါတယ်။ ပြိုင်ပွဲဝင်အသင်းများနှင့် တာဝန်ရှိသူများ သွားလာမှု လွယ်ကူစေရန်အတွက် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ နိုင်ငံအလိုက် အလံတင်အခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၈ နာရီမှစ၍ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်း Flag Mail တွင် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ အစီအစဉ်အတိုင်း ကျင်းပမှာဖြစ်ပြီး နံနက် ၁၀ နာရီမှာ ပြိုင်ပွဲဝင်အသင်းများကို တွေ့ဆုံပွဲအမှတ်တရပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး အားကစားနှင့်ကာယသိပ္ပံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တင်မောင်(မန္တလေး)

ကလေးမြို့တွင်း တံတားနှစ်စင်း ရေရှည်တည်တံ့ကြံ့ခိုင်ရေးဆောင်ရွက်

ကလေး နိုဝင်ဘာ ၁၃

ကလေးမြို့အတွင်းရှိ ဥပုတ်ချောင်းသည် မြို့တွင်းတွင် ကွေ့ကောက်စီးဆင်းသည့်ချောင်းဖြစ်ပြီး မိုးရာသီအချိန်တွင် ချောင်းရေကြီးမှုဖြစ်ပေါ်ပြီး ကမ်းပါးများပြိုခြင်း၊ ချောင်းဖြတ်တံတားများ၏ အုတ်ခုံကမ်းပါးများ တိုက်စားခြင်း၊ တံတားများပျက်စီးခြင်း၊ ကမ်းပါးပြိုကျပြီး အနီးအနားရှိအိမ်များ ပျက်စီးခြင်းတို့ကြောင့် ပြည်သူများ ရေဘေးဒုက္ခ တွေ့ကြုံရင်ဆိုင်ကြရသည်။

ယင်းသို့ဖြင့် ကလေးမြို့မှ ချင်းပြည်နယ်သွားရာ ဗိုလ်ချုပ်လမ်းမပေါ်တွင် တည်ရှိပြီး ဥပုတ်ချောင်းကိုဖြတ်သွားသည့် တံတားဦး သံကူကွန်ကရစ်တံတားနှင့် ကလေးမြို့မှ ကလေးဝ-တမူး-မုံရွာ-မန္တလေး-ရန်ကုန်မြို့များသို့သွားရာ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းမပေါ်တွင်တည်ရှိသော ပြည်သူ့ဆေးရုံရှေ့ရှိ သံကူကွန်ကရစ်တံတားနှစ်စင်းတို့သည် ဥပုတ်ချောင်း ရေကြီးရေလျှံမှုကြောင့် တံတားအုတ်ခုံနံရံများရေတိုက်စားပြီး ပြိုကျပျက်စီးသွားခဲ့သည်။

ထပ်မံဆောင်ရွက်

အဆိုပါ တံတားနှစ်စင်းကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းကြောင်းဖြောင့်တန်းအောင် ပြုပြင်ခြင်းနှင့် ပြိုကျပျက်စီးသွားသော ချောင်းကမ်းပါးများကာကွယ်ရန် မြေတူး မြေကော်စက်ယန္တရားကြီးများဖြင့် ရေလမ်းကြောင်း ဖြောင့်တန်းအောင် တူးဖော်ခြင်း၊ကမ်းပါးပြိုသည့်နေရာများတွင် သဲကျောက်မြေများဖို့ခြင်း လုပ်ငန်းများကို နိုဝင်ဘာ ၁၁ ရက်က ထပ်မံဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ယင်းလုပ်ငန်းများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ ဦးမောင်ထူး၏ ဦးဆောင်မှုဖြင့် ခရိုင်စီမံခန့်ခွဲမှု ကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်တို့က ကြီးကြပ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းအမြန်ဆုံးပြီးမြောက် အောင်မြင်နိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တာဝန်ယူကူညီလျက်ရှိကြောင်း သိရသည်။

ဂျူနိုင်း

❐ ကျော်ဘိုးမှူ

ကမ်ပိုအားကစားနည်းသည် တိုက်ခိုက်ရေးအားကစားနည်းတစ်ခုဖြစ်ပြီး တိုက်ကွမ်ဒို၊ ဝူရှူး၊ ဂျူဒိုအားကစားနည်းများကဲ့သို့ပင် အတိုက်ပြိုင်ပွဲနှင့် သရုပ်ပြ ပြိုင်ပွဲနှစ်မျိုးရှိသည်။ အတိုက်ပြိုင်ပွဲတွင် ခါးပတ်အရောင်အလိုက် ပြိုင်ပွဲအမျိုးအစားကွဲပြားပြီး သရုပ်ပြပြိုင်ပွဲတွင်လည်း နှစ်ယောက်တွဲ၊ လေးယောက်တွဲ၊ ရှစ်ယောက်တွဲပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။ မြန်မာကမ်ပိုအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲအတွက် ဖေဖော်ဝါရီလတွင် ပဏာမကစားသမား ၅၀ ဖြင့် စတင်ပြင်ဆင်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်အပြီးတွင် အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရှိလာခဲ့သည်။

မြန်မာကမ်ပိုအဖွဲ့ကို စတင်ဖွဲ့စည်းအပြီး ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိကျင်းပသော အင်ဒိုနီးရှားဖိတ်ခေါ် ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးလေးခုဆွတ်ခူးရရှိခဲ့သည်။ ထို့ပြင် ဆီးဂိမ်းအကြို အာဆီယံဖိတ်ခေါ် ကမ်ပိုပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက် မှ ၁၆ ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင်ကျင်းပခဲ့ရာ မြန်မာကမ်ပိုအဖွဲ့က ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးသုံးခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာကမ်ပိုအဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို စစ်မြတ်သီတာနှင့် သန်းဝင်းတို့က တစ်ခုစီရယူပေးခဲ့ပြီး ကျန်တစ်ခုကို အမျိုးသားလေးယောက်တွဲ သရုပ်ပြပြိုင်ပွဲတွင် ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာကမ်ပိုအဖွဲ့၏ပြင်ဆင်ထားမှု ပြိုင်ပွဲအနေအထားများကြောင့် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိနိုင်သည့် အားကစားအဖွဲ့ ဖြစ်လာနိုင်ပါကြောင်း။ ။

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အသုံးမလို စက်နှင့်စက်အရန်ပစ္စည်း(အဟောင်း)များရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ အမှတ်(၂)အထည်စက်ရုံ(ပလိပ်)ရှိ အသုံးမလို ပိုလျှံစက်နှင့်စက်ပစ္စည်း(အဟောင်း)များအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

(က) အမှတ်(၂)အထည်စက်ရုံ(ပလိပ်)
စက်နှင့်စက်ပစ္စည်း(အဟောင်း) ၂၅ မျိုး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက်/နေရာ - ၁၄-၁၁-၂၀၁၃ရက်၊ ရုံး(၃၇)၊ အထည်အလိပ်လုပ်ငန်း
(ခ) တင်ဒါပိတ်မည့်ရက်/ အချိန် - ၂၉-၁၁-၂၀၁၃ရက်၊ (၁၆း၀၀)နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း
ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၄၀၈၁၈၅၊ ၄၀၈၃၃၈။

ဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီများ တာဝါတိုင်အသုံးပြုရေး ပူးပေါင်းရန်အလားအလာရှိနေခြင်းကြောင့် ဝန်ဆောင်မှုအားနည်းမည်ကိုစိုးရိမ်နေ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆက်သွယ်ရေးအော်ပရေတာအဖြစ် လုပ်ကိုင်ရန် တင်ဒါအောင်မြင်ခဲ့သူ တယ်လီနောနှင့် အော်ရီဒူး ကုမ္ပဏီတို့ မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေး လုပ်ငန်းများအတွက် တာဝါတိုင်များ တည်ဆောက်ရာတွင် ပူးပေါင်း ဆောင်ရွက်ရန်အလားအလာ ရှိနေခြင်းကြောင့် မိုဘိုင်းဖုန်းသုံးစွဲသူ အများစုက လိုင်းကျပ်ခြင်းနှင့် ဆက်သွယ်ရေးစနစ် အရည်အသွေးမပြည့်မီခြင်းများဖြစ်ပေါ်မည်ကို စိုးရိမ်မှုများ ရှိနေကြောင်း သတင်းရရှိသည်။

"တာဝါတိုင် တည်ဆောက်ရေးတွေမှာ လျှပ်စစ်မီးမရရှိတာတွေ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာတွေနဲ့ မြေနေရာရရှိမှုဆောင်ရွက်ရမယ့် အချက်တွေအပြင် ကုန်ကျစရိတ်လည်း အများကြီးသက်သာနိုင်တဲ့အတွက် အခုလို ပူးပေါင်းဖို့ သူတို့စဉ်းစားတာဖြစ်မှာပါ။ ဒါပေမယ့် ဆက်သွယ်ရေးကဏ္ဍ လိုအပ်ချက်အတွက် အော်ပရေတာနှစ်ခုကိုလည်း ခေါ်ယူခြင်းဖြစ်ပြီး သူတို့လည်း အစကတည်းက တတ်နိုင်တဲ့နှုန်းကြောင့် တင်ဒါအောင်မြင်ခဲ့တာဆိုတော့ ပူးပေါင်းသုံးစွဲတဲ့အခါ ပြည်သူတွေ လိုအပ်ချက်မပြည့်ဝတာမျိုးမဖြစ်စေလိုဘူး"ဟု အိုင်တီပညာရှင် ကိုစိုးသူရမြင့်က ပြောကြားသည်။ လက်ရှိတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီပို့တို့က ဆက်သွယ်ရေး အော်ပရေတာအဖြစ် လုပ်ကိုင်လျက်ရှိပြီး ယခုနှစ်အတွင်း

မြန်မာ့ဆက်သွယ်ရေးမှ တယ်လီနောနှင့် အော်ရီဒူး ဆက်သွယ်ရေးနည်းပညာကုမ္ပဏီနှစ်ခုကို လေလံစနစ် အောင်မြင်ကြောင်း ကြေညာခဲ့ပြီး လုပ်ပိုင်ခွင့်များ ပေးအပ်ခဲ့သော်လည်း ယနေ့အချိန်အထိ စတင်သုံးစွဲခွင့် မရရှိသေးဘဲ အခြေခံပြင်ဆင်မှုများ ဆောင်ရွက်နေဆဲသာဖြစ်သည်။

အော်ရီဒူး၏ Chief Strategy officer က တယ်လီနောနှင့် Transmitter တာဝါတိုင်များ တည်ဆောက်ရာတွင် ပူးပေါင်းတည်ဆောက်ခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေမည် ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သဖြင့် လက်ရှိအသုံးပြုနေသည့် ဆက်သွယ်ရေးစနစ်ကဲ့သို့ပင် လိုင်းကျပ်ခြင်း၊ အင်တာနက်မြန်နှုန်းနိမ့်ခြင်းများ ဖြစ်ပွားမည်ကို အသုံးပြုသူများ စိုးရိမ်နေကြသည်။

အော်ပရေတာ ကုမ္ပဏီအဖြစ် လုပ်ကိုင်ခွင့်ရရှိခဲ့သည့် တယ်လီနောနှင့် အော်ရီဒူးတို့သည် ဝန်ထမ်းများခေါ်ယူခြင်း၊ ဆက်သွယ်ရေး Supplier ကုမ္ပဏီများ ရွေးချယ်ခြင်း စသည်တို့ပြုလုပ်ခဲ့ကြပြီး ယခုအကြိမ် Transmitter များ ပူးပေါင်းသုံးစွဲရန် စီစဉ်ခြင်းဖြစ်သည်။

"ကုန်ကျစရိတ်ကြောင့်ဆိုရင် ပူးပေါင်းသုံးစွဲတာက မဖြစ်သင့်ပါဘူး။ အော်ပရေတာ ကုမ္ပဏီတွေ တစ်ခုနဲ့တစ်ခု ညီညီနှိုင်းနှိုင်းဆောင်ရွက်တာ ကောင်းမွန်တဲ့ကိစ္စ ဖြစ်ပါတယ်။ သို့သော် နည်းပညာရဲ့ အခြေခံလိုအပ်ချက် အဆောက်အအုံတွေ အများကြီး ဖြည့်စွမ်းဖို့ လိုအပ်နေတဲ့အချိန်မှာ အော်ပရေတာတွေ အပြိုင်အဆိုင်နဲ့ ဝန်ဆောင်မှုဖြည့်စွမ်းတာမျိုး ပိုမိုဖြစ်သင့်တယ်"ဟု Mocox Tele ကုမ္ပဏီမှ တာဝန်ရှိသူဆက်သွယ်ရေးနှင့် နည်းပညာရှင် ဒေါက်တာ ထိန်လွင်ဦးက ပြောကြားသည်။

လေလံအောင်မြင်သည့် ကုမ္ပဏီနှစ်ခုမှာ စာချုပ်ချုပ်ဆိုပြီးအချိန်ကာလအားဖြင့် ရှစ်လအတွင်း လုပ်ငန်းစတင်အကောင်အထည်ဖော်ရမည်ဖြစ်ခြင်းကြောင့် အော်ပရေတာ ကုမ္ပဏီများ လုပ်ငန်းစတင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ခင်ရတနာ

ပြည်တွင်းသတင်း

အစိမ်းရောင်စက်မှုလုပ်ငန်းဆိုင်ရာ ညီလာခံကျင်းပ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် **(အပေါ်ပုံ)** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန Ministry of Industry and Information Technology of PRC နှင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေး အဖွဲ့ UNIDO တို့ ပူးပေါင်းစီစဉ်မှုဖြင့် နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ကျင်းပသည့် အစိမ်းရောင်စက်မှုလုပ်ငန်းဆိုင်ရာညီလာခံ ၂၀၁၃ (Green Industry Conference 2013) သို့ တက်ရောက်ခဲ့ရာ Closing Plenary Sectionတွင် စက်မှုထုတ်ကုန်များ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများတွင် အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချရေး၊ အနာဂတ်တွင် ကြုံတွေ့ရမည့် ကုန်ထုတ်လုပ်မှုဆိုင်ရာနှင့် ဒီဇိုင်းရေးဆွဲမှုဆိုင်ရာ စိန်ခေါ်မှုများ၊ အဆိုပါ Conference မှ အဓိကရရှိသည့် အတွေ့အကြုံများ၊ အကြံဉာဏ်များ အပေါ်မူတည်၍ ရှေ့ဆက်ဆောင်ရွက်သင့်သည့် Green Industrial Policy ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို Statement အဖြစ် ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် နန်နင်းမြို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံနိုင်မှုအခြေအနေနှင့် အခွင့်အလမ်းများကို ပြောကြားခဲ့သည်။ နိုဝင်ဘာ ၁၀ ရက်တွင် Chandong မြို့သို့ သွားရောက်၍ Sinotruk Co.,Ltd.မှ Truck Car ထုတ်လုပ်မှုများ၊ Changsha နှင့် Yongzhou မြို့များ၌ Changfeng Group Co.,Ltd. ၏ Mini Pajero ကားထုတ်လုပ်မှုများ၊ ကွမ်ကျိုးမြို့ရှိ Conch Co.,Ltd. ၏ တစ်နေ့ တန် ၃၅၀၀၀ ထွက် ဘိလပ်မြေစက်ရုံ၌ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် ဘိလပ်မြေထုတ်လုပ်မှုများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အမေရိကန်အခြေစိုက် Holloman Corporation မြန်မာနိုင်ငံ၌ ဆောက်လုပ်ရေးနှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည်

ရန်ကုန် နိုဝင်ဘာ ၁၃

တက်လူ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ (Young Investment Group-YIG)နှင့် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်အခြေစိုက် Holloman Corporation တို့သည် မြန်မာနိုင်ငံ၌ ဆောက်လုပ်ရေးနှင့် စွမ်းအင်ကဏ္ဍတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ကုမ္ပဏီဖွဲ့စည်းပြီး ရန်ကုန်မြို့ရှိ ဆာကူရာတာဝါ၌ အခြေစိုက်ရုံးခန်းဖွင့်လှစ်ပြီးဖြစ်သည်။

အဆိုပါ ဆာကူရာတာဝါအထပ် ၂၀ ရှိ Sky Bristo ခန်းမ၌ Young Holloman JV ကုမ္ပဏီ၏ သတင်းစာရှင်းလင်းပွဲကို ပြုလုပ်သွားမည်ဖြစ်သည်။ သတင်းစာရှင်းလင်းပွဲတွင် Young Investment Group Company Limited ဥက္ကဋ္ဌ ဦးသီဟအောင်နှင့် Holloman Corporation(USA) Chief Operating Officer Mr. Bryce Harrell တို့က ကုမ္ပဏီ၏ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။

Holloman Corporation (USA)သည် အမေရိကန်နှင့် ကမ္ဘာတစ်ဝန်းလုံးရှိ ရေနံနှင့်ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ကြီးမားသော လုပ်ငန်းစဉ်ကြီးများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေသော လုပ်ငန်းစုကြီးဖြစ်သည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ စုပေါင်းလက်ခံစနစ်၊ သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း (Processing and Treating)စနစ်၊ ဓာတ်ငွေ့ဖိအားပေးထိန်းချုပ်ခြင်းနှင့် မောင်းနှင်ခြင်းအလုပ်ရုံစနစ် (Compressing and pumping Station) နှင့် ဓာတ်ငွေ့ပို့ဆောင်ရေး မှတ်တမ်းကောက်ယူခြင်း အလုပ်ရုံစနစ် (Materine Facilities)နှင့် သဘာဝဓာတ်ငွေ့ သိုလှောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည့် ကမ္ဘာ့အဆင့်မီ ကော်ပိုရေးရှင်းကြီး ဖြစ်သည်။

Young Holloman JV ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးနှင့် စွမ်းအင်ကဏ္ဍ၌ ပထဦးဆုံး ရင်းနှီးမြှုပ်နှံမည့် အမေရိကန်အခြေစိုက် ကုမ္ပဏီကြီးဖြစ်သည်။

JV ကုမ္ပဏီ၏ အဓိကလုပ်ဆောင်မည့် လုပ်ငန်းစဉ်များမှာ ဆောက်လုပ်ရေးလုပ်ငန်းများအား မြန်မာနိုင်ငံတွင်သာမက အာရှပစိဖိတ်ရပ်ဝန်းအထိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရန်လုပ်ငန်းများ လုပ်ကိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ရီရီသန့်

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဝင်း ၁၂/ဒဂမ(နိုင်)၀၀၅၇၂၂နှင့် ဒေါ်အေးအေးမြင့် ၁၂/ဥကမ(နိုင်)၀၃၈၉၁၁တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကြည့်မြင်တိုင်မြို့နယ်၊ အလတ်ချောင်းရပ်ကွက်၊ ဘောဂဗလ ၅လမ်းရှိ အကျယ်အဝန်းပေ(၁၅×၁၅) ခြံမြေကွက်နှစ်ကွက်တို့မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဝင်းနှင့် ဒေါ်အေးအေးမြင့်တို့က ဦးခင်ဇော်ထံမှ ၁၉၉၇ ခုနှစ်ကတည်းက နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ အသီးသီးဝယ်ယူပိုင်ဆိုင်ခဲ့သော ခြံမြေကွက်များဖြစ်ပါသည်။ အထက်ပါ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဝင်းနှင့် ဒေါ်အေးအေးမြင့်တို့ ဝယ်ယူပိုင်ဆိုင်ထားသော ခြံမြေကွက်နှစ်ကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဝင်းနှင့် ဒေါ်အေးအေးမြင့်တို့ သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ ဝယ်ယူခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးဝင်း ၁၂/ဒဂမ(နိုင်)၀၀၅၇၂၂နှင့် ဒေါ်အေးအေးမြင့် ၁၂/ဥကမ(နိုင်)၀၃၈၉၁၁တို့၏
လွှဲအပ်ညွှန်ကြားချက်များအရ-
ဦးဝင်းမောင်မောင် LL.B,D.B.L၊ **တရားလွှတ်တော်ရှေ့နေ**
အမှတ်(၁/၅၄)၊ မင်းရဲကျော်စွာလမ်း၊ ဝေဘာဂီမြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၂ Yᴶ)၊ မြေကွက်အမှတ်(V၁၇၈)၊ မြေဧရိယာ(၂၂'/၂၁'၉" ×၅၀') ဝဒသမဝ၂၅ကေရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် (၆၉)ဟုခေါ်တွင်သော တိုက်အိမ်ဟောင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေတစ်ဦးမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

၎င်းအရောင်းအဝယ်နှင့်ပတ်သက်သည့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့၎င်း ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော အထောက်အထားများ လာရောက်ပြသကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်ဆွေ B.A (Law),LL.B , D.B.L
တရားလွှတ်တော်ရှေ့နေ(၄၆၄၃)
အမှတ် ၁၆၃၊ လေးလွှာ၊ ၃၈လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၅၉၄၆၀၊ ၀၉-၅၀၀၉၁၆၇

ပြည်တွင်းသတင်း

မိုးမြေပဲစိုက်တောင်သူများ မြေပဲအထွက်နှုန်းတိုးပြီး အလုပ်သမားများလည်း ဝင်ငွေတိုး

မြောင် နိုဝင်ဘာ ၁၃

မြောင်မြို့နယ်တွင် ယခုနှစ် မိုးမြေပဲစိုက်တောင်သူများ မြေပဲထွက်မှု ယခင်နှစ်များကထက် သာလွန်စွာ ထွက်ရှိကြသည်ဖြစ်၍ မြေပဲစိုက်တောင်သူများ ဝင်ငွေတိုးပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အခုဆိုရင် မြေပဲနုတ်ပြီး အတောင့်တွေကို တလင်းပြင်မှာ နေလှန်းရတယ်။ နောက်ပြီး မျိုးမြေပဲရောင်းရဖို့အတွက် ခွဲစက်နဲ့ခွဲရတယ်။ ဧရာဝတီမြစ်ရေဝင်တဲ့ ကျွန်းထဲကျေးရွာများဖြစ်တဲ့ ကျောက်ဖူးကုန်း၊ ပေါက်တော၊ မရိုးကုန်း၊ သာထွန်း၊ မင်းတန်း၊ ရွှေပေါက်ပင်၊ ကျီကုန်းကျေးရွာရှိ ဆောင်းမြေပဲစိုက်တောင်သူများထံသို့ မျိုးမြေပဲ အနေနဲ့ရောင်းရပါတယ်။ မြေပဲအဆန် တစ်တင်းကို ငွေကျပ် ၃၀၀၀၀ မှ ၃၁၀၀၀ အထိ ရောင်းရပါတယ်။ ခါတိုင်းနှစ်တွေထက်စာရင် ဒီနှစ် မြေပဲကအထွက်တိုးတော့ အဆင်ပြေပါတယ်" ဟု မြောင်မြို့ အလယ်ရပ်ကွက်နေ မိုးမြေပဲစိုက်တောင်သူ ဦးသောင်းရှိန်က ပြောပြသည်ကို သိရသည်။

"မြေပဲနုတ်ပြီးလို့ တလင်းတွေ တောင်သိမ်းကုန်ကြပါပြီ။ မြေပဲနုတ်လိုက်တုန်းက တစ်နေ့ကို လေးငါးထောင်ရတယ်။ အခုဆိုခွဲစက်က ထွက်ရှိလာတဲ့မြေပဲအဆန်ကို မျိုးမြေပဲအတွက်ရွေးရတယ်။ နံနက် ၈ နာရီကနေ ညနေ ၅ နာရီအထိ မြေပဲအဆန် ငါးတင်း၊ ခြောက်တင်းလောက် ရွေးလို့ပြီးပါတယ်။ ရွေးခက တစ်တင်း ငွေကျပ် ၃၀၀ ဆိုတော့ တစ်နေ့ ငွေကျပ် ၂၀၀၀ နီးနီးရပါတယ်။ ကျွန်မတို့လည်းအခုဆို ဝမ်းစာအတွက် အဆင်ပြေပါတယ်" ဟု မြေပဲအဆန်ရွေးသူတစ်ဦးက ပြောပြသည်ကို သိရသည်။

၂၀၁၃ ခုနှစ် မြောင်မြို့နယ်တွင် မိုးမြေပဲစိုက်တောင်သူများ မြေပဲအထွက်နှုန်းတိုး၍ ဝင်ငွေကောင်းပြီး စီးပွားရေးအဆင်ပြေသလို လက်လုပ်လက်စားများလည်း လုပ်ငန်းများလုပ်ရ၍ လုပ်အားခများရသောကြောင့် ဝမ်းရေးအတွက် အဆင်ပြေလျက်ရှိနေကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြက်သွန်နီဈေးကောင်းရသဖြင့် တောင်သူများဝမ်းမြောက်

တောင်တွင်းကြီး နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မြို့သစ်မြို့နယ် ထွက်ကြက်သွန်များကို ရန်ကုန်နှင့် ပြည်မြို့တို့ရှိ ကြက်သွန်ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ကုက္ကိုခွကျေးရွာ ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွ၊ ပျားတုကျေးရွာများ အပါအဝင် တောင်တွင်းကြီး ကျေးလက်ဒေသက ထွက်ရှိတဲ့ ကြက်သွန်နီတွေကို စိုက်ခင်းမှထွက်ရှိစမှာ သိုလှောင်ထားပြီး ရှားပါးချိန်၊ ဈေးကောင်းရချိန်ရောက်မှ ထုတ်ရောင်းကြပါတယ်။ အခု ကြက်သွန်နီ ရှားပါးချိန်မှာ သိုလှောင်ထားတဲ့ ကြက်သွန်နီကို ရန်ကုန်နှင့် ပြည်မြို့များသို့ တင်ပို့ရောင်းချကြတယ်။ ကြက်သွန်အမျိုးအစားအလိုက် ဂွန်အမျိုးအစားမှာ ငွေကျပ် ၇၀၀၊ မြစ်ဝ ငွေကျပ် ၇၅၀၊ ရှယ် ငွေကျပ် ၈၀၀၊ ထူး ငွေကျပ် ၉၀၀၊ ထူးထူး(ခ) ထူးရှယ် ငွေကျပ် ၁၁၀၀ ရောင်းချရကြောင်း တောင်တွင်းကြီးမြို့ ကြက်သွန်ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

နိုင်ဝင်း

အစေ့ထုတ်ပြောင်း တစ်ဧက တင်း ၈၀ခန့်ထွက်ရှိ

မြင်းမူ နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၀ ရက်က မြင်းမူမြို့နယ် ကန်ဖျားကျေးရွာ ကွင်းအမှတ် ၃၃၇ ရှိ တောင်သူပညာပေး စံပြကွက်သို့ သွားရောက်စစ်ဆေးရာ မိုးကြိုပဲတီစိမ်း၊ အစေ့ထုတ်ပြောင်း၊ ဂျုံသီးနှံပုံစံဖြင့် တစ်နှစ်သုံးသီးစား စိုက်ပျိုးလျက်ရှိရာ ဒုတိယသီးနှံ အစေ့ ထုတ်ပြောင်း ၂၅ ဧက အောင်မြင်စွာ ရိတ်သိမ်းနိုင်ပြီး တစ်ဧက တင်း ၈၀ ထွက်ရှိသည်။ တစ်နှစ်သုံးသီးစား သီးနှံပုံစံတွင် စိုက်ပျိုးမည့်မျိုးစေ့များနှင့် ဆက်လက်စိုက်ပျိုးမည့်အစီအစဉ်များကို မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးကျော်က ရှင်းပြခဲ့သည်။ (ဝ၇၉)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၇၆၅၀၀-၆၃၆၇၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၇၅၀၀၀-၆၃၅၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈-၉၇၆	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၅-၁၃၂၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၉၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၉-၃၁. ၁၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၃၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၃-၃၀၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၉၃၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၃၀၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၉၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၇၅-၁၀၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၂၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၀၀-၆၇၀
၁၀။ ရေတတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၅၀-၂၃၀၀
၁၁။ ရေတတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၃၁၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၅၀-၁၁၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

သွေးသည် အသက်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှုဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါကို အောက်ဖော်ပြပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်-

စဉ်	မြို့နယ်	အဆောက်အအုံအမျိုးအစား
(၁)	ထားဝယ်	RC တစ်ထပ် (၂၆×၁၂၂×၁၁)ပေ သံကူကွန်ကရစ် တစ်လုံး

(က) တင်ဒါရောင်းချမည့်ရက်နှင့်အချိန် - ၁၅-၁၁-၂၀၁၃ ရက် ရုံးချိန်အတွင်း
(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန် - ၂၉-၁၁-၂၀၁၃ ရက် ၁၆း၀၀နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - တနင်္သာရီတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးရုံး၊ ကုသိန္နာရုံကျောင်းလမ်း၊ ညောင်ရမ်းတောင်ရပ်ကွက်၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၁၄၆၊ ၀၉-၄၉၈၇၃၅၇၄

၂။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်အား သီးခြားကြော်ငြာမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သောလိုအပ်သည့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗီသုကာ ပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
တနင်္သာရီတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှူးရုံး၊
ကုသိန္နာရုံကျောင်းလမ်း၊ ညောင်ရမ်းတောင်ရပ်ကွက်၊ ထားဝယ်မြို့

အာစရိယပူဇော်ပွဲ

အလက (၁)ဒဂုံ၊ ယခင် အမက(၅)ဒဂုံ၊ (ဘိရှော့ဟုမ်း)တွင် ၂၀၁၂-၂၀၁၃ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲအား ၂၄-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် အလက(၁)ဒဂုံ ကောင်းသုတခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ဆက်သွယ်လှူဒါန်းခြင်းနှင့် ကိုယ်တိုင်တက်ရောက် ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

ဆရာမဒေါ်လှလှကြည် ဖုန်း-၀၉-၄၄၈၀၁၁၈၄၉ မောင်စည်သူဝင်း ဖုန်း-၀၉-၄၂၀၁၀၉၅၃၂
ဆရာမဒေါ်လဲ့လဲ့ဝင်း ဖုန်း-၀၉-၅၀၃၄၁၃၂ မောင်ဇင်ရဲလင်း ဖုန်း-၀၉-၅၀၂၂၁၄၄
ဆရာမဒေါ်အေးအေး(၂) ဖုန်း-၀၉-၇၃၀၂၀၁၀၅ မောင်ဝင်းမော်ဦး ဖုန်း-၀၉-၇၃၀၀၉၄၉၂
ဆရာမဒေါ်သီတာကျော် ဖုန်း-၀၉-၄၄၈၀၅၀၆၈၆ မအေးချမ်းဖြူ ဖုန်း-၀၉-၅၁၃၇၁၆၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇/ဃ)၊ မြေကွက်အမှတ်(၁၅)၊ အကျယ်(အလျားပေ ၄၀× အနံပေ ၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၃၇ ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်းနှင့် ရန်ကြီးအောင်လမ်းထောင့်၊ အမှတ်(၁၅) ဟုခေါ်တွင်သည့် မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးညီညီစိုး ၁၄/ဖပန(နိုင်)၀၀၀၀၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလဲ့ဝင်း LL.B, D.B,L အထက်တန်းရှေ့နေ
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax & Phone-01-9669004, 01-705445, 09-5151833

စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း၊ ပျဉ်းမနား) အာစရိယပူဇော်ပွဲ ပုလဲရတုအကြိုတွေ့ဆုံပွဲ ဖိတ်ကြားခြင်း

စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း၊ ပျဉ်းမနား) စိုက်ပျိုးရေး၊ သစ်တော(၁၉၈၄-၁၉၉၂) သူငယ်ချင်းများအားလုံး ဆရာကန်တော့ပွဲအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့၊ ကြို့ကုန်းဝင်း၊ မျိုးစေ့ဌာနခွဲ စိုက်ပျိုးရေးဦးစီးဌာနတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ခင်စန်းဝေ ဖုန်း-၀၉-၇၃၀၄၇၇၉၀
သက်သက်နွယ် ဖုန်း-၀၉-၄၉၂၄၅၁၃၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိုင်းဆတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ နေအိမ်အား အလျားပေ၄၀×အနံ ၃၅ပေ၊ အမြင့် ၁၂ ပေ၊ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် ဆောက်လုပ်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၁-၂၀၁၃ရက်မှ ၁၇-၁၁-၂၀၁၃ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်များအတွင်း မိုင်းဆတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၉-၁၁-၂၀၁၃ရက်၊ နံနက် ၁၀ နာရီမှ ၁၃း၀၀ နာရီအတွင်း မိုင်းဆတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်တင်သွင်းရန်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၄-၆၀၂၁၂သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၁ကံဘဲ့၊ မြေကွက်အမှတ် ၇/စ္ဆ၊ မြေကွက်တည်နေရာအမှတ်၂၈/က၊အင်းလျားရိပ်သာလမ်း၊(၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် မလှရွှေအမည်ပေါက် ဂရန်(သက်ကုန်)မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် ဦးမိုးသူရလှိုင်မှ ဝယ်ယူပိုင်ဆိုင်လာပါသည်။ ဦးမိုးသူရလှိုင်(ကွယ်လွန်)သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်နှင်းဆီချစ်မှ (တရားလို)ပြုလုပ်၍ ဒေါ်ဟေမာမြင့်၊ ဒေါ်လှရွှေ၊ ဒေါ်ငြိမ်း၊ ဦးသန်းအေး၊ ဒေါ်ငွေသိုက်၊ ဦးကျော်ဒင်၊ ဒေါ်ရီရီခင်၊ ဦးကျော်ဆန်းဝင်း၊ ဒေါ်ခင်ခင်စော၊ ဦးသက်ဦးတို့အား (တရားပြိုင်)ထားရှိပြီး မရမ်းကုန်းမြို့နယ် တရားမရုံး၌ တရားမကြီးမှုအမှတ် ၁၈/၂၀၁၃ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ် ၂၁/၂၀၁၃ဖြင့် အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ တရားရုံးကိုယ်စား တရားရုံးမှ ဆောင်ရွက်ရန်အတွက် ခန့်အပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ(ဘီလစ်) ၁၁/ကတန(နိုင်)၀၀၀၆၇၄ က တရားရုံးဒီကရီ၊ ဂရန်မိတ္တူ၊ ၃ (ခ)အထောက်အထားများတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကားရောင်းမည်

Townace light truck
ငွေရောင်
750Kg/1 ton,MT,
ဓာတ်ဆီ၊ စတီ
2005/2006,PW,RPM
ဖုန်း-၀၉-၅၁၂၄၇၆၅၊ ၀၉-၅၁၀၅၃၆၈

ကားရောင်းမည်

Land Cruiser,1998 စတီ
4700cc, ဓာတ်ဆီ၊ နောက်ချိတ်
ဖုန်း-၀၉-၅၁၀၅၃၆၈

သွေးသည် အသက်

၂၆ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ဆီးဂိမ်းကျင်းပမည့်အားကစားကွင်း၊ အားကစားရုံများ အာရှအဆင့်ပြိုင်ပွဲကြီးများ ကျင်းပနိုင်သော အဆင့်မြင့်ကွင်းရုံများဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် အသုံးပြုမည့် အားကစားကွင်း၊ အားကစားရုံ ပြိုင်ပွဲဝင် လေ့ကျင့်ရေးကွင်းရုံများသည် အာရှအဆင့် ပြိုင်ပွဲကြီးများ ကျင်းပနိုင်သည့် ကွင်းရုံများဖြစ်ကြောင်း အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က လွှတ်တော်၌ လာရောက်ရှင်းလင်းရာတွင် ထည့်သွင်းပြောကြားလိုက်သည်။

"၂၀၀၉ ခုနှစ် လာအိုနိုင်ငံမှာ ကျင်းပတဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ တက်ရောက်လာတဲ့ ကိုယ်စားလှယ်များက ၂၀၁၃ ခုနှစ် ဆီးဂိမ်းကို မြန်မာနိုင်ငံမှာ ကျင်းပဖို့ သဘောတူခဲ့ပြီးနောက် လေးနှစ်တာအတွင်းမှာ အားကစားကွင်း၊ အားကစားရုံနဲ့ အားကစားလေ့ကျင့်ရေးစခန်းများကို တည်ဆောက်ခဲ့ရပါတယ်။ မူလက အားကစားနည်း ၂၈ နည်းအတွက်သာ တည်ဆောက်ဖို့ စီစဉ်ခဲ့သော်လည်း ၂၀၁၃ ခုနှစ် ဆီးဂိမ်းကောင်စီသို့ တက်ရောက်လာတဲ့ နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်အသီးသီးက အားကစားနည်းသစ်များ ထပ်မံဖြည့်စွက်လာတဲ့အတွက် အားကစားနည်း ၃၃ မျိုးအထိ ထည့်သွင်းခဲ့ရပြီး အဲဒီအားကစားနည်း ၃၃မျိုးနဲ့လိုက်လျောညီထွေရှိမယ့် အားကစားကွင်း၊ အားကစားရုံများ၊ လေ့ကျင့်ရေးကွင်းများ လေးနှစ်တာအတွင်း အပြီးတည်ဆောက်ခဲ့ရပါတယ်။ ဒါ့အပြင် ရန်ကုန်နဲ့ မန္တလေးမြို့ရှိ အားကစားရုံ၊ အားကစားကွင်းများကိုလည်း အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများပြုလုပ်ခဲ့ရပါတယ်။ ဒီအားကစားကွင်း၊ အားကစားရုံနဲ့ လေ့ကျင့်ရေးကွင်းများဟာ ကမ္ဘာ့အဆင့်နဲ့ အာရှအဆင့် နည်းပညာပိုင်းဆိုင်ရာကိုယ်စားလှယ်အဖွဲ့ (Technical Delegate) က လာရောက်စစ်ဆေးခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲများသာမက အာရှအဆင့်၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲများ ကျင်းပနိုင်သော အားကစားကွင်း၊ အားကစားရုံများဖြစ်ကြောင်း အတည်ပြုခဲ့ပါတယ်။ ဒါ့အပြင် ဆီးဂိမ်းအကြို လာရောက်ယှဉ်ပြိုင်ကြသော နိုင်ငံကိုယ်စားပြု အားကစားတာဝန်ရှိသူများကလည်း ယခုကျင်းပမည့် အားကစားကွင်းရုံများဟာ အာရှပြိုင်ပွဲများအထိ ကျင်းပနိုင်ကြောင်း အသိအမှတ်ပြုထားပါ

ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးကို လှပခံ့ညားစွာ တွေ့ရစဉ်။

တယ်"ဟု ဒုတိယဝန်ကြီးကပြောသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံနှင့် ရေကူးကန်တို့ကိုလည်းကောင်း၊ ဇေယျာသီရိအားကစားကွင်း၊ အားကစားရုံနှင့် ရေကူးကန်တို့ကိုလည်းကောင်း အသစ်တည်ဆောက်ခဲ့သည်။ ထို့အပြင် ရန်ကုန်နှင့်မန္တလေး အားကစားကွင်းနှင့်အားကစားရုံများ၊ လေ့ကျင့်ရေး ကွင်းရုံများကိုလည်း အဆင့်မြှင့်တင် တည်ဆောက်ထားသည်။ ထို့အပြင် ပုသိမ် ငွေဆောင်တွင်လည်း ရွက်လှေအားကစားသမားများအတွက် တည်းခိုနေထိုင်ရန် အဆောက်အအုံများ ဆောက်လုပ်ခဲ့သည်။ နေပြည်တော်ရှိ အားကစားရွာသည်လည်း အာရှအဆင့်မီ အိပ်ဆောင် ၁၀၀ ပါရှိကြောင်း သိရသည်။ ယင်းအားကစားကွင်း၊ အားကစားရုံများ၊ လေ့ကျင့်ရေးကွင်းများ ပေါ်ထွန်းလာခြင်းကြောင့် မြန်မာ့အားကစား တိုးတက်လာရေးအတွက် များစွာ အထောက်အကူဖြစ်မည် ဖြစ်ပါသည်။ **မောင်ရွှေရိုး**

ဆီးဂိမ်းအကြို မြန်မာ့ခြင်းလုံးလက်ရည်စမ်းပြိုင်ပွဲ ကျင်းပစဉ်။

မြန်မာ့ခြင်းလုံးပြိုင်ပွဲဝင်ရန် ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ လာရောက်လေ့ကျင့်နေ

နေပြည်တော် နိုဝင်ဘာ ၁၃

မကြာမီကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးပြိုင်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ လာရောက်စခန်းသွင်း လေ့ကျင့်လျက်ရှိသည်။

"ထိုင်းနဲ့ ကမ္ဘောဒီးယားအသင်းတွေက ဒီမှာလာပြီး မြန်မာနည်းပြတွေနဲ့ စခန်းသွင်း လေ့ကျင့်နေပါတယ်။ ရက် ၂၀ ကျော်လောက်ရှိပါပြီ။ ထိုင်းအသင်းကတော့ ပြိုင်ပွဲမစခင် ထိုင်းကို ပြန်ပြီးလေ့ကျင့်ဦးမယ် ပြောပါတယ်။ ကမ္ဘောဒီးယားအသင်းအနေနဲ့ ဒီမှာပဲ ဆက်နေပြီး ပြိုင်ပွဲဝင်ဖို့ စီစဉ်ထားပါတယ်" ဟု မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောကြားသည်။

ခြင်းလုံးပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းနှင့်အတူ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ လာအိုနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အဆိုပါ ပြိုင်ပွဲကြီးမတိုင်မီ မြန်မာ့ခြင်းလုံးလက်ရည်စမ်းပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင် အမျိုးသား အမျိုးသမီး(က)အသင်းနှင့် (ခ)အသင်း၊ အထက်မြန်မာပြည်အသင်းနှင့်အောက်မြန်မာပြည်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ့ခြင်းလုံး အားကစားနည်းသည် နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင်ပထမဆုံးအကြိမ် ကျင်းပခွင့်ရခြင်းဖြစ်သည်။ ယင်းသို့ ကျင်းပခွင့်ရရန်အတွက် တစ်နှစ်ကျော်ကြာ ကြိုးပမ်းပြင်ဆင်ခဲ့ရကြောင်း၊ အားကစားနည်းအတွက် စည်းမျဉ်း၊ စည်းကမ်းနှင့် ဥပဒေများရေးဆွဲပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်း၊ ဒိုင်လူကြီး ၃၀ ကျော်ကိုလည်း နိုင်ငံတကာအဆင့် ဒိုင်များဖြစ်အောင် လေ့ကျင့်ပေးထားပြီးဖြစ်သကဲ့သို့ ပြိုင်ပွဲဝင် အားကစားသမားများကိုလည်း ခုနစ်လခန့် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်းဖြင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားခဲ့သည်။ ဆီးဂိမ်းတွင် အဆိုပါအားကစားနည်းမှ ရွှေတံဆိပ်ရှစ်ခု ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **အောင်သီခ**

မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်

မဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲနှင့် စာအောင်သံဃာပူဇော်ပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်တွင် ပုရိမဝါမှ ထတော်မူကြသော ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယော)ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ အမှူးပြုသော စာချ/စာသင် သံဃာတော်အရှင်မြတ် အပါး ၁၆၀ နှင့် ပင့်သံဃာဆရာတော်ကြီးများအား (၄၆)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ၂၀၁၂/၂၀၁၃ ခု ပညာသင်နှစ်တွင် ဤကျောင်းတိုက်မှ အောင်မြင်တော်မူကြသည့် **အစိုးရဓမ္မာစရိယစာချတန်း ကျမ်းရင်းသုံးကျမ်းအောင် သာသနဓဇဓမ္မာစရိယဘွဲ့ရ အရှင်သာသနာလင်္ကာရ၊ အရှင်ဇောတိကာလင်္ကာရ၊ အရှင်သီလာနန္ဒာလင်္ကာရ၊ အရှင်မုနိန္ဒာလင်္ကာရ၊ အရှင်ပညာသိရီလင်္ကာရ၊ အရှင်ကုဒ္ဒိဗလာလင်္ကာရ၊ အရှင်ဉာဏုတ္တရာလင်္ကာရ၊ အစိုးရပထမပြန်စာမေးပွဲ ပထမကြီးတန်း တစ်နိုင်ငံလုံး ဒုတိယဂုဏ်ထူးရ အရှင်ပညာဝံသာလင်္ကာရ၊ အစိုးရပထမပြန်စာမေးပွဲ ပထမလတ်တန်း တစ်နိုင်ငံလုံး ပထမဂုဏ်ထူးရ ရှင်အရိယဓမ္မ၊ တစ်နိုင်ငံလုံး ဒုတိယဂုဏ်ထူးရရှင်ပဏ္ဍိစ္စ၊ အစိုးရနိကာယ်စာမေးပွဲ အဘိဓမ္မဝိဒူ တစ်နိုင်ငံလုံး ပထမဂုဏ်ထူးရ အရှင်ဝါသေဋ္ဌာလင်္ကာရ** သာသနာ့အာဇာနည်အရှင်မြတ် (၁၁)ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့(၁၇-၁၁-၂၀၁၃ရက်) တနင်္ဂနွေနေ့ နံနက် ၉း၀၀နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကုသိုလ်ရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက် ကြပါရန် ဝေယျာဝစ္စအဖွဲ့မှ ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **ဝေယျာဝစ္စအဖွဲ့**

မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဖုန်း-၅၄၉၄၅၄၊ ၅၅၇၉၅၈

(၁၀) နှစ်ပြည့် မင်္ဂလာဆုတောင်းလွှာ

MD ဦးထွန်းထွန်းနိုင်
Managing Director, Blue Ocean Operating Management Co.,Ltd
Vice Chairman, Rakhine Development Corp.
Director, Myanmar Technologies & Investment Corp.
+
Director ဒေါ်ယဉ်မင်းဦး
Director, Blue Ocean Operating Management Co.,Ltd

တို့၏ ၁၄.၁၀.၂၀၁၃ (၁၀)နှစ် ပြည့်မင်္ဂလာမှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတု မင်္ဂလာတိုင်အောင် မိသားစုနှင့် အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်စွာဖြင့် အရာရာတွင် အောင်မြင်မှုများရရှိပြီး အမြဲတမ်းသာ၊ သာသနာ့ အကျိုးကို ထမ်းဆောင်နိုင်သည့် သာယာပျော်ရွှင်ချမ်းမြေ့ဖွယ် မိသားစုဘဝကို တည်ဆောက်နိုင်ပါစေကြောင်း Blue Ocean Operating Management ဝန်ထမ်းများမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

Sedona Hotel တွင် ၈-၁၁-၂၀၁၃ ရက်က ကျင်းပပြုလုပ်သော ကျွန်တော် ကျွန်မတို့၏ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာနာယကအဖြစ် ဦးဆောင်စီစဉ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးခင်မောင်မောင်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်ချုပ်မြင့်အောင်(ငြိမ်း)နှင့် ဇနီး ဒေါ်သဇင်ခိုင်၊ မင်္ဂလာအသိသက်သေအဖြစ် ဆောင်ရွက်ပေးပါသော ဦးဦးထွန်း (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)နှင့် ဦးသင်းထွဋ်ဟန် (ဒု-ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်ဦးစီးဌာန)တို့အားလည်းကောင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်တွင် ၉-၁၁-၂၀၁၃ ရက်က ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ မင်္ဂလာလက်ဖွဲ့ပေးပို့သော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမွန်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး၊ (ဗိုလ်ချုပ်စောလွင်-ငြိမ်း)၏ မိသားစုတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးနန္ဒကျော်စွာနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)၊ ဗိုလ်ချုပ်လှဦး(ငြိမ်း)၏မိသားစု၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်တော်ကြီးများကိုလည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်းမှအငြိမ်းစားအရာရှိကြီးများနှင့်မိသားစုများ၊ မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးနှင့်တကွ ဝန်ထမ်းမိသားစုတို့ကိုလည်းကောင်း၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟတို့ကိုလည်းကောင်း၊ ၁၀-၁၁-၂၀၁၃ ရက် Inya Lake Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်နှင့်ဇနီးဒေါ်ချော၊ ပြည်ထောင်စုဝန်ကြီးဦးဆန်းဆင့်၏ ဇနီးဒေါ်ခင်မလေး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၏ဇနီးဒေါ်မြင့်မြင့်စိုး၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးဇော်မင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးဦးမြင့်သိန်းနှင့်ဇနီး၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့်ဇနီး၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၅)မှ ကျောင်းဆင်းအရာရှိကြီးများနှင့်မိသားစုများ၊ တောင်ကြီးမြို့မှ ငယ်သူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားများတွင် အဘက်ဘက်မှကူညီဆောင်ရွက်ပေးပါသော မြန်မာ့သစ်လုပ်ငန်းမှ ဒေါ်အေးအေးမွန်နှင့် ဝန်ထမ်းများကိုလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဦးသန်းမြတ်စိုး၊ စန္ဒရားဦးသိန်းမြင့်သန်း၊ ဓာတ်ပုံနှင့်ဗီဒီယို ကိုဖိုးလုံး၊ မိတ်ကပ်ဆံပင် မေတ္တာဖြင့် စီစဉ်ကူညီပေးပါသော Ma Lai နှင့် ဇနီးဒေါ်ခင်သီဂီစိုး၊ မိတ်ကပ်လင်းလင်းတို့အားလည်းကောင်း၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ချီးမြှင့်ပေးပါသော မိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်သက်တင်မောင်-မခင်သီဂီကျော်(ခ)ငွေစင်သွန်း

နိုင်ငံတကာအားကစားသတင်း

ဂျာမန်ဘွန်ဒက်စ်လီဂါရပ်တည်မှုဇယား (သီဟ)

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဘိုင်ယန်မြူးနစ်	၁၂	၁၀	၂	၀	၃၂
၂	ဒေါ့မွန်	၁၂	၉	၁	၂	၂၈
၃	လေဗာကူဆင်	၁၂	၉	၁	၂	၂၈
၄	မိုချန်ဂလက်ဘတ်	၁၂	၇	၁	၄	၂၂
၅	ဝုဖ်ဘတ်	၁၂	၇	၀	၅	၂၁
၆	ရှော်လ်ကေး	၁၂	၆	၂	၄	၂၀
၇	ဟာသာဘာလင်	၁၂	၅	၃	၄	၁၈
၈	စတုဂတ်	၁၂	၄	၄	၄	၁၆
၉	မိန့်ဇ်	၁၂	၅	၁	၆	၁၆
၁၀	ဝါဒါဘရီမင်	၁၂	၄	၃	၅	၁၅
၁၁	ဟန်နိုဗာ	၁၂	၄	၂	၆	၁၄
၁၂	ဟော့ဖန်ဟိမ်း	၁၂	၃	၄	၅	၁၃
၁၃	အော့စ်ဘတ်	၁၂	၄	၁	၇	၁၃
၁၄	ဟမ်းဘတ်	၁၂	၃	၃	၆	၁၂
၁၅	ဖရန့်ဖတ်	၁၂	၂	၄	၆	၁၀
၁၆	ဖရိုင်းဘတ်	၁၂	၁	၅	၆	၈
၁၇	ဘရန်းရှ်ဗစ်	၁၂	၂	၂	၈	၈
၁၈	နူရင်ဘတ်	၁၂	၀	၇	၅	၇

ပြင်သစ်လီဂူးရပ်တည်မှုဇယား

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
၁	ပီအက်စ်ဂျီ	၁၃	၉	၄	၀	၃၁
၂	လိုင်လီ	၁၃	၈	၃	၂	၂၇
၃	မိုနာကို	၁၃	၇	၅	၁	၂၆
၄	နန့်တက်စ်	၁၃	၇	၂	၄	၂၃
၅	မာဆေး	၁၃	၆	၃	၄	၂၁
၆	ရိမ်းစ်	၁၃	၄	၇	၂	၁၉
၇	လိုင်ယွန်	၁၃	၅	၃	၅	၁၈
၈	ဂူအင်ဂမ့်	၁၃	၅	၃	၅	၁၈
၉	စိန့်အက်တီယန်	၁၃	၅	၃	၅	၁၈
၁၀	ဘတ်စတီယာ	၁၃	၅	၃	၅	၁၈
၁၁	ရန်းနက်စ်	၁၃	၄	၅	၄	၁၇
၁၂	ဘော်ဒိုး	၁၃	၄	၅	၄	၁၇
၁၃	နိုက်စ်	၁၃	၅	၂	၆	၁၇
၁၄	အီဗီယန်	၁၃	၄	၄	၅	၁၆
၁၅	တူးလော့စ်	၁၃	၄	၄	၅	၁၆
၁၆	မောင့်ပယ်လီယာ	၁၃	၂	၈	၃	၁၄
၁၇	လောရီယန့်	၁၃	၃	၂	၈	၁၁
၁၈	ဗလင်စီနက်စ်	၁၃	၂	၃	၈	၉
၁၉	အဂျာစီယို	၁၃	၁	၅	၇	၈
၂၀	ဆိုးချော့စ်	၁၃	၁	၄	၈	၇

ရုန်းကန်နေရတဲ့ စီးရီးအေအသင်းများ ›› အာကာကျော်

အီတလီစီးရီးအေမှာ ဆမ့်ဒိုးရီးယားနဲ့ ချီယေဗိုတို့ဟာ အတော်လေး ရုန်းကန်ကြိုးစားနေရတဲ့အနေအထားပါပဲ။ စီးရီးအေပြိုင်ပွဲ ကစားလာခဲ့တာ ပွဲစဉ် (၁၂) ပြီးဆုံးသွားခဲ့ပေမယ့် ရာသီအစရလဒ်တွေကတော့ ဆိုးရွားနေဆဲပါပဲ။ ဒါကြောင့်လည်း ဒီနှစ်သင်းရဲ့ နည်းပြတွေကို ရာထူးမှ ဖယ်ရှားလိုက်ပြီလို့ ဆိုပါတယ်။ နည်းပြဆန်နင်နိုဟာ ချီယေဗိုအသင်းကို တိုးတက်အောင် မကြံဆောင်နိုင်ခဲ့ပါဘူး။ ပွဲစဉ်(၁၂)ပြီးသွားပေမယ့် အမှတ်ပေးဇယားရဲ့ အောက်အခြေမှာ ချီယေဗိုကိုတက်လာအောင် မစွမ်းနိုင်ခဲ့ပါဘူး။ ယခုအထိ ချီယေဗိုအသင်းဟာ ခုနစ်မှတ်၊ ခြောက်မှတ်သာ ရသေးတယ်လို့ ဆိုပါတယ်။ တစ်ချိန်က နာမည်ကြီးခဲ့တဲ့ ချီယေဗိုဟာ ၄င်းလက်ထက်မှာတော့ အတော်လေးဆိုးရွားတဲ့ ရလဒ်တွေပဲလို့ အီတလီပရိသတ်တွေက ဝေဖန်ပြောဆိုနေကြပါတယ်။

ဒီလိုပါပဲ။ ဆမ့်ဒိုးရီးယားအသင်းလည်း အခြေအနေမဟန်ပါဘူး။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဖီအိုရင်တီးနားကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး ဇယားနံပါတ် ၁၈ မှာ ရှိနေတယ်။ ဒီလိုရလဒ်မကောင်းခဲ့တာကြောင့် ဆမ့်ဒိုးရီးယားက နည်းပြ ဒီလီယိုရော့စ်ကို အလုပ်ဖြုတ်လိုက်ပြန်ပါတယ်။ သူဟာ ဆမ့်ဒိုးရီးယားကို ၁၁လသာ ကိုင်တွယ်ခဲ့ရပါတယ်။

ကတိပြုပြောဆို

အီတလီစီးရီးအေမှာ ယခုလို ရလဒ်တွေမကောင်းလို့ ဒီနှစ်ထဲမှာ အလုပ်ဖြုတ်ခံရတဲ့ နည်းပြငါးဦး ရှိသွားပြီလို့ ဆိုပါတယ်။ လောလောဆယ်မှာ အေစီမီလန်နည်းပြလည်း ဖိအားပေးခံနေရပါတယ်။ အေစီမီလန်နည်းပြအော်လာဂရီတာတော့ အသင်းပိုင်ရှင် ဘာလူစကိုနီနဲ့ ဆွေးနွေးပြီးပြီလို့ ဆိုပါတယ်။ သူ့အနေနဲ့ အေစီမီလန်အသင်းကို ပြန်လည်အောင်မြင်မှုတွေရအောင် ကြိုးစားပေးသွားမယ်လို့ ကတိပြုပြောဆိုနေပါတယ်။

အေစီမီလန်အသင်းဟာ ဇယားထိပ်ရောက် ရိုးမားအသင်းရဲ့ နောက်မှ ၁၉ မှတ်ခွာလိုက်နေရပါတယ်။ စုစုပေါင်း ၁၃ မှတ်သာရပြီး ဇယားနံပါတ် ၁၀ မှာရှိနေပါတယ်။

အဆိုးဆုံးက လွန်ခဲ့တဲ့ ခြောက်ပွဲမှာ အေစီမီလန်တို့ တစ်ပွဲမျှ အနိုင်မရသေးဘူးလို့ ပြောပါတယ်။ ဒါကြောင့် ရာသီအစ အခြေမလှတဲ့ထဲမှာ အေစီမီလန်လည်း ပါဝင်နေတာတွေ့ရပါတယ်။ လာမယ့်ပြိုင်ပွဲတွေမှာတော့ ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ လုပ်လာမလဲဆိုတာကတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ဗန်ပါစီချစ်ကြည်ရေးပွဲများနှင့်လွဲ

မန်ယူတိုက်စစ်မှူး ဗန်ပါစီသည် ဂျပန်၊ ကိုလံဘီယာတို့နှင့် ချစ်ကြည်ရေးကစားမည့် နယ်သာလန်အသင်းတွင် ဒဏ်ရာများရရှိထားသဖြင့် မပါဝင်နိုင်တော့ဟု ဆိုသည်။ နယ်သာလန်အတွက် ၈၁ ပွဲ ပါဝင်ကစားပေးခဲ့သော အသက် ၃၀ ရှိ တိုက်စစ်မှူး ဗန်ပါစီသည် ခြေချောင်းများထိခိုက်ဒဏ်ရာရရှိထားခြင်းကြောင့် နယ်သာလန်အတွက် မကစားနိုင်တော့ဟု ဆိုသည်။

နယ်သာလန်အသင်းခေါင်းဆောင်ဗန်ပါစီသည် စနေနေ့တွင် ဘယ်လ်ဂျီယံ၌ ဂျပန်နှင့်ကစားမည့်ပွဲနှင့် အင်္ဂါနေ့တွင် အိမ်ကွင်း၌ ကိုလံဘီယာနှင့်ကစားမည့် ချစ်ကြည်ရေးပွဲများ လွဲချော်မည်ဖြစ်သည်။ ၄င်းသည် မန်ယူက အာဆင်နယ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည့်ပွဲတွင် အနိုင်ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။

ကာရစ်နှင့်ဝဲလ်ဘတ် အင်္ဂလန် ချစ်ကြည်ရေးပွဲများနှင့်လွဲ

မန်ယူ၏ နာမည်ကြီးကစားသမားနှစ်ဦးဖြစ်သည့် ကာရစ်နှင့်ဝဲလ်ဘတ်တို့သည် ဒဏ်ရာရရှိထားသည့်အတွက် အင်္ဂလန်အသင်းတွင် မပါဝင်နိုင်တော့ဟုဆိုသည်။ အင်္ဂလန်အသင်းသည် ချီလီ၊ ဂျာမနီတို့နှင့် ချစ်ကြည်ရေးကစားရန် စီစဉ်ထားသည်။ ဝင်ဘလေကွင်းကြီး၌ အင်္ဂလန်နှင့်ချီလီတို့ သောကြာနေ့တွင် ချစ်ကြည်ရေးကစားမည်ဖြစ်သည်။

ယင်းနောက် အင်္ဂါနေ့တွင် ဂျာမနီနှင့်ဆက်လက်ကစားမည်ဖြစ်သည်။ ဂျာမနီနှင့်ချီလီတို့သည် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ထားသည်။ အသက် ၃၂ နှစ်ရှိ ကာရစ်သည် ခြေဖနောင့်ဒဏ်ရာရထားပြီး တိုက်စစ်မှူးဝဲလ်ဘတ်က ဒူးခေါင်းဒဏ်ရာရထားသည်။ နည်းပြရွှိုင်းဟော့ဆင်အနေဖြင့် ၂၆ ဦး ကစားသမားပြည့်မီရန် ကစားသမားများပြန်ဖြည့်ရမည်ဟု အက်ဖ်အေက ပြောသည်။

ကောင်းမြတ်သူ-စုစည်းသည်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မောင်ဘိုဘိုဖေဝင်းနှင့် မမေစိုးမောင်တို့၏ ၂၆-၁၀-၂၀၁၃ ရက်တွင် ရန်ကုန်မြို့ **မင်းကွန်းတိပိဋကရွှေရတုမင်္ဂလာခန်းမ၌** ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးပင် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဘိုဘိုဖေဝင်း-မမေစိုးမောင်

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အသုံးမလိုစက်နှင့်စက်အရန်ပစ္စည်း(အဟောင်း)များရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ အမှတ်(၁) အထည်စက်ရုံခွဲ(မရမ်းကုန်း)ရှိ အသုံးမလို ပိုလျှံစက်နှင့်စက်ပစ္စည်း(အဟောင်း)များအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

(က) အမှတ်(၁)အထည်စက်ရုံခွဲ(မရမ်းကုန်း) စက်နှင့်စက်ပစ္စည်း(အဟောင်း) ၂၉မျိုး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်/နေရာ** - ၁၃-၁၁-၂၀၁၃ရက် ရုံး(၃၇)၊ အထည်အလိပ်လုပ်ငန်း

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၁၁-၂၀၁၃ရက်၊ ၁၆း၀၀နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-
ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း
ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၄၀၈၁၈၅၊ ၄၀၈၃၃၈

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဉသာမြို့သစ်၊ (၅) ရပ်ကွက်၊ မြေတိုင်း(၁၇)၊ အကွက်အမှတ် ၃၅၇၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးမောင်မောင် အမည်ပေါက် မြေပေးပါမစ် ပျောက်ဆုံးသွားပါသဖြင့် ကာယကံရှင် ဦးမောင်မောင် ကိုယ်တိုင် မြေပေးမိန့်ပါမစ် ထပ်မံလျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ၁၄ရက်အတွင်း အထောက်အထားများယူဆောင်လာပြီး ကန့်ကွက်နိုင်ပါသည်။

ဦးမောင်မောင်
၇/ပခန(နိုင်)၀၂၀၄၇၃
ဖုန်း-၄၉၄၃၇၆၁၈

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

နိုင်ငံခြားရေးဝန်ကြီးဌာန
အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း
(Certificate Course in Basic Diplomatic Skills)
သင်တန်းအမှတ်စဉ်(၃၂)အတွက်
သင်တန်းသားခေါ်ယူခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန အငြိမ်းစားသံအမတ်ကြီးများနှင့် ဝါရင့်သံတမန်ကြီးများ၊ ကျွမ်းကျင်သူ ပညာရှင်များကိုယ်တိုင်ပို့ချမည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၃၂)ကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၆ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ နိုင်ငံတကာရေးရာကိစ္စများတွင် စိတ်ပါဝင်စားသူများ၊ နိုင်ငံတကာနှင့်ဆက်ဆံမှုရှိသည့် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီဒါရိုက်တာများ၊ ဝန်ထမ်းများ စာရင်းသွင်းတက်ရောက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ သင်တန်းတွင် သံတမန် ရေးရာ(Protocol)၊ အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အစည်းအဝေးကျင်းပခြင်း (International Conferencing)၊ သံတမန်စာပေးစာယူဆက်သွယ်မှု(Diplomatic Correspondence)၊ စေ့စပ်ပြောဆိုမှုနည်းလမ်းများ(Negotiating Techniques) စသည့် ဘာသာရပ်များကို အထူးပြုသင်ကြားပေးမည်ဖြစ်ပါသည်။

၁။ **တက်ရောက်နိုင်သူများ** - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူများ (စီးပွားရေးလုပ်ငန်းရှင်များအတွက် ပညာအရည်အချင်း ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပါမည်)

၂။ **သင်တန်းကာလ** - ရက်သတ္တပတ်(၁၂)ပတ်

၃။ **သင်တန်းနေရာ** - 'မဟောသဓာ'ခန်းမဆောင်၊ ပြည်လမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့

သင်တန်းလျှောက်လွှာများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာနတွင် စတင်လက်ခံနေပြီဖြစ်ပြီး၊ လျှောက်လွှာများကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၂ရက် နောက်ဆုံးထားလက်ခံပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၂၂၁၅၃၁၊ ၂၂၁၅၃၇၊ ၂၂၂၀၂၈
သင်တန်းကြီးကြပ်မှုကော်မတီ
နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့

ဆောင်းပါးနှင့်နယ်သတင်း

ငရုတ်သီးစပ်စပ် ဆေးစွမ်းထက်

ငရုတ်သီးဟာ ပူတယ်။ စပ်တယ်ဆိုတာကို ရှင်းပြနေစရာမလိုအောင် လူတိုင်းနဲ့ ရင်းနှီးနေတဲ့ အစားအစာ ဖြစ်ပါတယ်။ ပူလို့ စပ်လို့ဆိုပြီး မစားနိုင်တဲ့သူတွေရှိပေမယ့်လည်း အပူအစပ်ကြိုက်တဲ့ ငရုတ်သီးပရိသတ်ကတော့ ဒုနဲ့ဒေးပါပဲ။ မြန်မာထမင်းဝိုင်းတွေမှာဆို ငရုတ်သီးနဲ့ပြုလုပ်ထားတဲ့ အစပ်ဟင်းတစ်ခွက်ကတော့ အမြဲပါလေ့ရှိပါတယ်။ ဟင်းအနေနဲ့ တကူးတက မချက်နိုင်ရင်တောင် ငရုတ်သီးစိမ်းလေးတွေ ရေဆေးပြီး ဒီတိုင်းကိုက်စားကြတာ တွေ့ဖူးကြမှာပါ။ အညာမှာတော့ ငရုတ်သီးနဲ့ လွတ်တဲ့ဟင်း မရှိသလောက်ပါပဲ။ ငရုတ်သီးရဲ့ ရုက္ခဗေဒအခေါ်အဝေါ်ကတော့ Capsium annum (ကဲ့ပ်ဆီယမ်အနမ်) ဖြစ်ပါတယ်။

ငရုတ်သီးရဲ့ မူလဇာတိက အမေရိကတိုက်ဖြစ်တယ်လို့ ကမ္ဘာ့ငရုတ်သီးသုတေသီတွေက လေ့လာတွေ့ရှိထားပါတယ်။ မြန်မာနိုင်ငံမှာတော့ ငရုတ်သီးမျိုးစေ့ကို တရုတ်ပြည်ကတစ်ဆင့်ရရှိခဲ့တာလို့ မြန်မာ့သမိုင်း ပညာရှင်တွေက ဖော်ပြထားပါတယ်။

ကမ္ဘာပေါ်မှာ လူသုံးအများဆုံး ငရုတ်သီးမျိုးစိတ်ပေါင်း ၄၆ မျိုးရှိပါတယ်။ တစ်နှစ်ပတ်လုံး ပေါက်ရောက်တဲ့ အပင်ဖြစ်သလို အသီးအရောင်ကလည်း အနီ၊ အဝါ၊ အစိမ်းစသည်ဖြင့် အမျိုးမျိုး ကွဲပြားစွာ ပေါက်ရောက်ကြပါတယ်။ ငရုတ်သီးရဲ့ အပြင်လွှာမှာရှိတဲ့ ဓာတ်ပစ္စည်းတွေပေါ်မူတည်ပြီး အရောင်တွေ ကွဲသွားကြတာပါ။ ဓာတ်ပစ္စည်းပါဝင်တဲ့ အချိုးအဆပေါ်မူတည်ပြီး အနီ၊ အဝါ၊ အစိမ်းအပြင် ကြားထဲက အရောင်တွေလည်း ရှိတတ်ကြပါတယ်။

ကျန်းမာရေးသုတေသီတွေက ငရုတ်သီးမှာပါဝင်တဲ့ ဓာတ်ပစ္စည်းတွေကို စမ်းသပ်ခဲ့ရာမှာ ဗီတာမင်စီ၊ သံဓာတ်၊ သတ္တုဓာတ်၊ ကယ်လ်စီယမ်ဓာတ်၊ ဗီတာမင်ဘီ၊ ဖော့စ်ဖောရပ်စ်ဓာတ်တို့အပြင် ပူခြင်းစပ်ခြင်းကို ဖြစ်ပေါ်စေတဲ့ ဓာတ်တစ်မျိုး ပါဝင်နေတာကိုတွေ့ရှိခဲ့ကြပါတယ်။

ငရုတ်သီးရဲ့ဆေးစွမ်းထက်ပုံတွေကလည်း အံ့မခန်းပါပဲ။ ငရုတ်သီးက နာကျင်မှုဝေဒနာတွေကို သက်သာအောင် လုပ်ပေးနိုင်ပါတယ်။ အထူးသဖြင့် ကြွက်သားနာကျင်တာ၊ ခွဲစိတ်မှုအပြီး နာကျင်တဲ့ဝေဒနာတွေနဲ့ အဆစ်ရောင်ရောဂါတွေကို သက်သာစေပါတယ်။ လေ့လာမှုတွေအရ ငရုတ်သီးဟာ ဦးနှောက်ဆီသို့ နာကျင်မှုအကြောင်း သတင်းပို့ပေးတဲ့ လမ်းကြောင်းတွေကို တားဆီးပေးနိုင်တယ်လို့ သိရပါတယ်။ ငရုတ်သီးဟာ သွေးဖိအားကို ကျစေပါတယ်။ သွေးတွင်းသကြားဓာတ်ကို ထိန်းပေးနိုင်ပြီး ဆာလောင်စိတ်များတဲ့ ဟော်မုန်းကို လျော့ကျစေတဲ့အပြင် သွေးကြောများ ရောင်ရမ်းခြင်းကို သက်သာစေပါတယ်။

ငရုတ်သီးကို အသင့်အတင့်စားသုံးပေးရင် သွေးတိုးရောဂါနဲ့ ဆီးချိုသွေးချိုရောဂါတွေမဖြစ်အောင် တားဆီးပေးနိုင်တယ်လို့ သိရပါတယ်။ အရေပြား ယားတာ၊ ရောင်တာတွေကို သက်သာစေတဲ့အပြင် ကင်ဆာရောဂါတွေကိုပါ တိုက်ဖျက်နိုင်စွမ်းရှိတယ်လို့ဆိုပါတယ်။ အထူးသဖြင့် အမျိုးသားတွေမှာ အဖြစ်များတဲ့ ဆီးကျိတ်ကင်ဆာရောဂါကို တိုက်ဖျက်ပေးနိုင်ပါတယ်။ ငရုတ်သီးမှာပါတဲ့ဓာတ်ပစ္စည်းတစ်မျိုးဟာ ဆီးကျိတ်ကင်ဆာ ကလာပ်စည်းတွေကို အလိုအလျောက် သေဆုံးမှုဖြစ်စေနိုင်တယ်လို့ စမ်းသပ်မှုတွေအရ သိရှိရပါတယ်။

ထို့အပြင် မှိုနဲ့ အခြား ဗက်တီးရီးယားပိုးများကို ချေမှုန်းနိုင်ပြီး ကိုယ်ခံစွမ်းအားကို မြင့်မားစေတဲ့အပြင် သွားရည်အထွက်များစေပါတယ်။

ငရုတ်သီး စားလိုက်တဲ့အခါ ခန္ဓာကိုယ်တွင်းက ကာဗွန်ဟိုက်ဒရိတ်တွေ ကြေပျက်သွားပြီး အပူစွမ်းအင်တွေ ထွက်လာပါတယ်။ ၎င်းက ခန္ဓာကိုယ်မှာရှိတဲ့ မလိုအပ်တဲ့ အဆီတွေကို ဖယ်ရှားပေးပါတယ်။ အဲဒါကြောင့် ကိုယ်အလေးချိန်ထိန်းသိမ်းချင်တဲ့သူတွေ၊ အဝလွန်သူတွေအနေနဲ့ ငရုတ်သီးကို အစိမ်းအတိုင်းပဲ စားစား၊ ဟင်းထဲထည့်ချက်ပြီးပဲ စားစား၊ အသုပ်ထဲမှာ ငရုတ်သီးမှုန့် ထည့်ပြီးတော့ပဲ စားစား မိမိနှစ်သက်သလို စားသုံးနိုင်တယ်လို့ ဆိုပါတယ်။

ငရုတ်သီးကို ကျန်းမာရေးအတွက်သာမကဘဲ လက်နက်အဖြစ်လည်း အသုံးပြုနိုင်ပါသေးတယ်။ နိုင်ငံရပ်ခြားက အမျိုးသမီးတွေဟာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့အတွက် ပန်းဆေး (Pepper Spray) ကို အမြဲဆောင်ထားတတ်ကြပါတယ်။ ၎င်းပန်းဆေးနဲ့ ၂၅ ပေထိရောက်အောင် ဖျန်းပက်ကာကွယ်နိုင်ပါတယ်။ အမျိုးသမီးသုံး ပန်းဆေးမှာ ငရုတ်သီးစပ်တဲ့ ယူနစ်က နှစ်သောင်းခွဲကနေ နှစ်သိန်းအထိရှိပြီး ရဲတွေအသုံးပြုတဲ့ ပန်းဆေးမှာတော့ ယူနစ်ပေါင်း ငါးသိန်းကနေ ငါးသန်းအထိ ရှိတယ်လို့ မှတ်သားရပါတယ်။

ဘယ်လောက်ပဲ ဆေးစွမ်းထက်ပါစေ "တန်ဆေး၊ လွန်ဘေး"ဆိုတဲ့ စကားအတိုင်း အသင့်အတင့်ပဲ စားသုံးကြဖို့ အကြံပြုပါရစေ။ သာမန်ကျန်းမာတဲ့လူက ငရုတ်သီးစားလို့ အကျိုးကျေးဇူးခံစားရပေမယ့် ဝက်ခြံအထွက်များသူတွေကတော့ ငရုတ်သီးစားရင် ရောဂါပိုဆိုးလာမှာပါ။ ဒါကြောင့်ချင့်ချိန်စားသောက်ပြီး ကျန်းမာအသက်ရှည်ကြပါစေကြောင်း ဆန္ဒပြုရေးသား တင်ပြလိုက်ပါတယ်။

ဇင်ဇင်မင်းလွင်

လူကုန်ကူးမှုတိုက်ဖျက်ရေး လူတိုင်းကိုယ်စီ သတင်းပေး

ရွှေတောင်မြို့ ရွှေနတ်တောင်စေတီတော်မြတ်ကြီး ဓာတ်လှေကားတည်ဆောက်ရန် လှူဒါန်းနိုင်

ရွှေတောင် နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ခရိုင် ရွှေတောင်မြို့နယ် မယားမာန်ကျေးရွာတွင် တည်ထားကိုးကွယ်လျက်ရှိသော သမိုင်းဝင်ရွှေနတ်တောင် စေတီတော်မြတ်ကြီးအား ရပ်ဝေး/ရပ်နီးမှ ရဟန်းရှင်လူ ပြည်သူအများ၊ ဘုရားဖူးများ မပင်မပန်းချမ်းသာ လွယ်ကူစွာ ဖူးမြော်ကြည်ညိုနိုင်စေရန်အတွက် ဓာတ်လှေကားတည်ဆောက်တပ်ဆင်လျက်ရှိသည်။ **(အပေါ်ပုံ)**

ယခုအခါတွင် ဓာတ်လှေကားတည် ဆောက်တပ်ဆင်မှုမှာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည့်အတွက် ကုန်ကျမည့်ငွေစုစုပေါင်းမှာ သိန်း ၁၇၀၀ ကျော်ခန့်ကုန်ကျမည်ဖြစ်သည့်အတွက် ဆက်လက် တည်ဆောက်တပ်ဆင်နိုင်ရန် လိုအပ်သော ငွေကျပ်သိန်း ၃၀၀ ကျော်ကို ကြိုတောင့်ကြိုခဲ ဓာတ်လှေကားတည်ဆောက်တပ်ဆင်ခြင်းဟူသော ကုသိုလ်ပွဲတွင် စေတနာရှင်များ၊ ပါရမီရှင်များအနေဖြင့် ကိုယ်တိုင်ကိုယ်ကျ ဆက်သွယ်လှူဒါန်းလိုပါက သမိုင်းထွန်းပြောင် ရွှေနတ်တောင်စေတီတော်မြတ်ကြီး ရင်ပြင်တော် အလှူခံဌာနသို့ လာရောက်လှူဒါန်းနိုင်ကြပြီး ကိုယ်တိုင်ကိုယ်ကျ မလာရောက်နိုင်သူများသည် ရွှေနတ်တောင်စေတီတော်မြတ်ကြီး ဖုန်း- ၀၉- ၅၃၇၀၆၇၀၊ ဦးလှထွန်းမြင့် (ဥက္ကဋ္ဌ) ဖုန်း- ၀၉-၅၃၀၀၁၃၆၊ ဦးအောင်ကြည် (ဒုတိယဥက္ကဋ္ဌ-၁) ဖုန်း-၀၉-၅၀၀၅ ၄၃၄၊ ဦးကျော်ကျော်ဝင်း(ဒုတိယဥက္ကဋ္ဌ-၂)ဖုန်း-၀၉-၅၃၀၀၇၅၆၊ဦးဘညိဏ်းတင့် (အတွင်းရေးမှူး) ဖုန်း- ၀၅၃-၅၅ ၄၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(၁၁၆)**

ကွတ်ခိုင်မြို့၌ စာပေဟောပြောပွဲ ကျင်းပ

ကွတ်ခိုင် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့၌ ပြဟ္မစိုရ်နှလုံးသား(အခမဲ့) လူမှုကူညီရေးအသင်းကကြီးမှူးကျင်းပသည့် စာပေအသိပညာဗဟုသုတ တိုးပွားလာပြီး ပညာရေးကဏ္ဍအမြင် ပွင့်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်တတ်လာစေရန် ရည်ရွယ်၍ ကွတ်ခိုင်မြို့နယ်ရှိ စာပေချစ်သူများ၊ လူငယ်၊ လူရွယ်၊ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် စာပေဟောပြောပွဲကို နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကွတ်ခိုင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်၊ ပြဟ္မစိုရ်နှလုံးသား (အခမဲ့) လူမှုကူညီရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းရွှေမှန်တို့က အမှာစကားပြောကြားပြီး ဆရာမဒေါ်သန်းမြင့်အောင်၊ ဆရာမပိန်းပိန် (စာရေးဆရာမ ပြင်ဦးလွင်)၊ ဆရာဇော်ခိုင်ဦး (စာရေးဆရာ၊ မန္တလေး)၊ ဆရာဗေလုဝ (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်၊ ဒါရိုက်တာ၊ စာရေးဆရာ) တို့က စာပေ၏ အကျိုးကျေးဇူးကို အချိန်တိုအတွင်း ပြည်သူများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(iprd)**

ရွှေသင်းဘိုးဘွားရိပ်သာတွင် ဘိုးဘွားများအား အာဟာရကျွေး

ရမည်းသင်း နိုဝင်ဘာ ၁၃

ရမည်းသင်းမြို့နယ် အသင်း (ရန်ကုန်) တွဲဖက်အတွင်းရေးမှူး ဦးခေတ်မောင် - ဒေါ်မြင့်မြင့်သန်း သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့နေ မိသားစုက နိုဝင်ဘာ ၉ ရက်က ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား တစ်နေ့တာ အာဟာရထမင်းများ ကျွေးမွေးသည်။

ယင်းမိသားစုတို့က ဘိုးဘွား ၁၅ ဦးအား အလှူငွေများ ကုသိုလ်ပြုလှူဒါန်းသည်။

ထို့ပြင် ဦးစိုးမြင့်နှင့်ဇနီး ဒေါ်ခင်စိန်ဝင်း သုဝဏ္ဏ ရန်ကုန်မြို့နေသူတို့က ရိပ်သာရှိ ဝန်ထမ်းလေးဦးအား ငွေများချီးမြှင့်သည်။

အာဟာရ တစ်နေ့တာ အလှူရှင် မိသားစုတို့က (၇၀) နှစ်မြောက် မြို့လုံးကျွတ် မဟာဘုံကထိန်ပွဲတော်တွင် ညှပ်မဲပေါက် သံဃာအား တန်ဖိုးငွေကျပ် ၂၅၀၀၀၀ တန် ညှပ်ပဒေသာတစ်ပင်ကို နိုဝင်ဘာ ၇ ရက်က ရန်ကုန် အောင်မြင်သာသနာ့ဗိမာန်တွင် ညှပ်မဲပေါက် သံဃာတော်အား ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။ **(၀၁၁)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကတ်သုတ်ကြေးနီ ၆၀၀မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

ကြမ်းခင်းဈေး - တင်ဒါဖွင့်သည့်ရက်တွင်ရှိမည့် London Metal Exchange ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန်၏ ဈေးနှုန်းထက်မနိမ့်သောဈေး

တင်ဒါပိတ်ရက်နှင့်အချိန် - ၉-၁၂-၂၀၁၃ ရက် ၁၆:၀၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၁၂နှင့် ၀၆၇-၄၀၉၃၈၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ လုပ်ငန်းခွင်အရောက် ဘိလပ်မြေများကို အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ(သရက်၊ ကြံခင်း၊ ကျောက်ဆည်) စက်ရုံများမှ သယ်ယူပို့ဆောင်ရာတွင် လမ်းကြောင်းအလိုက် ပုတ်ပြတ်နှုန်းထားများပေးပို့ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် ဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၇

ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ လုပ်ငန်းသုံးစက်ပစ္စည်း၊ စက်ရုံသုံး(GMP)စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရုံးသုံးပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများဝယ်ယူမည်ဖြစ်ပါ၍ သက်ဆိုင်ရာကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် စက်ပစ္စည်းများစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၆၇-၄၃၁၀၉၅၊ ၄၃၁၁၄၆တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်နှင့် စက်ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာပုံစံများ

စတင်ရောင်းချမည့်ရက် - ၁၄-၁၁-၂၀၁၃ ရက် (ကြာသပတေးနေ့)

၄။ **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၆-၁၂-၂၀၁၃ ရက် (သောကြာနေ့)

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(မကွေး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနလက်အောက်ရှိ ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် သံကူကွန်ကရစ် (၁၃၂'×၄၅'×၁၂') ခြောက်ခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်ရာတစ်လုံးဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၂-၁၂-၂၀၁၃ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(မကွေး) ဖုန်း-၀၆၃-၂၈၅၈၈ နှင့် ၀၉-၅၃၄၂၈၅၉တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကွန်ပျူတာတက္ကသိုလ်(မကွေး)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ)	၃၀
၂။	ဖိုင်တင်စင်(၃'×၁'×၃')	၃
၃။	Notic-Board(၆'×၄')	၁
၄။	Computer Table	၂၀

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၈-၁၁-၂၀၁၃ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်) ဖုန်း-၀၄၂-၂၃၆၁၁နှင့် ၀၉-၄၅၁၂၃၇၀၅၅တို့တွင် စုံစမ်းနိုင်ပါသည်။

အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေး

ဟိုပုံး နိုဝင်ဘာ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏စီးပွားရေးရာကော်မတီစီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆပ်ကော်မတီ၏ ရှမ်းပြည်နယ်ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က အမှာစကား ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်အုပ်ချုပ်ရေးမှူးများက မိမိတို့မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေ၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ရှင်းလင်းဆွေးနွေးချက်အပေါ် မြို့နယ်အလိုက် လိုအပ်ချက်များကို ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်က ဒေသအတွက် လိုအပ်နေသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် ဝန်ထမ်းအင်အားဖြည့်ဆည်းမှုအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ်တစ်ခုဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်း ကိစ္စရပ်များ၊ စိုက်ပျိုးသီးနှံများ စိုက်ပျိုးရာတွင် အကျိုးအမြတ် ရရှိစေရေးအတွက် တောင်သူများနှင့် အကျိုးတူပူးပေါင်းရေးကိစ္စဆွေးနွေးတင်ပြသည်။

၎င်းနောက် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

နန်းဦးခမ်း

ကလေးမြို့၏ ဂုဏ်ကျက်သရေဆောင် မြို့မဈေးကြီးကို အဆင့်မြင့်ဈေးကြီးအဖြစ် ပြောင်းလဲဆောက်လုပ်နိုင်ရေးဆွေးနွေး

ကလေး နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ဗိုလ်ချုပ်လမ်းနှင့် ဘုရင့်နောင်လမ်းဆုံတွင် တည်ရှိသော မြို့မဈေးကြီးကို အဆင့်မြင့်ဈေးကြီးအဖြစ် ဆောက်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်နှင့်ဈေးသူဈေးသားများတွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက်က မြို့မဈေးအပေါ်ထပ်၌ ကျင်းပသည်။

"ဒီမြို့မဈေးကြီးမှာ ဈေးဆိုင်ခန်းပေါင်း ၇၉၅ ခန်းရှိပါတယ်။ ဈေးသစ်ဆောက်မယ်ဆိုရင် ဈေးဆိုင်ခန်းအားလုံးကို ယာယီဈေးသတ်မှတ်ပြီး နေရာချထားပေးနိုင်မှ အဆင်ပြေပါမယ်။ ဆိုင်ခန်းပိုင်ရှင်တွေအနေနဲ့ ဈေးရောင်းဈေးဝယ်ပုံမှန်လည်ပတ်နေဖို့လိုပါတယ်"ဟု မြို့မဈေးကြီးအတွင်း ကိုယ်တိုင်ဈေးရောင်းနေသူဦးအောင်ကိုက တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးထံတင်ပြဆွေးနွေးသည်။ "ဈေးသစ်ဆောက်ဖို့ လိုအပ်တယ်ဆိုတာကိုတော့ လက်ခံပါတယ်။ အချိန်တစ်ခုထိတော့စောင့်စေချင်ပါတယ်။ လက်ရှိဈေးရောင်းသူကိုတော့ မူလနေရာနှင့်အနီးစပ်ဆုံးနေရာမှာချထားပေးဖို့ လိုအပ်ပါတယ်။ မြေညီထပ်မှာ ချထားပေးဖို့ လိုပါတယ်။ နေရာချတာတွေမညီမျှမှုတွေဖြစ်တဲ့အခါ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်လာနိုင်ပါတယ်။ တကယ်လို့ ဈေးသစ်ကြီးဆောက်ဖြစ်ခဲ့မယ်ဆိုရင်လည်းအဆောက်အအုံဆောက်လုပ်ရန်ကြာချိန်တွေ၊ အမြန်ဆုံးပြီးစီးရေးတွေ လိုအပ်ပါတယ်။ ဈေးကိုအကြာကြီး အချိန်ဆွဲဆောက်နေလို့ မဖြစ်ပါဘူး" ဟုကိုယ်တိုင်ဈေးရောင်းနေကြသူများက တင်ပြသည်။

တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးကလည်း ဈေးသစ်ကြီးဆောက်လုပ်မည်ဆိုပါက ကားပါကင်ပါရှိသည့် Under ground ပုံစံဖြင့် ဆောက်လုပ်သွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **သျှင်နေမင်း**

ကျေးလက်ဒေသ ဖွံ့ဖြိုးမှု အထောက်အကူပြု ဝါးလက်မှုပညာသင်တန်းဖွင့်

ဖြူး နိုဝင်ဘာ ၁၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနနှင့် ITTO တို့ ပူးပေါင်းဖွင့်လှစ်သော ကျေးလက်ဒေသဖွံ့ဖြိုးမှုအထောက်အကူပြု ဝါးလက်မှုပညာ သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် လင်းယောခင်ကျေးရွာအုပ်စု လင်းယောခင်ရွာဘုန်းတော်ကြီး ဓမ္မာရုံ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

သင်တန်းဖွင့်ပွဲတွင် သစ်တောဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်အောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး **(ယာပုံ)** သမဝါယမဝန်ကြီးဌာန စက်မှုလက်မှုအသေးစားလုပ်ငန်းဦးစီးဌာနအင်ဂျင်နီယာမှူး ဒေါ်ငြိမ်းအေးက ဝါးလက်မှုပညာ သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

သင်တန်းတွင် ပုဂံယွန်း ကောလိပ်မှ သင်တန်းဆရာ ဆရာမများဖြစ်ကြသည့် ဒေါ်သန်းသန်းဌေး၊ ဒေါ်လင်းလင်း၊ ဒေါ်သန္တာအောင်နှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းမှ ဆရာဦးမြင့်သိန်းတို့က နိုဝင်ဘာ ၁၁ ရက်မှ ၂၄ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြူးမြင့်ဦး

ရန်ကုန် စည်ပင်စာရေးဝန်ထမ်း မွမ်းမံသင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးညီညီသည် နိုဝင်ဘာ ၁၁ ရက် နံနက်က မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည့် စာရေးဝန်ထမ်းများမွမ်းမံသင်တန်းအမှတ်စဉ် (၃၂) ဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆုများပေးအပ်

ယင်းနောက် သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းတပ်ခွဲမှူး ဦးစန်းမြင့်ထံပေးအပ်ပြီး သင်တန်းပထမဆုရ ဒေါ်မြတ်ဆုခင်ဝိုင်း၊ ဒုတိယဆုရ ဒေါ်ခင်ချိုအိအိဝင်းနှင့်တတိယဆုရ ဦးသက်နိုင်စိုးတို့အား ဆုများပေးအပ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်းမှ အသင်းသားစုံညီအစည်းအဝေးကျင်းပရန်အတွက် အသင်းသားစာရင်း တောင်းခံခြင်း

အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်းရှိ ပလတ်စတစ်လုပ်ငန်းရှင်များအားလုံး (အသင်းသားဟောင်း/အသစ်) ၃၀-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါ အသင်းရုံးလိပ်စာသို့ ဆက်သွယ်၍ စာရင်းပေးကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။ အသင်းသားစုံညီအစည်းအဝေး ကျင်းပမည့်ရက်ကို ထပ်မံကြေညာပေးပါမည်။

အလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်း

အမှတ် ၂၉၊ ခုနစ်လွှာ၊ UMFCCI Tower၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း(+၉၅၁)၂၁၄၈၃၅၊ E-mail: myanmarpia2000@gmail.com

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါ၍ ဈေးပြိုင်အိတ်ဖွင့်တင်ဒါတင်သွင်းမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်-

စဉ် အကြောင်းအရာ

(၁) ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၄၄/၁၁၄၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းဝင်းအတွင်း အကျယ်ပေ ၂၀၊ အရှည်ပေ ၂၀၀ ရှိ ကတ္တရာလမ်းသစ်ဖောက်လုပ်ခြင်း

၂။ တင်ဒါပုံစံများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် ရုံးချိန်အတွင်းထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများ၊ (Technical and Requirement Proposal)ကို ၂၉-၁၁-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်းတွင် ပေးသွင်း ပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိလို ပါက ဖုန်း- ၀၁-၂၀၂၉၀၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန်ခေါ်ယူသောနေ့မှသာ တစ်ပါတည်းယူဆောင်လာ၍ တင်သွင်းရ ပါမည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉၅/၂၃၈၁၃ Trawlerg/ထရော်လာဂျီ(ဖန်းထရပ်)ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆမ်မွန်း ၁၃/ကတန(နိုင်)၀၈၁၈၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ကျိုင်းတုံ)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၇ယ/၉၇၆၃၊ New Anbo ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ကျော်လှ ၁၃/ညရန(နိုင်)၀၇၀၃၁၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၁၆/ဃ)၊ ဧရိယာ ၀ဒသမ ၀၂၉ဧကရှိ ဦးခင်မောင်၊ မစန်းရင်အမည်ပေါက် အငှားဂရန်စာချုပ် ပျောက်ဆုံးနေ၍ ဦးမျိုးမင်းဦးမှ အဆိုပါမြေအား ဝယ်ယူရာတွင် အငှားဂရန်စာချုပ် လက်ခံရရှိခြင်းမရှိပါ။ ဦးခင်မောင်၊ မစန်းရင်အမည်ပေါက်မြေအား ဦးမျိုးမင်းဦးမှ အငှားဂရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ ခိုင်လုံသည့်အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့

အမွေပြတ်စွန့်လွှတ်ခြင်း

မမိုးသူဇာအောင်(ခ)မိုးဇာ ၆/လလန (နိုင်) ၀၉၀၆၃၉ သည် မိဘတို့ဆိုဆုံးမမှုကိုနားမထောင်ဘဲ မိမိသဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါ သဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများအား စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးသန်းထွန်း

၆/လလန(နိုင်)၀၁၀၅၈၆

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သာရေးနာရေးအသုံးပြုယာဉ်လှူဒါန်း ရေစက်ချတရားပွဲကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း၌ လူမှုရေးအသင်းများ များစွာပေါ်ပေါက်ခဲ့ရာ ဇီးချိုကုန်းကျေးရွာ၌လည်း လူမှုရေးလုပ်ငန်း၊ နာရေးကူညီမှုလုပ်ငန်းများအသုံးပြုနိုင်ရန် မော်တော်ယာဉ်လှူဒါန်းမှု ရေစက်ချတရားပွဲကို နိုဝင်ဘာ ၉ ရက် ည ၈နာရီက ဇီးချိုကုန်းကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစီအစဉ်အရ ရန်ကင်းတောင်ခြေ သရက်တောကျောင်းတိုက်အောင်ဓမ္မဆရာတော်ဘဒ္ဒန္တဥတ္တမထံမှ အလှူရှင်နှင့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဓမ္မပူဇာဝတ္ထုငွေကျပ်သုံးသိန်းကျော်ကို လှူဒါန်းကြသည်။ ဆက်လက်၍ ဆရာတော်ဘဒ္ဒန္တဥတ္တမက ဇီးချိုကုန်းကျေးရွာ လူမှုရေးအသင်းအတွက် ငွေကျပ်တစ်သိန်းပြန်လည်လှူဒါန်းရာ အသင်းနာယက ဦးစန်းအောင်ကလက်ခံယူခဲ့သည်။အဆိုပါ မော်တော်ယာဉ်ကို ဇီးချိုကုန်းကျေးရွာ မှ စုပေါင်း၍ လူမှုရေးလုပ်ငန်းအသုံးပြုနိုင်ရန် တန်ဖိုးငွေကျပ် ၅၃ သိန်းတန် စူပါကာစတန်ယာဉ် အမျိုးအစားနှင့် အလှူရှင်ဦးလှမင်း-ဒေါ်နီနီနွယ်ခင်မိသားစုက နာရေးကူညီမှုအတွက်တန်ဖိုးငွေကျပ် ၄၇ သိန်းတန် စူပါကာစတန်ယာဉ် အမျိုးအစားဖြစ်ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

သုံးခွမြို့ ရှစ်မျက်နှာစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၄)ရပ်ကွက် မြို့မဈေးအနီးရှိ ရှစ်မျက်နှာစေတီတော်မြတ်ကြီး၏ (၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့်မသိုးရွှေကြာသင်္ကန်း ရက်ခတ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းတွင် စေတီတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထွန်းညှိပူဇော်

မသိုးရွှေကြာသင်္ကန်းရက်ခတ်ပြိုင်ပွဲကို စင်တော် ခြောက်စင်မှ ယှဉ်ပြိုင်မည်ဟု သိရပြီး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဆုနှင့် နှစ်သိမ့်ဆုများပါ ချီးမြှင့်မည်ဟု သိရသည်။ တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၁၇ ရက်) အရုဏ်မတက်မီ မသိုးရွှေကြာသင်္ကန်းများကို ဗုဒ္ဓရုပ်ပွားတော်များနှင့်စေတီရံများအား ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကျင်းပမည်ဟု သိရသည်။ နိုဝင်ဘာ ၁၇ ရက် နံနက် ၇ နာရီတွင် မြို့လုံးကျွတ် မြို့မဈေးတစ်ပတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပပြီး ညပိုင်းတွင် ရှစ်မျက်နှာစေတီရင်ပြင်၌ ဆီမီးများ၊ အမွှေးနံ့သာများ ထွန်းညှိပူဇော်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ရမည်းသင်းမြို့ (၇၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ ကြက်ပျံမကျစည်ကား

ရမည်းသင်း နိုဝင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပရာ ၁၀ ရက်နေ့ မွန်းလွဲ၂နာရီတွင်ရမည်းသင်းခရိုင် ဘာသာပေါင်းစုံစည်းလုံးညီညွတ်ရေးကော်မတီက ပဒေသာပင်လာရောက်လှူဒါန်းရာ စုပေါင်းဘုံကထိန်ပွဲတော်ကျင်းပရေးကော်မတီနှင့် မြို့မိမြို့ဖအထောက်အကူပြုအဖွဲ့တို့ကြိုဆိုကြသည်။ ရန်အောင်မြင်သာသနာ့ဗိမာန် ကထိန်ကွင်းရှိဓမ္မာရုံတွင် အခမ်းအနားကျင်းပရာ၌ ကထိန်ကော်မတီဒုတိယဥက္ကဋ္ဌဦးရှိန်ကကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ဘာသာပေါင်းစုံချစ်ကြည်ရေးကော်မတီအဖွဲ့ ဒုဥက္ကဋ္ဌဦးကျော်ကျော်ငြိမ်းက ယခုကဲ့သို့ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အား ကြိုဆိုညှိခံသည့်အတွက် ဝမ်းသာဂုဏ်ယူကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၄င်းအခမ်းအနားသို့ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာတို့မှ လူကြီးများ စုံညီစွာတက်ရောက်ကြသည်။ ညနေ၃နာရီတွင် မြို့ပေါ်ငါးရပ်ကွက်မှ ဗုဒ္ဓဘာသာယဉ်ကျေးမှုအသင်းအဖွဲ့များစုပေါင်း၍ ပဒေသာပင်များကို အတီးအမှုတ်အကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာလှည့်လည်၍ ပို့ဆောင်ကြသည်။ ဌာနဆိုင်ရာများ၊ အထက (၁)၊ မြို့မအထက၊ ပညာရေးဌာန မိသားစုများက စည်းလုံးညီညွတ်စွာ အေးအေးချမ်းချမ်းကြက်ပျံမကျ စည်ကားသိုက်မြိုက်စွာ ကထိန်ပွဲဆင်နွှဲကြကြောင်း တွေ့ရသည်။ နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ ဒါတို့ရွှေအဆင့်မြင့်ဇာတ်သဘင်အဖွဲ့က ကပြဖျော်ဖြေပြီး တည်ငြိမ်အေးချမ်းစွာပွဲတော်ကျင်းပခဲ့ကြောင်း သိရသည်။(၇၉)ကြိမ်မြောက် မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန်ပွဲတွင် ကျောင်းပေါင်း ၆၀၊ ပဒေသာပင် ၂၄ ကျောင်း၊ ကထိန်ခင်းရာပဒေသာပင်ပစ္စည်း တန်ဖိုးငွေ၅၅၀၀၅၅၂၅ကျပ်၊ ကထိန်ငွေသားအလှူကျပ်၇၈၁၂၀၀၊ ဆွမ်းပဒေသာပင် ကျပ် ၄၈၇၅၀၀၊ ဥတ်ပဒေသာပင် ၂၄ ပင် တန်ဖိုးငွေကျပ် ၆០០០០០ စုစုပေါင်းငွေ ၆၂၂၇၄၂၂၅ ကျပ်လှူဒါန်းကြောင်း သိရသည်။ ၄င်းလှူဒါန်းမှုအစုစုတို့ကို နိုဝင်ဘာ၁၁ရက် မွန်းလွဲ ၁ နာရီတွင် မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန်ပွဲတော် ကျင်းပရာ ရန်အောင်မြင်ဓမ္မာရုံ၌ ရေစက်ချအောင်တရားတော်များ နာယူကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

အေးချမ်းအောင်စာသင် ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်(တောင်ပိုင်း)ခရိုင် သုံးခွမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ဝိဇ္ဇောဒယဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် အေးချမ်းအောင်စာသင် ကျောင်းဆောင်သစ်ဖွင့်ပွဲကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ နိုဝင် ဘာ ၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပထမဦးစွာ ဝိဇ္ဇောဒယဘုန်းတော်ကြီးသင်ပညာရေးကျောင်းက ကျောင်းအုပ်ဆရာတော် ဦးဝဏ္ဏသာမိက အေးချမ်းအောင်စာသင်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည်များကို ရှင်းလင်းမိန့်ကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၆၀၊ အနံ ၂၃ ပေရှိပြီး တစ်ထပ်သစ်သားအဆောက်အအုံဖြစ်၍စေတနာရှင်အများပြည်သူစုပေါင်း လှူဒါန်းခြင်းဖြစ်ပြီး ကုန်ကျငွေမှာ စုစုပေါင်း ငွေကျပ်သိန်း ၁၂၀ ကုန်ကျကြောင်း သိရသည်။

ဝိဇ္ဇောဒယ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မူကြိုတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၅၀၀ ကို ဆရာ ဆရာမ ၁၅ ဦးက ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

ကလေးမြို့ အောင်ကမ္ဘာမော်တော်ယာဉ်အသင်းမှ ကားလေးများထပ်မံပြေးဆွဲမည်

ကလေး နိုဝင်ဘာ ၁၃

ကလေးမြို့ ကားကြီးဝင်းမှအဝေးပြေး မော်တော်ယာဉ်အသင်းများသည် မန္တလေး-ရန်ကုန်မြို့များသို့ ပြေးဆွဲကြသည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးစိုက်ရာ မုံရွာမြို့သို့ အောင်ကမ္ဘာခေတ်မီမှန်လုံအချိန်မှန် မော်တော်ယာဉ်အသင်းကလည်း လူစီးသီးသန့်မှန်လုံကားကြီးများ နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိကြသည်။

အဆင်ပြေချောမွေ့

ယင်းအပြင် အောင်ကမ္ဘာ မော်တော်ယာဉ်အသင်းသည် ခရီးသွားပြည်သူများစီးနင်းလိုက်ပါမှု သက်သာစေရန်အတွက် အဲယားကွန်းမှန်လုံယာဉ်ငယ်များဖြင့် နိုဝင်ဘာ ၁၃ ရက်မှစ၍ နေ့စဉ်အချိန်မှန် ထပ်မံတိုးချဲ့ပြေးဆွဲမည်ဖြစ်ပြီး ကလေးမြို့မှ နံနက် ၇ နာရီနှင့် မုံရွာမြို့မှ နံနက် ၉ နာရီ ခွဲတို့တွင် စတင်ထွက်ခွာကြမည်ဖြစ်သည်။

အဆိုပါ ကားလေးများ၏ ယာဉ်စီးခမှာ ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ဖြစ်ပြီး ကလေး-မုံရွာမြို့သို့ ခရီးသွားလာကြသောပြည်သူများနှင့် ပြည်သူ့ဝန်ထမ်းများအတွက် ခရီးသွားလာမှု ပိုမိုအဆင်ပြေချောမွေ့လာတော့မည်ဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

သတိ ပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပထမနှစ် ဘွဲ့လွန်ဒီပလိုမာအချိန်ပြည့် သင်တန်းသားများ ခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(Myanmar Maritime University)တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အောက်ပါဘွဲ့လွန်ဒီပလိုမာအချိန်ပြည့်သင်တန်းများကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

(က) သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ
(Post Graduate Diploma in Shipping Management)

(ခ) ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ
(Post Graduate Diploma in Port Management)

၂။ ဒီပလိုမာအချိန်ပြည့်သင်တန်းကာလမှာ (၁)နှစ် ဖြစ်ပါသည်။

၃။ **ပညာအရည်အချင်းသတ်မှတ်ချက်**

(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
(ခ) လုပ်ငန်းခွင်နှင့်ဆက်စပ်မှုရှိသူများကို ဦးစားပေးစဉ်းစားမည်။

၄။ အချိန်ပြည့်သင်တန်းဖြစ်သည့်အလျောက် ဝန်ထမ်းဖြစ်လျှင် (ပုဂ္ဂလိကလုပ်ငန်းအပါအဝင်)၊ ဌာနဆိုင်ရာအကြီးအကဲ (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ ဘွဲ့လွန်ဒီပလိုမာအချိန်ပြည့်သင်တန်းကို တစ်ပတ်လျှင် ငါးရက် (တနင်္လာနေ့မှ သောကြာနေ့)အထိ နံနက် ၈း၃၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်တွင် ပို့ချပေးမည်ဖြစ်ပါသည်။

၆။ လက်ခံသင်ကြားမည့်သင်တန်းသားဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Diploma in shipping Management (အချိန်ပြည့်)	၅၀ ဦး
Diploma in Port Management (အချိန်ပြည့်)	၅၀ ဦး

၇။ အချိန်ပြည့်သင်တန်းနှစ်ခုစလုံးအတွက် ကျောင်းလခမှာ တစ်လလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ဖြစ်ပြီး သင်တန်းအောင်မြင်ပြီးဆုံးပါက အောက်ပါအတိုင်း ဒီပလိုမာဘွဲ့များပေးအပ်မည်ဖြစ်ပါသည်-

(က) သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဒီပလိုမာ Dip.S.M
(ခ) ဆိပ်ကမ်းစီမံခန့်ခွဲမှုဒီပလိုမာ Dip.P.M

၈။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၄ရက်မှ နိုဝင်ဘာ ၂၈ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ်ဓာတ်ပုံ သုံးပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်(သို့မဟုတ်)နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့

အထက(၃)မင်္ဂလာဒုံ (ထောက်ကြန့်) မြတ်ဆရာပူဇော်မည်

ယခင်အင်းစိန်ခရိုင် ထောက်ကြန့်စံပြကျေးရွာ အစိုးရ(အလက) အလက(၂) ယခု အထက(၃) ထောက်ကြန့်မှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၇-၁၁-၂၀၁၃ရက် (အမျိုးသားနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက(၃) အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သည့်ဖုန်းနံပါတ်များ- ဦးမျိုးမင်း ဖုန်း-၀၉-၄၅၀၀၅၇၇၄၃၊ ဦးအောင်ကိုဝင်း ဖုန်း-၀၉-၃၁၃၅၈၅၇၂၊ ဒေါ်ကြည်ကြည်ငြိမ်း ဖုန်း-၀၉-၄၂၀၀၄၄၅၃၊ ဦးဖြိုးမောင်မောင်ဦး ဖုန်း-၀၉-၄၅၀၀၃၃၉၇၅၊ ဦးကျော်သူ ဖုန်း-၀၉-၅၁၃၁၇၁၁၊ ဦးသောင်းဝင်း ဖုန်း-၀၁-၆၀၀၀၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အများသိစေရန်

တောင်ငူမြို့၊ အမှတ် ၉၉/၁၃ ရပ်ကွက် (ငြိမ်းချမ်းရေးကွက်သစ်)နေ ဦးအုန်းမောင် ၇/တငန(နိုင်)၀၅၅၉၇၂ (ဘ) ဦးထွန်း ကိုင်ဆောင်သူမှ ကြေညာသည်မှာ-

ကျွန်တော်နှင့် ပထမအိမ်ထောင် ဒေါ်ခင်ညိုတို့မှမွေးဖွားသော သားသမီးများဖြစ်ကြသည့် (၁) မအေးခိုင်(ခ)မိဝိုင်း၊ (၂) မရီရီမြင့်(ခ)မလုံ၊ (၃) မောင်ကျော်ထွန်းဦးနှင့် (၄) မောင်မင်းမင်းဇော်တို့အား ၃၁-၃-၂၀၀၇ရက်မှစ၍ တရားဝင်သားသမီးများအဖြစ်မှ စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ဇနီး ဒေါ်ခင်ညိုအားလည်း နောက်အိမ်ထောင်ပြုခဲ့သည့်ရက်မှစ၍ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအုန်းမောင် (တောင်ငူ)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးဟန်စိန် ၈/မကန(နိုင်)၀၂၂၅၈၄၄၏သား မောင်နေဝင်းဟန် ၈/မကန(နိုင်) ၁၄၄၉၈၀သည် မိဘများနှင့် အစ်ကိုအစ်မများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ပြီး ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူမည် မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးဟန်စိန်နှင့်အစ်ကိုအစ်မများ

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းမြောက်ပိုင်း၊ အောင်မင်္ဂလာ ဖလမ်း၊ အိမ်အမှတ် ၁၂၄ နေ ဦးဇော်ဝင်း ၁၂/မရက(နိုင်)၀၄၅၁၃၁၈၏ သမီးဖြစ်သူ မသော်သော်ဖြိုးဝေသည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုလုပ်ဆောင်ရွက်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ပါ။ **(မေးမြန်းခြင်းသည်းခံပါ။)**

ဦးဇော်ဝင်း-ဒေါ်တင်တင်ယု

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် ဇော်နိုင်ဝင်း ၅/ဒပယ(နိုင်)၀၉၆၁၀၃၏ နိုင်ငံကူးလက်မှတ် ပျောက်သွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၁-၅၈၅၃၀၉

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စစ်တွေအထွေထွေရောဂါကု ဆေးရုံကြီးတွင် ယောက်ျားလေးသုံးမွှာပူး မွေးဖွား

စစ်တွေ နိုဝင်ဘာ ၁၃

ရခိုင်ပြည်နယ်စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးတွင် မင်းပြားမြို့နယ် အထက်ငှက်ပျောချောင်းကျေးရွာမှ ကျောက်ထုလုပ်သား ဦးနိုင်စိုး၏ဇနီး ဒေါ်စိုးစိုး(၃၀နှစ်) သည် သုံးမွှာပူး ယောက်ျားလေးများကို မွေးဖွားကြောင်း သိရသည်။**(အောက်ပုံ)**

ဒေါ်စိုးစိုး၏ ဒုတိယမြောက်ကိုယ်ဝန်ဖြစ်သော သုံးမွှာပူးကလေးများကို နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် စစ်တွေအထွေထွေရောဂါကု ဆေးရုံကြီးမှ သားဖွားမီးယပ်ဆရာဝန်ကြီးဒေါက်တာစန္ဒာမိုးနှင့်အဖွဲ့က အောင်မြင်စွာခွဲစိတ်မွေးဖွားပေးခြင်းဖြစ်သည်။ကလေးငယ်များ၏မွေးကင်းစ ကိုယ်အလေးချိန်မှာ ခြောက်ပေါင်ခွဲနှစ်ဦးနှင့် ငါးပေါင်ခွဲတစ်ဦးဖြစ်သည်။

အဆိုပါမိခင်နှင့်ကလေးများအား ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်ဖြင့် စစ်တွေအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းက ကြီးကြပ်ကာ စစ်တွေဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများက ဂရုပြုကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်လျက်ရှိပြီး ယခုချိန်အထိ မိခင်နှင့်ကလေးများအားလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

လာရောက်အားပေး

နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ပြည်သူ့ကျန်းမာ)ဒေါက်တာယဉ်သန္တာလွင် ဦးဆောင်၍ စစ်တွေမြို့နယ် ဆရာဝန်ကြီး ဒေါက်တာကျော့သာစိန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်နယ်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် အခြားလူမှုရေးအဖွဲ့အစည်းများက နိုဝင်ဘာ ၉ ရက်တွင် လာရောက်အားပေးစကားပြောကြားကြပြီး ကလေးအသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြောင်း သိရသည်။ **(လ/၀၀၃)**

၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံ (၇၅)နှစ်ပြည့် စိန်ရတုအခမ်းအနား ကျင်းပရန်စီစဉ်

ချောက် နိုဝင်ဘာ ၁၃

ချောက်ရေနံမြေမှ ရန်ကုန်မြို့ထိ မိုင် ၄၀၀ ကျော် ခြေကျင်ခရီးကြမ်းကို အဟန့်အတားအမျိုးမျိုးကြားမှ အောင်မြင်စွာချီတက်သပိတ်မှောက်ခဲ့သည့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှတ်တမ်းဝင် ၁၃၀၀ ပြည့် ရေနံမြေ အရေးတော်ပုံကြီးသည် ဒီဇင်ဘာ၁၁ရက်တွင် နှစ်ပေါင်း(၇၅) နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။

၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံ (၇၅) နှစ်မြောက် စိန်ရတုအခမ်းအနားကို ချောက်မြို့၌ ဒီဇင်ဘာ ၁၁ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကျင်းပရေးကော်မတီကို ဖွဲ့စည်း၍ ဆောင်ရွက်ကြိုးပမ်းလျက်ရှိသည်။

မြန်မာပြည်တွင် တစ်ခုတည်းရှိသော ချောက်မြို့ မေဒေးကျောက်တိုင်နေရာကို အဆင့်မီ ပြုပြင်မွမ်းမံ၍ အာဇာဝကသခင်ဖိုးလှကြီး၏ ကြေးသွန်းရုပ်တုထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ရာ ယခုအခါ မန္တလေးမြို့တွင်ဖယောင်းပုံကြမ်းရရှိနေပြီး ငွေကျပ် ၃၅ သိန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ အမြင့် လေးပေ၊ ပခုံးအကျယ်လေးပေရှိကြေးပိဿာချိန်၂၀၀ ခန့် သွန်းလောင်းရန်ရှိကြောင်း ကျင်းပရေး ကော်မတီအတွင်းရေးမှူး ဦးသိန်းမြင့်ညိုက ဆိုသည်။

ထို့အပြင် ရရှိလာမည့် ဘဏ္ဍာငွေပေါ်မူတည်၍ ၁၃၀၀ပြည့်အရေးတော်ပုံတွင် ပါဝင်ခဲ့သည့် သခင်၊ သခင်မကြီးများ၏(မျိုးဆက်သစ်သားသမီး)များအား အမှတ်တရဂုဏ်ပြုပွဲများကျင်းပခြင်း၊ ယနေ့လူငယ်များ သမိုင်းမှတ်တမ်း လေ့လာနိုင်ရန် ပြခန်းများပြသသွားရန် စီစဉ်လျက်ရှိရာ အလှူငွေများ ထည့်ဝင်ရန်လည်း ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ အလှူငွေ ထည့်ဝင်လိုပါက မြန်မာ့ရှေ့ဆောင် (ချောက်ဘဏ်ခွဲ) ငွေစာရင်းအမှတ်၀၂-၀၂၇၀၂၀၀၀၀၁၃၁၅၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၇၅၉)**

မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်း သတင်းစာသို့ အနယ်နယ်အရပ်ရပ်မှမြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့် သတင်းဌာနကိုမျှ ပေးပို့ထားခြင်းမရှိကြောင်းဝန်ခံချက်နှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail. com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။ **စာတည်းအဖွဲ့**

စကားများရန်ဖြစ်စဉ် ဓားဖြင့်ထိုး၍သေဆုံး

ရန်ကုန် နိုဝင်ဘာ ၁၃

နိုဝင်ဘာ ၁၁ ရက် မွန်းတည့်၁၂နာရီက လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁) ဦးရွှေမြူးလမ်းနှင့် ကနောင်မင်းသားကြီးလမ်းပေါ်တွင် လှိုင်သာယာမြို့နယ်နေသူများဖြစ်ကြသော သော်ဇင်(ခ) သော်ဇင်လှိုင်နှင့် ဇင်မောင်မောင်တို့သည် အကြွေးတောင်းသည့်ကိစ္စဖြင့် စကားများရန်ဖြစ်စဉ် သော်ဇင်(ခ) သော်ဇင်လှိုင်က ဇင်မောင်မောင်ကို မီးဖိုချောင်သုံးစတီးဓားဖြင့် ထိုး၍ ဇင်မောင်မောင်တွင် ဝဲ/ယာရင်အုံထိုးသွင်းဒဏ်ရာများရရှိခဲ့ပြီး အင်းစိန်ဆေးရုံတွင် အတွင်းလူနာ (စိုးရိမ်ရ) အဖြစ် ကုသရသောကြောင့် ဓားဖြင့်ထိုးသူ သော်ဇင်(ခ) သော်ဇင်လှိုင်အား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်ဖမ်းဆီး စစ်ဆေးခဲ့ကြောင်း သိရသည်။ဇင်မောင်မောင်သည် အင်းစိန်ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရသည်။ **စိုးဝင်း(SP)**

ရထားကြိတ်၍ လူတစ်ဦးသေဆုံး

လက်ပံတန်း နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် နိုဝင်ဘာ ၉ ရက် ည ၈ နာရီခန့်က ဒုရဲအုပ် ကျော်မင်းဟန် တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် လက်ပံတန်းမြို့နယ် ကျွန်းပင်ကောက်ကျေးရွာအနီး ရထားလမ်းတွင် လူတစ်ဦးရထားကြိတ်၍ သေဆုံးနေကြောင်း သတင်းအရ သိုက်ဝါးချောင်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးသောင်းစိန်၊ ရာအိမ်မှူး ဦးသိန်းလှိုင်တို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရထားလမ်းမိုင်တိုင်အမှတ် ၈၀/၁၉ နှင့် ၈၀/၂၀ ကြားတွင် သိုက်ဝါးချောင်းကျေးရွာနေ အောင်ကျော်မင်း(၃၉ နှစ်) စိတ်မနှံ့သူကို လက်ပံတန်းဘူတာမှ ည ၇ နာရီ ၄၆ မိနစ်တွင်ထွက်ခွာလာသော ရန်ကုန် -ပုဂံ စက်ခေါင်းအမှတ် DF 2053 (၆၁)အဆန်ရထား ကြိတ်မိပြီး ခန္ဓာကိုယ်နှစ်ပိုင်းပြတ်သေဆုံးနေကြောင်းတွေ့ရှိရသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်/မဟုတ် စုံစမ်းစစ်ဆေးပေးရန် ဒုရဲအုပ်ကျော်မင်းဟန်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် အမှုစစ်စခန်းမှူး ဒုရဲမှူးစန်းမြင့်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန့်ဇော်ဦး (iprd)**

မြောက်ဥက္ကလာပမြို့နယ်ရွှေပေါက်ကံ၌ မီးလောင်မှုဖြစ်ပွား ဝိုင်းဝန်းမီးငြိမ်းသတ်သူ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

ရန်ကုန် နိုဝင်ဘာ ၁၃

နိုဝင်ဘာ ၁၀ ရက် ညနေ ၃ နာရီ ၄၀ မိနစ်က မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ (၁၅)ရပ်ကွက် နဝရတ်လမ်းရှိ ဦးဝင်းအောင်၏နေအိမ်တွင် မီးလောင်မှု ဖြစ်ပွားသဖြင့် အဆိုပါနေရာသို့ မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့တို့က အုပ်ချုပ်မှုယာဉ်သုံးစီး၊ မီးသတ်ယာဉ် ၁၃ စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၅၄ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်သူ မင်းဘိုဝင်း (၁၅) ရပ်ကွက် ရွှေပေါက်ကံနေသူအပေါ်သို့ ဓာတ်ကြိုး မီးလောင်ပြုတ်ကျပြီး မင်းဘိုဝင်းတွင် ဓာတ်လိုက်ဒဏ်ရာများရရှိသဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်စဉ်သေဆုံးခဲ့သည်။အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ စစ်ဆေးရာ နေအိမ်ရှိ ရေခဲသေတ္တာ အပူချိန်လွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ခဲ့သဖြင့် လျှပ်စစ်မီးကို ပေါ့ဆစွာသုံးစွဲသူ ဦးဝင်းအောင်ကို ရွှေပေါက်ကံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ကိုးဘွဲ့ရဆရာတော် ကျောင်းတိုက် ကထိန်ပွဲ ဝိပဿနာရိပ်သာ စုပေါင်းလှူဒါန်း၊ ရေစက်ချပွဲ ဖိတ်ကြားလွှာ

နိုင်ငံကျော် ဓမ္မကထိက ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ ဦးဆောင်သည့် သံဃာတော်များအား ကထိန်သင်္ကန်းဆက်ကပ်ခြင်းနှင့် ဝိပဿနာတောစခန်းရိပ်သာအတွက် လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံး စုပေါင်းရေစက်ချပွဲကို တန်ဆောင်မုန်းလပြည့်နေ့ ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စတင်ကျင်းပပါမည်။ အလှူရှင်အားလုံးကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မြေ၊ ကျောင်း၊ သိမ်၊ စေတီ၊ အုတ်တံတိုင်း၊ ပစ္စည်းလေးပါးဟု အလှူခြောက်မျိုးရှိရာ တစ်မျိုးလျှင် ကျပ် ၅၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်ပြီး ကိုးဘွဲ့ရကျောင်း၊(၄၂)ရပ်ကွက်၊ဗိုလ်မှူးဗထူးလမ်း၊မြောက်ဒဂုံ၊ ဖုန်း-၀၉-၄၂၁၁၄၃၃၈၆၊၀၉-၂၁၁၀၃၀၅တို့သို့ ဆက်သွယ်နိုင်ပါပြီ။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂စီ၁၊ မြေကွက်အမှတ်၄/၂၀၀၊ ဧရိယာ ၀ဒသမ ၄၉၀ဧကေ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၃)၊ ၁၁လမ်း၊ ကာယရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏အမည်ပေါက်ပိုင်ရှင် ဒေါ်လဖိုင်ဆိုင်းရော် ၁၂/စခန(နိုင်)၀၆၀၅၇၈မှ မိမိတစ်ဦးတည်းလက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၅) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ရောင်းမည်

နှစ်ထပ်ခွဲတိုက်ပိုင်ရှင်၊ ကိုယ်တိုင်ရောင်းမည်။ No-၆ ရွှေဘန်းလမ်း၊ အိုးတန်းရပ်၊ စစ်တွေမြို့၊ ရုံးခန်း၊ ဆိုင်ခန်းဖွင့်ရန် နေရာကောင်း။ **ဆက်သွယ်ရန်- ဖုန်း-၀၁-၅၉၃၇၂၆၊ ၀၉-၄၃၀၃၀၀၀၃**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	မြို့နယ်	ပစ္စည်းအမျိုးအစား
၁။	ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့	ဝါးထရံ၊ မျှင်ဝါး၊ တိုင်မျော၊ တန်းမျော
		၄"ရိုက်သံ၊ ကျောက်ကြီး၊ ဝါးနက်ဝါး၊ အုန်းဆံကြိုး

တင်ဒါပုံစံရောင်းချခြင်း၊တင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ညောင်ဝိုင်း(၇)လမ်းထိပ်၊ ညောင်ဝိုင်းမြောက်ပိုင်းရပ်ကွက်၊ ပဲခူးမြို့

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၅-၁၁-၂၀၁၃ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၂၁-၁၁-၂၀၁၃ ရက် မွန်းတည့် ၁၂:၀၀ နာရီ

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၂၂-၁၁-၂၀၁၃ ရက် ၁၄:၀၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံး ဖုန်း-၀၅၂-၂၄၃၆၄ နှင့် ၀၅၂-၂၀၀၂၄၇ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၀-၂၀၁၃ရက်ထုတ်မြန်မာ့အလင်းသတင်းစာတွင်စာမျက်နှာ(၁၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒဂုံ(မြောက်)မြို့နယ်၊ ဦးညီညီကျော်၏ ဂရန်သစ်တွင် ဦးညီညီကျော် ၁၀/လမန(နိုင်)၀၈၉၆၉၁အစား ၁၂/လမန(နိုင်)၀၈၉၇၈၆ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မသက်ဆိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်နေ ဦးကျော်သန်း၏သား မောင်အောင်ဖြိုးဟိန်းကျော် TKA-၀၉၂၂၉၄ သည် မိဘမောင်နှမများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် မိမိဆန္ဒအလျောက် ပြုလုပ်နေပါ၍ နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိဘ/မောင်နှမများ

နယ်သတင်းနှင့်ကြော်ငြာ

မလေးရှားနိုင်ငံ သုမေရုဗုဒ္ဓသာသနာပြုအဖွဲ့အစည်းမှ ပခုက္ကူတွင် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း

ပခုက္ကူ နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၁) ရပ်ကွက် သာသနဇ္ဈတ္တိ သန္တိသုခ(ပရဟိတ) ပါရမီပညာဒါန ကျောင်း၌ ပထမဝါကောင်းစွာ ကျွတ်တော်မူကြကုန်သော သံဃာတော် အရှင်သူမြတ်တို့အား ကထိန် အာနိသင်ငါးပါးရရှိစေရန်နှင့် မြတ်ဗုဒ္ဓ၏ သာသနာ အဓွန့်ရှည်တည်တံ့ခိုင်ခံ့စေခြင်းအကျိုးငှာ မလေးရှားနိုင်ငံ၊ သုမေရုဗုဒ္ဓသာသနာပြု အဖွဲ့အစည်းမှ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းတိုက်အတွင်း၌ ကျင်းပရာ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်အရှေ့တိုက်၊ သက်တော်ရှည်ဆရာတော်၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော ပင့်သံဃာတော် (၄၅)ပါးတို့ ကြွရောက်တော်မူကြပြီး အလှူရှင် မလေးရှားနိုင်ငံ သုမေရုဗုဒ္ဓသာသနာပြုအဖွဲ့အစည်းမှ ကထိန်ဒါယကာ ကထိန်ဒါယိကာမ ၂၂ ဦး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ကထိန်ပွဲတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ချမ်းသာကြီး တောင်တိုက် ရတနာဗိမာန်စာချကျောင်း မဟာနာယကဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များနာယူကြကာ ကထိန်လျာသင်္ကန်းအား မလေးရှားနိုင်ငံ သုမေရုဗုဒ္ဓသာသနာပြုအဖွဲ့မှ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် ကထိန်ဒါယကာ ကထိန်ဒါယိကာမတို့က ကထိန်တရားတော်များနာယူကြကာ လှူဒါန်းမှုအစုစုဖြစ်သော သံဃာတော်တစ်ပါးလျှင် ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ဗလာစာအုပ်တစ်ဒါဇင်စီကိုလည်းကောင်း စုစုပေါင်းငွေကျပ် သိန်း ၉၀ အား ရေစက်သွန်းချ လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲနှင့် ဒေသစာရီလှည့်လည်ရေးညှိနှိုင်းစည်းဝေး

သီပေါ နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အောင်မင်္ဂလာတိုးတော်ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓစွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်လျက်ရှိသည့် ရှေးနှစ်ပေါင်း ၁၂၁နှစ်က အုန်းဘောင်စော်ဘွားကြီးစောကြာခိုင် သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်ခဲ့သော (၁၀)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် **(ယာပုံ)**ကို နတ်တော်လဆန်း ၁၁ရက်မှ လပြည့်နေ့အထိ ပူဇော်ပွဲနှင့် ဒေသစာရီခရီးစဉ် လှည့်လည်ရေးညှိနှိုင်း ဆွေးနွေးပွဲကို နိုဝင်ဘာ ၉ ရက် ညနေ ၃နာရီက အဆိုပါ ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

လျှောက်ထား

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်ထံမှ ငါးပါးသီလနှင့် ဩဝါဒကထာခံယူပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သာသနာရေးဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုင်းထွန်းအေးတို့က သာသနာရေးဆိုင်ရာကိစ္စများကို လျှောက်ထားသည်။

ဆက်လက်၍ ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစံတင့်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမြသန်းက ပွဲတော်ကျင်းပရေးလုပ်ငန်းစီမံချက်ကို ဖတ်ကြားတင်ပြရာ တက်ရောက်လာကြသည့် မြို့မိမြို့ဖများ ဆပ်ကော်မတီဝင်များက အကြံပြုညှိနှိုင်းဆွေးနွေးကြသည်။

စိုင်း(သီပေါ)

မြိတ်-ရန်ကုန်-မြိတ် စက်လှေများ ဂိတ်စနစ်ဖြင့် ပြေးဆွဲရန် ညှိနှိုင်း

မြိတ် နိုဝင်ဘာ ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ဆိပ်ငယ်ဗောတံတားရှိ မြိတ်စက်လှေကြီးများ အသင်းရုံး၌ အသင်းအလုပ်အမှုဆောင်သစ်ရွေးချယ်ရေးနှင့်အလှည့်ကျဂိတ်စနစ်ပြောင်းလဲသတ်မှတ်ရေး ဆွေးနွေးရန် အရေးပေါ် သင်းလုံးကျွတ်အစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက် နံနက် ၈နာရီခွဲမှ ညနေ ၃နာရီ ၄၅ မိနစ်အထိ ကျင်းပခဲ့ရာ အခမ်းအနားသို့ မြိတ်မြို့ပေါ်ရှိ စက်လှေပိုင်ရှင်များ စုစုပေါင်း ၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်စက်လှေကြီးများအသင်း အတွင်းရေးမှူး ဦးကျောက်စိမ်းက အသင်းအားပြန်လည်ဖွဲ့စည်းရန် ဖျက်သိမ်းကြောင်းကြော်ငြာပြီး မြိတ်စက်လှေကြီးများအသင်းအစား မြိတ်စက်လှေသင်္ဘောပိုင်ရှင်များအသင်းကို ဒီမိုကရေစီနည်းကျ ပြန်လည်ဖွဲ့စည်းရန် ဆွေးနွေးတိုင်ပင်ခဲ့ရာ တက်ရောက်လာကြသူများက မြိတ်စက်လှေသင်္ဘောပိုင်ရှင်များအသင်းတွင်ဥက္ကဋ္ဌ ဦးကျောက်စိမ်းနှင့်အဖွဲ့ဝင် ၁၅ ဦးပါဝင်သော မြိတ်စက်လှေသင်္ဘောပိုင်ရှင်များအသင်း အမှုဆောင်အဖွဲ့အား ရွေးချယ်ခဲ့ကြသည်။

ထို့နောက် မြိတ်-ရန်ကုန်-မြိတ် ပြေးဆွဲသည့် စက်လှေများအား ဂိတ်စနစ်ဖြင့် အလှည့်ကျပြေးဆွဲရန်အတွက် ဂိတ်စနစ်၏ ကောင်းကျိုးများနှင့်ဆိုးကျိုးများကို ဆွေးနွေးခဲ့ကြပြီး ဂိတ်စနစ်ဖြင့် ပြေးဆွဲရန်သဘောတူညီခဲ့ကြောင်း သိရသည်။ အဆိုပါ ဂိတ်စနစ်ဖြင့် ခြောက်လအစမ်းပြေးဆွဲရန် စည်းမျဉ်းစည်းကမ်းများကို ထပ်မံဆွေးနွေးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

လ/၀၁၄

သမဝါယမအသင်းများသို့ ချေးငွေများ ထုတ်ချေး

စေတုတ္တရာ နိုဝင်ဘာ ၁၃

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး ရည်ရွယ်၍ သမဝါယမဝန်ကြီးဌာနမှ ပံ့ပိုးချေးငွေ ၈၃ဒသမ၁၁ သိန်းကို မြို့နယ်အတွင်းရှိ သမဝါယမအသင်း ခုနစ်သင်းမှအသင်းသား ၂၀၇ဦးသို့ အောက်တိုဘာလ အတွင်းက ထုတ်ချေးခဲ့သည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်းကလည်း ပထမအကြိမ်အဖြစ် ၁၆၅ဒသမ၂ သိန်းကို အသင်း ၁၆သင်းရှိ အသင်းသား ၄၇၂ ဦးသို့ ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

(မြို့နယ် ပြန်/ဆက်)

အထက(၁) လားရှိုးမြို့၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်

နှိုးဆော်လွှာ

လားရှိုးမြို့၊ အထက(၁) ကျောင်းတော်ကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့သော ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမကြီးများအား ဂုဏ်ပြုပူဇော်ပွဲနှင့် နှစ်(၅၀)ပြည့် ရွှေရတုသဘင် အခမ်းအနားကို (၁၁/၁၂-၁-၂၀၁၄) ရက်တွင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်ဆင်နွဲကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အောက်ပါ လိပ်စာများအတိုင်း ဆက်သွယ်ပါဝင်လှူဒါန်းနိုင်ပါသည်-

ရန်ကုန် - မခင်နှောင်း ဖုန်း-၀၉-၇၃၀၁၂၁၂၊ ဒေါ်ဘောက်ထွယ် ဖုန်း-၀၉-၅၁၅၉၅၅၈
ဦးဒေါင်ဇေ ဖုန်း-၀၉-၅၄၁၄၈၄၈၊ ဦးခွန်ညီမင်း ဖုန်း-၀၉-၅၀၄၉၄၉၇

မန္တလေး - ဦးအုန်းကြိုင် ဖုန်း-၀၉-၅၂၃၀၁၈၂၊ဦးဒိပ်ကား ဖုန်း-၀၉-၆၈၀၂၆၁၆
ဦးဇော်လင်းဦး ဖုန်း-၀၉-၅၀၃၇၂၃၅၊ ဒေါ်သီတာစန်း ဖုန်း-၀၉-၂၀၁၉၉၈၅

လားရှိုးမြို့ - ဒေါ်ဥဥမြင့် ဖုန်း-၀၉-၅၂၆၁၇၈၅ ပါမောက္ခဌာနမှူး(သင်္ချာဌာန)၊လားရှိုးတက္ကသိုလ်၊ ဦးလှရွှေ ဖုန်း-၀၉-၅၂၆၀၆၃၀ (Sweety Home)ပရိဘောဂ၊ ဒေါက်တာမြင့်မြင့်အေး ဖုန်း-၀၈၂-၂၃၀၀၅၊ ကျောင်းအုပ်ကြီး အထက(၁)၊ လားရှိုး၊ ဒေါ်ခမ်းရွှေ ဖုန်း-၀၉-၅၂၆၁၃၇၃ "**နေခြည်**"ပုဂ္ဂလိကကျောင်း၊ဒေါက်တာသန်းထွဋ်လေး ဖုန်း-၀၉-၅၂၆၁၀၄၀၊ ဦးသိန်းထွန်း ဖုန်း-၀၉-၆၇၀၀၁၄၉ (Tip Top)ဆောက်လုပ်ရေး၊ ဒေါ်မာမာညွန့် ဖုန်း-၀၉-၅၁၀၆၂၀၆"**ရွှေသမင်**"အထည်ဆိုင်၊ ဦးမောင်မောင်(ကွမ်းတုံ) ဖုန်း-၀၉-၅၂၆၀၈၃၁ "**အထည်ဆိုင်**"၊ လားရှိုးမြို့မဈေး။

အထက(၁)လားရှိုးမြို့၌ တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများ၊ အငြိမ်းစားများအထက်ပါလိပ်စာများအတိုင်း ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ
ဦးအောင်ကြည်-(ဒေါ်ခင်တင့်)တို့၏သား

မောင်ကျော်စွာမြင့်

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ
(ဦးညွန့်ဟန်)-ဒေါ်ခင်ညွန့်ရီတို့၏သမီးငယ်

မဝင်းသီရိဟန်

B.Sc (Chemistry) PHAMARCIST AID COURSE
COMPUTER(BASIC-EXCEL)

တို့သည် ၁၁-၁၁-၂၀၁၃ရက်(တနင်္လာနေ့)တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ကျော်စွာမြင့်-မဝင်းသီရိဟန်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာမြို့သစ်အိမ်ရာစီမံကိန်း၊ စံပယ်လမ်း၊ တိုက်အမှတ် ၃၃၊ အခန်းအမှတ် ၆၊ Shop House အဆောက်အအုံအား ယုဇန ဆောက်လုပ်ရေးကုမ္ပဏီမှ ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်သည့် ဒေါ်သင်းသင်းစိုး ၆/မအရ(နိုင်)၀၃၂၂၂၈၊ ဒေါ်တင်တင်ဝေ ၆/မအရ(နိုင်)၀၀၀၂၆၇၊ ဦးဝင်းနိုင် ၆/မအရ (နိုင်)၀၃၂၂၃၁၊ မောင်အောင်အောင်စိုး ၆/မအရ(နိုင်)၀၀၁၅၉၄ နှင့်ဦးထွေးငယ် ၆/ မအရ(နိုင်)၀၃၂၂၂၁ တို့၏ကိုယ်စား ဒေါ်သင်းသင်းစိုး ၆/မအရ(နိုင်)၀၃၂၂၂၈ က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း — **အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇)**
ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ကေတုမာလာရိပ်သာ၊ ကေတုမာလာအရှေ့ ၁ လမ်း၊ မြေကွက်အမှတ်(၁၃၉/က)၊ မြေအကျယ်အဝန်း ပေ(၂၀×၆၀)ရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိမြို့မြေစာရင်းတွင် ဦးချစ်အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးချစ်ကွယ်လွန်၍ ဇနီးဒေါ်ညွန့်ထံမှ လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးမြင့်အေး ၁၂/ကမတ(နိုင်) ၀၅၇၄၅၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းစိုး ၁၄/ဖပန(နိုင်)၀၆၆၈၈၃မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းစိုး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)
အမှတ်(၅၄၄)၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်
မဟာအင်ဂျင်နီယာဘွဲ့(လေကြောင်းနှင့်အာကာသ)
သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် မဟာအင်ဂျင်နီယာဘွဲ့ (လေကြောင်းနှင့်အာကာသ) သင်တန်းများကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁ရက်မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ ဖွင့်လှစ်မည့်သင်တန်းအမျိုးအစားအလိုက် အခြေခံဘွဲ့လိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စဉ်	သင်တန်းအမျိုးအစား	အခြေခံဘွဲ့လိုအပ်ချက်
၁။	M.E.(Aerospace-Propulsion & Flight Vehicles)	B.E(Aerospace-Propulsion & Flight Vehicles)
		B.E(Aeronautical)
၂။	M.E.(Aerospace-Avionics)	B.E(Aerospace-Avionics)
		B.E(Electronics)
၃။	M.E.(Aerospace-Electrical System& Instrumentation)	B.E(Aerospace-Electrical System & Instrumentation)
		B.E(Electrical Power)
၄။	M.E.(Aerospace- Fuel & Propellant)	B.E(Aerospace-Fuel & Propellant)
		B.E(Chemical)
၅။	M.E.(Aerospace-Space Systems)	B.E(Aerospace-Space Systems)

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) အင်ဂျင်နီယာဘွဲ့သင်တန်းတွင် ပျမ်းမျှကြိမ်နှုန်း(၆၅)မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်။(သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းဖြစ်ပါက အရည်အချင်းစစ်စာမေးပွဲများတွင် အင်္ဂလိပ်စာနှင့် ဘာသာရပ်နှစ်ခုပေါင်းရမှတ်(၁၂၀)နှင့်အထက်ရရှိသူဖြစ်ရမည်။)

(ခ) မဟာအင်ဂျင်နီယာဘွဲ့သင်တန်းသို့ စတင်တက်ရောက်သည့်ရက်တွင် အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက် ၄၀ထက် မကြီးသူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၊ ပြည်ထောင်စုဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း တင်ပြရမည်။

(ဃ) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် စစ်ဆေးမည့်သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်စွာဖြေဆိုနိုင်သူများကိုသာ လက်ခံမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ အမှတ်စာရင်းမူရင်းနှင့်မိတ္တူတို့ကို တင်ပြရမည်။

၅။ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံများကို ၁၈-၁၁-၂၀၁၃ရက်မှစ၍ ဤတက္ကသိုလ်၌ ထုတ်ယူနိုင်ပြီး ၁၃-၁၂-၂၀၁၃ ရက်(သောကြာနေ့) ၁၆:၀၀နာရီနောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာများပြည့်စုံမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ မိတ္ထီလာမြို့၌ အောက်ပါအတိုင်း ကျင်းပစစ်ဆေးမည်ဖြစ်ပါသည်။

စဉ်	ရက်စွဲ	ဘာသာရပ်	အချိန်
(က)	၂၁-၁၂-၂၀၁၃	အင်္ဂလိပ်စာ	နံနက် ၉ နာရီမှ ၁၁နာရီအထိ
(ခ)	၂၂-၁၂-၂၀၁၃	သက်ဆိုင်ရာဘာသာရပ်	နံနက် ၉နာရီမှ ၁၁နာရီအထိ

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ မိတ္ထီလာမြို့ ဖုန်း-၀၆၄-၃၅၂၄၂၊ ၀၆၄-၃၅၂၄၄တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

NOVOTEL Resorts

Inle Lake

ACCOR Open New Frontiers in Hospitality

Opening Q1-2014

is looing for talents for the following positions

- Front Office Manager
- Housekeeping Manager
- Maintenance Manager
- Revenue Manager
- HR Manager
- Reservation Manager
- Chief Accountant
- Tanslator
- Spa Manager
- Sales Manager
- IT Manager
- Restaurant Manager
- Chef
- Pastry Chef
- F & B Manager
- Sales Manager

Please sent CV with photo and actual salary package to

Only short listed candidates will be contacted

hr.novotelinlelake@outlook.com

NOVOTEL INLE LAKE

The Novotel Inle Lake features 60 Villas and 60 Junior suite and 2 Presidential villas and all Day diring. The hotel also offers Spa, Fitness center, Swimming-pool, Function rooms and meeting facilities.

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
ပထမနှစ် ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(Myanmar Maritime University)တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အောက်ပါဘွဲ့လွန်ဒီပလိုမာအချိန်ပိုင်းသင်တန်းများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

(က) သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ
(Post Graduate Diploma in Shipping Management)

(ခ) ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ
(Post Graduate Diploma in Port Management)

၂။ သင်တန်းကာလမှာ အချိန်ပိုင်း (၂)နှစ်ဖြစ်ပြီး သင်တန်းများကို အောက်ပါအတိုင်း ပို့ချမည်ဖြစ်ပါသည်-

(က) **သင်တန်းချိန်** - တစ်ပတ်လျှင် ငါးရက်
(တနင်္လာနေ့ မှ သောကြာနေ့အထိ)
နံနက် ၇:၀၀နာရီမှ နံနက် ၉:၀၀နာရီအထိ

(ခ) **သင်တန်းပို့ချမည့်နေရာ** - Logistics Training Centre
အမှတ် ၃၅/၈၇၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး
အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ **သင်တန်းဝင်ခွင့်အတွက်လိုအပ်ချက်များမှာ-**

(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ခ) လုပ်ငန်းခွင်နှင့် ဆက်စပ်မှုရှိသူများကို ဦးစားပေးစဉ်းစားမည်။

၄။ ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လက်ခံသင်ကြားမည့်သင်တန်းသားဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Diploma in shipping Management ၅၀ ဦး
Diploma in Port Management ၅၀ ဦး

၆။ သင်တန်းနှစ်ခုစလုံးအတွက် ကျောင်းလခမှာ တစ်လလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ) ဖြစ်ပြီး သင်တန်းအောင်မြင်ပြီးဆုံးပါက အောက်ပါဒီပလိုမာဘွဲ့များ ပေးအပ်မည်ဖြစ်ပါသည်-

(က) သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဒီပလိုမာ Dip.S.M
(ခ) ဆိပ်ကမ်းလုပ်ငန်းစီမံခန့်ခွဲမှုဒီပလိုမာ Dip.P.M

၇။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စပို့အရွယ်ဓာတ်ပုံ သုံးပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်(သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့

ထားဝယ်တက္ကသိုလ်
(၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကြေညာချက်

ထားဝယ်တက္ကသိုလ်မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် မတ်လနှင့်စက်တင်ဘာလတွင် ကျင်းပခဲ့သော တတိယနှစ် (၂၀၁၀)၊ စတုတ္ထနှစ်ဥပဒေ(၂၀၀၉)၊ ဒုဂုဏ်ထူးတန်း (၂၀၀၉)၊ မဟာဒုတိယနှစ်(၂၀၀၆)၊ မဟာသုတေသန(၂၀၀၅) စာမေးပွဲများဖြေဆိုအောင်မြင်ပြီးသူများသည် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြသည်။

ဘွဲ့နှင်းသဘင်ကြေး - ကျပ် ၁၅၀၀
အဝေးရောက်ဘွဲ့ကြေး - ကျပ် ၁၀၀၀
လျှောက်လွှာလက်ခံမည့်ရက် - ၁-၁၂-၂၀၁၃ ရက်မှ ၁၀-၁-၂၀၁၄ ရက်အထိ

မှတ်ချက်

(၁) လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် နောက်ဆုံး ရိုက်ကူးထားသော (၂×၁½)လက်မအရွယ် ဓာတ်ပုံနှစ်ပုံပူးတွဲ၍ ၂လျှောက်ထားရမည်။

(၂) အခြားသောပညာသင်နှစ်များတွင် ဘွဲ့စာမေးပွဲအောင်မြင်ခဲ့သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

(၃) ဘွဲ့နှင်းသဘင်လျှောက်လွှာကို ကိုယ်တိုင်လာရောက်တင်သွင်းသူများသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားတို့ကိုတင်ပြ၍ ထားဝယ်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် တင်ပြလျှောက်ထားရမည်။

(၄) ဘွဲ့ကြေးများကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ထားဝယ်တက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

(၅) ထားဝယ်မြို့နယ်မှ စာတိုက်ငွေပို့လွှာဖြင့် ဘွဲ့နှင်းသဘင်ကြေးပေးသွင်းခြင်းကို လုံးဝခွင့်မပြုပါ။

(၆) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း**ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ စာမေးပွဲအောင်မြင်သည့်ခုနှစ် စသည်များကို တိကျစွာဖော်ပြရမည်။

(၇) အသေးစိတ်အချက်အလက်များကို ထားဝယ်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင်စုံစမ်းနိုင်ပါသည်။

(၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အစီအစဉ်

ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်နေ့ရက်	(နံနက်ပိုင်း)	၁-၂-၂၀၁၄ရက် (စနေနေ့) နံနက် ၉ နာရီ
	(ညနေပိုင်း)	၁-၂-၂၀၁၄ ရက် (စနေနေ့) မွန်းလွဲ ၂:၀၀နာရီ
ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်	(နံနက်ပိုင်း)	၂-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီ
	(ညနေပိုင်း)	၂-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၀၀နာရီ

(တင်မောင်ဦး)
ဌာနမှူး၊ သင်တန်းရေးရာဌာန
ထားဝယ်တက္ကသိုလ်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက်အမှတ် ၁၃၃၉၊ မြေကွက်တည်နေရာအမှတ် ၁၃၃၉၊ ဘုရင့်နောင်လမ်းမ၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဦးအောင်မင်း ၁၂/အစန(နိုင်)၀၄၁၉၉၇ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်မင်း ကွယ်လွန်သဖြင့် ဒေါ်သင်းသင်းကြူ ၁၂/သဃက(နိုင်)၀၀၂၁၆၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ တိုက်အမှတ် ၆၊ အခန်းအမှတ် ၃၂ကို မူလအမည်ပေါက်ပိုင်ရှင် ဦးသိန်းထွန်းထံမှ ဦးအောင်မြင့်ထူးက ဝယ်ယူခဲ့ပြီး ၄င်းထံမှ ဦးဝင်းမော်-ဒေါ်ခင်အေးမော်တို့က စာချုပ်စာတမ်းများ ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။
စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၉၄၇/ခ၊ မြေကွက်တည်နေရာအမှတ် ၉၄၇/ခ၊ သီလ ၁၂လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်လှကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှကြည်နှင့်ခင်ပွန်းဦးကျော်သောင်း ကွယ်လွန်သဖြင့် ဒေါ်အေးအေး ၁၂/ဥကတ(နိုင်) ၀၃၂၆၄၄ က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊မြေကွက်အမှတ်၁၃၃၄၊ မြေကွက်တည်နေရာအမှတ် ၁၃၃၄၊ ၁၃ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးမောင်မောင်လွင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်လွင် ကွယ်လွန်သဖြင့် ဒေါ်သန်းကျင် ၁၂/ကတတ(နိုင်)၀၂၄၂၂၅ က တရားဝင်တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ် ၆၀၀(က)၊ မြေကွက်တည်နေရာအမှတ် ၁၈၂၊ ၇လမ်း၊ မြို့သစ်(က)ရပ်ကွက်၊ အင်းစိန်မြို့နယ် ဒေါ်စိန်စိန် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်စိန်(ကွယ်လွန်)၊ ခင်ပွန်း ဦးမြသွင် ကွယ်လွန်သဖြင့် (၁)ဒေါ်ရီရီဝင်း ၁၂/မရက(နိုင်)၀၁၇၀၅၅၊ (၂)ဒေါ်သီသီဝင်း ၉/မထလ(နိုင်)၀၁၄၇၄၇၊ (၃) ဦးကျော်ဝင်း ၉/မထလ(နိုင်)၂၂၄၁၅၀၊ (၄) ဒေါ်မူမူဝင်း ၁၂/သလန(နိုင်)၀၁၇၀၂၄တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကလေးမြို့ အောင်ကမ္ဘာ မော်တော်ယာဉ်အသင်းမှ ကားလေးများ ထပ်မံပြေးဆွဲမည် စာ - ၁၇

အကောက်ခွန်ဘောလုံးအသင်းနှင့် ရုပ်ရှင်သရုပ်ဆောင်အသင်းတို့ ယနေ့ခြေစမ်းမည်

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် နိုဝင်ဘာ ၁၃

ဆီးဂိမ်းပြိုင်ပွဲ အကြိုလှုံ့ဆော်မှုအဖြစ် အကောက်ခွန်(ဘဏ္ဍာ/ အခွန်) ဘောလုံးသမားဟောင်းများ အသင်းနှင့် ရုပ်ရှင်သရုပ်ဆောင်အသင်းတို့သည် နိုဝင်ဘာ ၁၄ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် မန္တလေးမြို့ရှိ ဗထူးကွင်းတွင် ခြေစမ်းကစားကြမည်ဖြစ်သည်။

အကောက်ခွန်ဘောလုံးအသင်းတွင် မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ တင်မောင်သိန်း၊ အောင်ကျော်ထူး၊ ရဲထွဋ်၊ နေလင်း၊ စိုးမြတ်မင်း၊ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ ရန်ပိုင်၊ ကျော်ကျော်မိုး၊ ဟိန်းဇေယျာကျော် စသည့် နာမည်ကြီး ဘောလုံးသမားဟောင်းများ ပါဝင်မည်ဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင်အသင်းတွင် လူမင်း၊ ရာဇာနေဝင်း၊ ပြေတီဦး၊ ကျော်ကျော်ဗို၊ အောင်ရဲလင်း၊ ဖိုးချစ်စသည့် အနုပညာရှင်များ ပါဝင်မည်ဖြစ်သည်။ အကောက်ခွန်ဘောလုံးအသင်းကို အုပ်ချုပ်သူများအဖြစ် ဦးခင်မောင်ကြိုင်နှင့် ဦးရဲညွန့်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

ဘဏ္ဍာ/အခွန်/အကောက်ခွန် ဘောလုံးအသင်းသည် အပျော်တမ်းအဆင့် အဆင့်မြင့်တန်းပြိုင်ပွဲများတွင် ချန်ပီယံဆုဖလားပေါင်းများစွာ ရရှိထားသည့် အောင်မြင်မှုအစဉ်အလာကြီးမားသော အသင်းဖြစ်သည်။

ခြေစမ်းပွဲကစားမည့် အကောက်ခွန်ဘောလုံးအသင်း။

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် မုန်တိုင်းငယ်ဖြစ်ပေါ်

နေပြည်တော် နိုဝင်ဘာ ၁၃

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် (အိန္ဒိယနိုင်ငံ)ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၃၅၀ ခန့်၊ (မြန်မာနိုင်ငံ) ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက်မိုင် ၄၆၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ရုရှားဖက်ဒရေးရှင်းနိုင်ငံရေတပ်မှ စစ်ရေယာဉ် ချစ်ကြည်ရေးခရီးစဉ် MITT ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၃

မြန်မာ-ရုရှား နှစ်နိုင်ငံရေတပ် အချင်းချင်းသာမက နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်စေရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံရေတပ်မှ စစ်ရေယာဉ် ASW Ship-Admiral Vinogradov သည် ဗိုလ်မှူးကြီး Captain Alexcy V Zlovlonozhko ဦးဆောင်၍ နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းရှိ MITT ဆိပ်ခံတံတားသို့ ရောက်ရှိလာရာ သန်လျင်တပ်နယ်၊ တပ်နယ်မှူး ဗိုလ်မှူးချုပ် မင်းသိမ်းတင့်နှင့်

စာမျက်နှာ ၅ ကော်လံ ၅ ▲

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်မှ ချစ်ကြည်ရေးခရီးရောက်ရှိလာသည့် စစ်ရေယာဉ်ကို တွေ့ရစဉ်။

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

GOLDEN STAR
ချောင်းသာ (နေ့စဉ်)၊ ငွေဆောင် (သော်ကြာ)
Ph: 209200 430480 544383 703448 09-5046000

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၂၈)ဘဏ်ခြောက်

မန္တလေး(၈၅)လမ်းဘဏ်ခွဲ ကို

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် တွင်

၁၄.၁၁.၂၀၁၃ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

<u>ဆက်သွယ်ရန်လိပ်စာ</u>

မန္တလေး(၈၅)လမ်းဘဏ်ခွဲ

အမှတ်(၁၁၃-က)၊ (၈၅)လမ်း၊ (၃၂× ၃၃)လမ်းကြား၊ အောင်နန်းရိပ်သာ
အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း – (၀၂) ၆၅၃၆၅၊ ၂၁၃၂၄၊ ၆၇၁၇၇
ဖက်စ် – (၀၂) ၆၇၀၄၇၊ ၆၇၀၄၈

www.kbzbank.com

[illegible]
☎ 01-344727, 01-399428, 09-73069994, 09-5152521

ဒေါ်သန်းစိန် ၁၂/ပဇတ(နိုင်)၀၂၄၇၈၆နှင့်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ဇေဒင် ၂ လမ်း၊ အိမ်အမှတ် ၄၀၅ နေ ဒေါ်ခင်သန်းဦး ၁၂/ပဇတ(နိုင်)၀၀၀၅၇၆နှင့် ရွှေပြည်သာမြို့နယ်၊ ကနောင်ပန်းခြံ ၁လမ်း၊ (၈)ရပ်ကွက်၊ အမှတ် ၄၀၉နေ ဒေါ်ခင်သူပြုံး ၁၂/ရပသ(နိုင်) ၀၃၇၀၁၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ကနောင်ပန်းခြံ ၁ လမ်း၊ အမှတ် ၄၀၉တည်ရှိရာ မြေတိုင်းရပ်ကွက် ၈/၆၊ မြေကွက်အမှတ် ၄၀၉၊ ပေ(၄၀×၆၀)နှစ်၆၀ဂရန်မြေကွက်နှင့်ပတ်သက်၍ ဦးစန်းဝင်း+၁ အမည်ပေါက်နေသော မြေကွက်ဖြစ်ပါသည်။ ဦးစန်းဝင်းနှင့်ဒေါ်သန်းစိန်တို့တွင် သမီးငါးဦးထွန်းကားခဲ့ပါသည်။ ၄င်းတို့မှာ ဒေါ်ခင်သန်းဦး၊ ဒေါ်အေးမြတ်မွန်၊ ဒေါ်ထက်ဝေထွန်း(ခ)ဘုတ်ဆုံ၊ ဒေါ်ခင်သူပြုံးနှင့် ဒေါ်ဆွေမာထွန်းတို့ဖြစ်ကြပါသည်။

ဦးစန်းဝင်းနှင့် ဒေါ်သန်းစိန်တို့သည် ၂၀၀၀ ပြည့်နှစ်က နှစ်ဦးသဘောတူလင်မယားကွာရှင်းခဲ့ရာ ဦးစန်းဝင်းမှ အထက်ဖော်ပြပါမြေကွက်နှင့်အိမ်အား ဒေါ်သန်းစိန်နှင့် သမီးများအတွက် မိမိဝေစုကိုမယူဘဲ စွန့်လွှတ်ပေးကမ်းခဲ့ပါသည်။ ဤကဲ့သို့စွန့်လွှတ်ပေးကမ်းခြင်းပြုလုပ်ရခြင်းမှာလည်း ဒေါ်သန်းစိန်မှ မိခင်ဖြစ်သူ မိမိမှာသမီးများကို ပြုစုထိန်းသိမ်းစောင့်ရှောက်ပြီး ပိုင်ဆိုင်မှုများကိုညီညီမျှမျှခွဲဝေသုံးစွဲမည်ဖြစ်ကြောင်း ကတိပြု၍ ပေးကမ်းခဲ့ခြင်းဖြစ်ပါသောကြောင့် အထက်ပါ မြေကွက်နှင့်အိမ်သည် ဒေါ်သန်းစိန်နှင့်သမီးများပိုင်ဆိုင်သောပစ္စည်းဖြစ်ပါသည်။ သို့သော် ဒေါ်သန်းစိန်မှ အိမ်နှင့်ခြံထဲတွင် သမီးများကို နေထိုင်ခွင့်မပေးရုံသာမက သမီးများကို အသိမပေးဘဲ အိမ်နှင့်ခြံထက်ဝက်ကို ရောင်းချခြင်း၊ ရောင်းချ၍ရသောငွေကို မိမိအမည်ဖြင့် မြေကွက် ထပ်မံဝယ်ယူခြင်း၊ မဆိုင်သူများကို ပေးထားခြင်း စသည်များကိုပြုလုပ်ပြီး သမီးများကို လုံးဝခွဲဝေပေးခြင်းမရှိခဲ့ပါ။ ဒေါ်သန်းစိန်သည် ကျန်သည့်မြေကွက်နှင့် အိမ်ထက်ဝက်ကို လည်း ရောင်းချရန်စီစဉ်နေကြောင်း သိရှိရသောကြောင့် သမီးများ သဘောမတူဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် ဒေါ်သန်းစိန်နှင့်တကွ အများသိစေရန် တားမြစ်လိုက်ပါသည်။

ဤတားမြစ်ချက်ကို သိရှိပါလျက် တစ်နည်းနည်းဖြင့်လွှဲပြောင်းပါက လွှဲပြောင်းသူနှင့် လွှဲပြောင်းခြင်းကိုလက်ခံသူ၏ တာဝန်သာဖြစ်ပါသည်။ လွှဲပြောင်းသူနှင့် လွှဲပြောင်းခြင်းကိုလက်ခံသူများကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါ်သန်းစိန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ခင်သန်းဦး၊ ဒေါ်ခင်သူပြုံး	**ဒေါ်ဝင်းဝင်းကြည်(စဉ်-၂၆၄၆)**
	တရားလွှတ်တော်ရှေ့နေ
	အမှတ် ၅၂၀၊ အဝေရာလမ်း၊
	နံ့သာကုန်းရပ်ကွက်၊
	အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

[illegible]

ဦး[illegible] LL.B

[illegible]

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈)ရပ်ကွက်၊ အင်ကြင်းလမ်းသွယ်၊ အမှတ် ၂၉၈/ကရှိ ပေ (၂၀×၆၀)မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်တို့ကို လက်ရှိပိုင်ဆိုင်လျက်ရှိသော ဒေါ်အေးချစ် ၁၂/တမန(နိုင်)၀၄၆၃၀၅ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မျိုးလွင် ၁၃/ကခန(နိုင်) ၀၄၀၈၇၀က ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမင်းမင်းဝင်း	**ဒေါ်နီလာမြင့်**	**ဒေါ်ဝါဝါထွန်း**
LL.B, D.ML	**LL.B, D.BL**	**LL.B**
(စဉ်-၂၉၈၂၄)	**(စဉ်-၃၈၂၆၂)**	**(စဉ်-၃၆၇၃၁)**
ဖုန်း-၀၉-၄၂၀၀၅၁၈၁၂	**ဖုန်း-၀၉-၄၂၀၇၄၃၉၉၅**	**ဖုန်း-၀၉-၈၆၃၄၂၂၄**

အထက်တန်းရှေ့နေများ

အမှတ် ၆၄၇၊ သီတဂူ ၁ လမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၂/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန် ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-095(2013-2014)	Skid Mounted Water Transfer Pump With Motor Driven	(2)Units	US$
(၂)	IFB-096(2013-2014)	2900 Series Well Head Equipment & Accessories	(4)Sets	US$
(၃)	IFB-097(2013-2014)	1500 Series Well Head Equipment & Accessories	(6)Sets	US$
(၄)	IFB-098(2013-2014)	900 Series Well Head Equipment & Accessories	(12)Sets	US$
(၅)	IFB-099(2013-2014)	228 D-246-86 Type Pumping Unit	(1)Set	US$
(၆)	IFB-100(2013-2014)	160 D-173-74 Type Pumping Units	(5)Sets	US$
(၇)	IFB-101(2013-2014)	114 D-119-48 Type Pumping Units	(6)Sets	US$
(၈)	IFB-102(2013-2014)	80 D-133-54 Type Pumping Units	(5)Sets	US$
(၉)	IFB-103(2013-2014)	40 D-76-48 Type Pumping Units	(8)Sets	US$
(၁၀)	IFB-104(2013-2014)	2 7/8" & 2 3/8" EUE Tubing	(2)Items	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၁-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင်နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

[illegible]

- ထေရဝါဒဗုဒ္ဓဘာသာဝင်လူကြီး၊ လူလတ်၊ လူငယ်မျိုးဆက်သစ်များအားလုံးအတွက်ဆရာတော်ကြီးများ၏ ဝိပဿနာကျင့်စဉ်၊ သမထနှင့် ဂုဏ်တော်ကျင့်စဉ်များ။
- ဆရာတော်ကြီးများ၏ထူးခြားသည့် ဂန္ထဝင်စာနှင့် ကဗျာများ၊ အခြေခံမှစ၍ လေ့လာလိုသူများအတွက် ပဋ္ဌာန်း၊ အဘိဓမ္မာဖွင့်ဆိုရှင်းလင်းချက်များ။
- ယဉ်ကျေးမှုကိုမြတ်နိုးထိန်းသိမ်းလိုသည့် မျိုးဆက်သစ်လူငယ်များအတွက် သရုပ်ဖော် ဗုဒ္ဓစာပန်းချီများ။
- ဗုဒ္ဓဘာသာကို အင်္ဂလိပ်စာဖြင့် ယှဉ်တွဲလေ့လာလိုသူ မျိုးဆက်သစ်လူငယ်များအားလုံးအတွက် ဘာသာရေးအင်္ဂလိပ်စာကဏ္ဍ။
- ကြီးပွားတိုးတက်လိုသူများအတွက် နက္ခတ်အဟောကဏ္ဍ။
- ဓမ္မကိုကဗျာဖြင့် မြတ်နိုးနှလုံးသွင်းလိုသူများအတွက် ဓမ္မကဗျာကဏ္ဍ။
- မရှင်းလင်းသည်များကို နိုက်နိုက်ချွတ်ချွတ် သိရှိလိုသူများအတွက် ဘာသာရေးဆိုင်ရာအမေးအဖြေကဏ္ဍ။
- ဗုဒ္ဓဟောကြား အမြတ်ဆုံးဆုလာဘ်ကို ယူလိုသူများအတွက် ကျန်းမာရေးနှင့်ဆေးကဏ္ဍစသည်တို့ကို အပတ်စဉ်ပြည့်စုံစွာဖော်ပြတင်ဆက်သွားမည့် မြန်မာနိုင်ငံသား အားလုံးအတွက် လောကအလင်းဂျာနယ်....
- သားသား မီးမီးတို့အတွက် ဓမ္မပုံပြင်များ၊ သုံးဆယ့်ရှစ်ဖြာမင်္ဂလာအစ ဘာသာရေးအဆုံးအမများ...
- သင့်နေအိမ်တွင်လည်းကောင်း၊ မိသားစုများ အားလုံးအတွက်လည်းကောင်း၊ ဘာသာတရားကိုအခြေခံမှစ၍ အဆင့်မြင့် လေ့လာလိုသူတိုင်းအတွက်လည်းကောင်း ဝယ်ယူဖတ်ရှုသင့်သည့် ဘာသာရေးနှင့် ပတ်သက်၍ အပြည့်စုံဆုံးတင်ဆက်သွားမည့် လောကအလင်းဂျာနယ် အပတ်စဉ်စနေနေ့တိုင်း သင့်ထံသို့ရောက်ရှိလာပါတော့မည်....

  ကုမ္ပဏီများ၊ အသင်းအဖွဲ့အစည်းများ ဓမ္မဒါနပြုနိုင်ပါရန် အထူးဖိတ်ခေါ်အပ်ပါသည်။
- လောကအလင်းဂျာနယ်၏ တစ်နှစ်ပတ်လုံး အရောင်းကိုယ်စားလှယ်ကြီးများ/လက်ပွေ့ရောင်းသူများအတွက် ပြည်တွင်းဘုရားဖူးခရီးစဉ်များကိုမဲနှိုက်၍ ချီးမြှင့်ဆောင်ရွက်ပေးပါမည်။

"လောကအလင်း"(ဘာသာရေးဂျာနယ်)
အခန်းအမှတ် ၀၁၊ မြေညီထပ်၊ တိုက် ၆/၁၊ ရန်အောင်လမ်းသွယ်(၃)၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ (ကြားမှတ်တိုင်အနီး)၊ ဖုန်း-၀၁-၅၅၈၀၈၄

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)
လူနာခန်းလက်ထောက်(အမျိုးသား) သင်တန်းသားများ
ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၃၈ ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဖွင့်လှစ်မည့် လူနာခန်းလက်ထောက်(အမျိုးသား)သင်တန်းအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ သင်တန်းတက်ရန် လျှောက်ထားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံသားဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူဖြစ်ရမည်။
(၂) အသက် ၁၈ နှစ် ပြည့်ပြီး ၂၄ နှစ်ထက် မကျော်စေရ။
(၃) အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။(အမှတ်စာရင်း ပူးတွဲတင်ပြရမည်)
(၄) အိမ်ထောင်မရှိသူ လူပျိုဖြစ်ရမည်။

လျှောက်ထားသူသည်-

(၁) ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဖွင့်လှစ်မည့် လူနာခန်းလက်ထောက်သင်တန်းကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ ၄ လကြာ တက်ရမည်။
(၂) သင်တန်းကြေး ပေးသွင်းရန်မလိုပါ။
(၃) သင်တန်းကာလအတွင်း နေ့လယ်စာ ထမင်းအခမဲ့ကျွေးမည်။
(၄) သင်တန်းပြီး၍ အောင်မြင်သူများကို ဆေးရုံကြီးတွင် လစ်လပ်နေရာများရှိပါက အလုပ်ရရှိရေး စီစဉ်ပေးမည်။

လျှောက်လွှာပုံစံများကို ဆေးရုံကြီးရှိ စီမံရေးရာဌာနခွဲတွင် တောင်းယူ၍ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် ပညာရေးထောက်ခံချက်မိတ္တူတို့ဖြင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံကပ်ပြီး ၃၀-၁၁-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ သင်တန်းသားများကို လူတွေ့စစ်ဆေးပြီး ရွေးချယ်သွားမည်။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၅၄၁၇၉၅ နှင့် ၀၁-၅၅၈၄၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့
ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)

တိ-မွေး-ကု တက္ကသိုလ်၊ အင်းစိန်
(၁၉၇၂-၇၈) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏
ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် စုံညီမိတ်ဆုံစားပွဲ
ဖိတ်ကြားလွှာ

နေ့ရက် - ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် (စနေနေ့)
အချိန် - နံနက် ၈ နာရီ
နေရာ - M 3 Food Center ဗဟန်း၊ ရန်ကုန်မြို့။

အမှုဆောင်အဖွဲ့

LCCI [illegible] "Format for Study Guide" [illegible]
U THAN AUNG Accountancy Training Centre
HP : 09-508 6487, 09-4200 20993, 09-4200 14106

အများသိစေရန် ကြေညာချက်

လသာမြို့နယ်၊ ၁၉ လမ်း၊ အမှတ် ၄၃/၅၃၊ အနောက်ဘက်ရှိအဆောက်အအုံ၏ သော့ပိတ်အခန်းအဖြစ် မှတ်သားထားသည့် ပထမထပ်အခန်းအမှတ် ၁၁ ကို မြတ်ဆုဟန်(ခ)မိုးမြင့်သူမှ ၄င်းအမည်ဖြင့် မှတ်သားပေးပါရန် ဤဌာနသို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဤဌာနသို့ ခိုင်လုံသော အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

[illegible]

ဦးသုခရှိန် ACCA & LCCI 1,2,3
Professional စာရင်းကိုင်သင်တန်းများ
Series (3-2014) အတွက် သင်တန်းများအားလုံး 14th December မှစ၍ ဖွင့်လှစ်ပါမည်။
November လအတွင်း သင်တန်း အပ်နှံပါက Discount အထူးအစီအစဉ်ရှိပါသည်။
Center 1
NO.(164-166), 2nd Floor, 45th St, Botahtaung Tsp, Yangon. 01-398715, 09-8581000,
Center 2
NO.(106-A), 1st Floor, Sanchaung St, Sanchaung Tsp, Yangon. 01-705016, 09-448005544
MAS EDUCATION CENTER
Enroll Now

GLORY
www.glory-education.com ☎ 09-73121717, 09-5197817
City & Guilds
UK အင်္ဂလိပ်ဝိုင်ယာ ဒီပလိုမာသင်တန်းများ
Electrical, Electronic, Mechanical, Mechatronic, Civil, Refrigeration & Air Con,
Electrical Installation, M & E

OASIS

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်းဧရိယာ
09 31589922
09 31268183

"ကိုကော်ရီပိစ်"
"ကိုကော်ဒီရိုပ်"
Essays and Letters
T.T

Excellent Creation
နှလုံးသွေးနှင့်ရင်ခုန်ကြသူများ
LIVE at MANDALAY
747 Music Band
Audio CD ထွက်ပြီ
Live Recording & Mixing: KYAW ZAY YA (Pro)

ဝယ်ယူလိုပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် Rose Park (3) (4) ၊ ရွှေပင်လုံ အိမ်ရာကို ငွေသွင်းရန် ကျန်ရှိနေသေးသော အကွက်များကို ဝယ်ယူလိုပါသည်။

ဖုန်း-၀၉-၇၃၀၂၂၁၁၈

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဖလမ်းမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂

ဦးဆလျန်ခုမ်း **နှင့်** ဒေါ်လဲင်ဇတလိန်း
တရားလို **တရားပြိုင်**

ချင်းပြည်နယ်၊ ဖလမ်းမြို့၊ ကျင်မွာလ်ရပ်ကွက်၊ အိမ်အမှတ်-က/၈၄နေ ဒေါ်လဲင်ဇတလိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၅၅၀၀၀၀၀ိ/-(ကျပ်ငါးဆယ့်ငါးသိန်း) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၅ ရက် (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အောင်မျိုးထွန်း
မြို့နယ်တရားသူကြီး
ဖလမ်းမြို့နယ်တရားရုံး

"ကျေးဇူးပြု၍ ဆက်သွယ်ပါ"
မြေကွက်အမှတ်(၅၀၃)နှင့်(၅၀၆)၊ ၂၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေကွက်ပိုင်ရှင်

(K.P)
☎ 01-691492 ☎ 09-5010195

CD

LCCI
WEBS
Worldclass English & Business School
A Worldclass Learning Experience
09-5151398, 09-31088007

အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အင်ကျယ်ကျေးရွာအုပ်စု၊ အင်ကျယ်ကျေးရွာ၊ အောင်သိဒ္ဓိကျောင်းတိုက်နေ ဦးဉာဏဝံသ ၉/ပသက(သ)၀၀၀၂၉၃ သည် မိမိပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အင်ကျယ်ကျေးရွာ၊ အောင်သိဒ္ဓိကျောင်း၊ မြေနှင့်မြေပေါ်ရှိ ဂရုဘဏ်၊ လဟုဘဏ်၊ ပေါက်သစ်၊ ပေါက်ဟောင်း ပစ္စည်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ညောင်ကန်တိုက်၊ ဘုံဘိုင်ကျောင်းတိုက်နေ ဦးသုဝဏ္ဏ ၉/မဟမ(သ)၀၀၁၇၆၈ အား မန္တလေးမြို့၊ အောင်တော်မူရပ်နေ တရားရုံးချုပ်ရှေ့နေ (၁၇၂၃)နှင့် နိုတြီပဗ္ဗလစ် ဦးလွန်းမောင်ထံ၌ ၂၈-၁၁-၂၀၁၀ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၅၄/၂၀၁၀ ဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စား လှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကြေညာသူ
ဦးဉာဏဝံသ ၉/ပသက(သ)၀၀၀၂၉၃
ဥက္ကဋ္ဌ ဆရာတော်
ကျေးရွာအုပ်စု သံဃနာယကအဖွဲ့
အင်ကျယ်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ်

ဘဒ္ဒန္တသုဝဏ္ဏ ၉/မဟမ(သ)၀၀၁၇၆၈ နှင့်
အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ညောင်ကန်တိုက်၊ ဘုံဘိုင်ကျောင်းတိုက်နေ တပည့်ဖြစ်သူဘဒ္ဒန္တသုဝဏ္ဏ ၉/မဟမ(သ)၀၀၁၇၆၈က ဆရာဖြစ်သူ သံဃနာယက ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တဉာဏဝံသ ၉/ပသက(သ)၀၀၀၂၃၉အား ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို အသက်ထင်ရှားရှိစဉ်တစ်လျှောက်လုံး လုပ်ကိုင်ပြုစုပေးမည်ဖြစ်ကြောင်း၊ သို့ပါ၍ ဆရာတော်သီတင်းသုံးသည့်မြေကွက်နှင့် ကျောင်းတိုက်အား စွန့်ကြဲပေးသနားပါရန် ပြောဆိုတောင်းပန်လျှောက်ထားခဲ့ပါသည်။

သို့ပါ၍ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အင်ကျယ်ကျေးရွာ ကျေးရွာအုပ်စု သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏဝံသအနေဖြင့်လည်း ဘဒ္ဒန္တသုဝဏ္ဏမှာ မိမိအား လုပ်ကိုင်ပြုစုစောင့်ရှောက်ပေးမည်ဟု ပြောဆိုသည်ကတစ်ကြောင်း၊ သာသနာတော်ကြီးအား အဓွန့်ရှည်တည်တံ့စေရန် ဆောင်ရွက်နေသည်ကို တွေ့မြင်ရသည်ကတစ်ကြောင်းတို့ကြောင့် အန္တေဝါသိက တပည့်အရင်းဖြစ်သော ဘဒ္ဒန္တသုဝဏ္ဏအပေါ်အပြည့်အဝစိတ်ချယုံကြည်ပြီး မိမိပိုင် အောင်သိဒ္ဓိကျောင်း၏ တောင်မြောက်ပေ၂၀၀၊ အရှေ့အနောက်ပေ၄၀၀နှင့် မဟာရံတံတိုင်းအတွင်းရှိ မြေပေါ်နှင့် မြေပေါ်ရှိအဆောက်အအုံအားလုံး၊ ပေါက်သစ်ပေါက်ဟောင်း ဂရုဘဏ် လဟုဘဏ်ပစ္စည်းများကို ၂၈-၁၁-၂၀၁၀ရက်တွင် အနာဂါတ်သာသနာ အရှည်ခန့်တည်တံ့စေရန် အကျိုးငှာ စွန့်ကြဲပေးသနားခဲ့ပါသည်။

တပည့်ဖြစ်သူဘဒ္ဒန္တသုဝဏ္ဏမှာ ၎င်း၏ ဝန်ခံကတိပြု လျှောက်ထားတောင်းပန်ချက်များကိုချိုးဖောက်ပြီး ပေးကမ်းလိုက်သည့် ၂၈-၁၁-၂၀၁၀ရက် ညနေစောင်းတွင်ပင် ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ စာရွက်စာတမ်းများကို မိမိ၏ခွင့်ပြုချက်မရဘဲ အတင်းအဓမ္မယူဆောင်သွားခဲ့ပါသည်။ ဘဒ္ဒန္တသုဝဏ္ဏမှာ မိမိ၏ယုံကြည်မှုကို ချိုးဖောက်သွားခဲ့ပါသည်။ ထို့ပြင် ယနေ့အချိန်အထိ မိမိသီတင်းသုံးရာ ကျောင်းတိုက်သို့ ပြန်လည်လာရောက်တောင်းပန်ခဲ့ခြင်း မရှိပါ။

သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏဝံသအနေဖြင့် တပည့်ဖြစ်သူ ဘဒ္ဒန္တသုဝဏ္ဏက မိမိအပေါ် တစ်သက်လုံးလုပ်ကိုင်ပြုစုပေးမည်ဟုပြောဆိုခဲ့သည်ကို ယုံကြည်ပြီး ပေးကမ်းခဲ့သော်လည်း ပေးကမ်းစွန့်ကြဲသည့်ညနေခင်းမှာပင် ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ စာရွက်စာတမ်းများကို အတင်းအဓမ္မယူဆောင်သွားခဲ့သည့်အတွက် တပည့်ဖြစ်သူ ဘဒ္ဒန္တသုဝဏ္ဏသို့ ပေးကမ်းခြင်းအပေါ် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ထို့ပြင် ပေးကမ်းစွန့်ကြဲသည့် ကျောင်းတိုက်နှင့်ပတ်သက်၍ ကိုယ်စားဆောင်ရွက်နိုင်ရန် တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်ဦးလွန်းမောင်ထံတွင်လွှဲအပ်ခဲ့သော ၂၈-၁၁-၂၀၁၀ရက်စွဲပါ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၅၄/၂၀၁၀)ကို ကြေညာသည့်ရက်မှစ၍ တရားဝင် ပြန်လည်ရုပ်သိမ်းပါသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အင်ကျယ်ကျေးရွာ ကျေးရွာအုပ်စု၊ အောင်သိဒ္ဓိကျောင်း၏ တောင်မြောက် ပေ၂၀၀၊ အရှေ့အနောက်ပေ၄၀၀နှင့် မဟာရံတံတိုင်းအတွင်းရှိမြေပေါ်နှင့် မြေပေါ်ရှိ အဆောက်အအုံအားလုံး၊ ပေါက်သစ်ပေါက်ဟောင်း ဂရုဘဏ် လဟုဘဏ်ပစ္စည်းများသည် ဘဒ္ဒန္တသုဝဏ္ဏနှင့် မည်သို့မျှသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဘဒ္ဒန္တဉာဏဝံသ ၉/ပသက(သ)၀၀၀၂၃၉
သံဃနာယကဥက္ကဋ္ဌဆရာတော်
အင်ကျယ်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

WISE College မှ နိုင်ငံတကာ အသိမှတ်ပြု Business Management Diploma ABE (UK) Diploma များအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း
WISE College မှ Business Management Diploma ABE (UK) Diploma များကို ဖွင့်လှစ်သွားပါမည်။
1. Business Management Diploma
2. Business Management Higher Diploma(Part-I)
3. Business Management Higher Diploma(Part-II)
4. Business Management Graduate Diploma
(၂) Business Management Diploma
(၃) Business Management Diploma
(၄) Business Management Higher Diploma (Part-I,II)
(၅) Business Mangement Graduate Diploma
(၆) Business Management Higher Diploma နှင့် Graduate Diploma (UK, Australia, etc) BA Final Year MBA 1st Year
(၇) ABE Diploma WISE College Business Management Certificate
(၈) Business Management Higher Diploma (Part-I,II) နှင့် Business Management Graduate Diploma WISE College
WISE College

စုပေါင်းပိုင်အဆောက်အအုံ (CONDOMINIUM)
" Yangon's Premier Luxury No 1 Lifestyle"
Diamond
INYA
Palace
အင်းယားကန်အနီးမှအဆင့်မြင့်နန်းတော်
Restaurant, Shops, Mini Mart, Bakery, Coffee Shop, Business Centre, Banquet, Playground, Squash, Table Tennis, Snooker, Yoga, Fitness Centre, Spa, Corridor, Lift, Car Wash, Stairs, Office, Lobby, Swimming Pool, Pond, Indoor Garden
MANDALAY GOLDEN WING
Yangon Showroom
No (39), 7 Mile, Pyay Road, Mayangone Township, Yangon, Myanmar
Fax : 95 - 1 - 656850 e-mail diamondinya@myanmar.com.mm
Shwedagon Pagoda
Mini Mart
Fitness Centre
Banquet
Lobby
Restaurant

သီတဂူဆရာတော်ကြီး... နိုဝင်ဘာလ ၂၃၊၂၄ (၂၉) ကြိမ်မြောက် အလင်းဒါန ပါဝင်လှူဒါန်းနိုင်

[illegible]

[illegible] KBZ Bank (Account No.00730200701690301)

သီတဂူဆရာတော်ကြီး... နိုဝင်ဘာလ ၂၃-၂၄၊ (၂၉) ကြိမ်မြောက် မျက်မြင်ခွဲစိတ်ခြင်း အလင်းဒါနအလှူရှင်များ

[illegible]

[illegible] KBZ Bank (Account No. 00730200701690301)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့နေ

(ဦးကျော်ဝင်း)-ဒေါ်မော်နီ တို့၏သား၊ ဗိုလ်မှူးမြင့်သူနိုင်-မတင်မီမီကျော်ဝင်းတို့၏မောင်၊ မောင်ဘုန်းမော်ထိုက်၏အစ်ကို

ဗိုလ်ကြီးမင်းဟိန်းခန့်ကျော်

B.E (Electronics) D.S.T.A

နှင့်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်နေ

ဦးခင်ဦး-ဒေါ်စန်းရီတို့ ၏ သမီးထွေး၊ မလှလှရီ၏ ညီမ

မခင်သန္တာဦး

M.A(Economics),Ritsumeikan University of Japan

Deputy General Manager,Nay KyelOo Group of Comapnies

တို့၏ ၄-၁၁-၂၀၁၃ ရက်တွင် ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေး၌ တရားတော်ကြွရောက်ချီးမြှင့်ပေးပါသော စစ်ကိုင်းတောင်ရိုးကျစ္စာချောင် မဟာဝိဇယရံသီ စာသင်တိုက်နှင့် မဟာအတုလရံသီဓမ္မရိပ်သာတို့၏ ပဓာနနာယက၊ ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံတော်ကြီး၏ ပဓာန ဦးဆောင်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တလက္ခဏမဟာထေရ် [Ph.D (Buddhism), India] အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒေါ်စန္ဒာကျော် (မရမ်းကုန်းမြို့နယ် တွဲဖက်မြို့နယ်တရားသူကြီး) အားလည်းကောင်း၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးစောအောင်မြတ်သူနှင့် ဗိုလ်ကြီးအောင်မျိုးကျော်တို့အားလည်းကောင်း၊ ၁၀-၁၁-၂၀၁၃ ရက်တွင် International Business Centre တွင် ပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဦးဉာဏ်လင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင် Managing Director, Mega Strength Co.,Ltd. နှင့် ဇနီး ဒေါ်တင်တင်အေးတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးတင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဇနီး ဒေါ်သန်းသန်းမော်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်ပေးပါသော ဒေါ်စန်းစန်းနွယ် (ဘဏ္ဍာအခွန်ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)နှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ စစ်ဘက်/နယ်ဘက်မှ အရာရှိကြီးများအားလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများအားလည်းကောင်း၊ နေကြယ်ဦးကုမ္ပဏီလုပ်ငန်းစု မန်နေဂျင်း ဒါရိုက်တာ ဦးဇော်လွင်ဦး ဇနီး ဒေါ်ခင်ခင်ချိုနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ပံ့ပိုးချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီး၊ မိဘ၊ ဆွေမျိုး၊ မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဒေါ်စုမြတ်ခင်၊ မင်္ဂလာသတို့သား အရန်အဖြစ် ဆောင်ရွက်ပေးသော ဗိုလ်ကြီးကြည်ဦးနိုင်၊ မင်္ဂလာသတို့သမီးအရန်အဖြစ် ဆောင်ရွက်ပေးသော မနှင်းအိအောင်၊ မင်္ဂလာပန်းကြဲပေးပါသော မဝင်းလဲ့ရွှန်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်များ ကိုင်ဆောင်ပေးပါသော မဖြူထက်ကျော်၊ မိတ်ကပ်၊ ဆံပင်အလှနှင့် မင်္ဂလာဝတ်စုံ ဖန်တီးပြင်ဆင်ပေးပါသော မင်္ဂလာအလှဖန်တီးရှင် ရဲရဲ၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင်နွဲ့ယဉ်ဝင်း၊ မင်္ဂလာတေးသံသာများ တီးခတ်ပေးပါသော စန္ဒရားသိန်းမြင့်သန်းနှင့်အဖွဲ့၊ ညှော်ခံသီဆိုပေးပါသော တေးသံရှင်များ အားလုံးအားလည်းကောင်း၊ မင်္ဂလာပန်းအလှများ ပြင်ဆင်ဖန်တီးပေးပါသော ဒေါ်မြင့်မြင့် (ဟိုတယ်/ခရီး)အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင် ဗီဒီယို/ဓာတ်ပုံရိုက်ကူးပေးပါသော မိုးကိုဦးနှင့်အဖွဲ့အားလည်းကောင်း၊ အကြိုဓာတ်ပုံများ ရိုက်ကူးပေးသော Yes I Do Photo Studio မိသားစုအားလည်းကောင်း၊ မင်္ဂလာဖိတ်စာဖန်တီးရိုက်နှိပ်ပေးပါသော Dagon Printing & Invitation Cards အားလည်းကောင်း၊ မင်္ဂလာလက်ကမ်းများ ဆောင်ရွက်ပေးပါသော Lovey Dovey House of Favors အားလည်းကောင်း၊ လိုအပ်သည်များအားလုံးကို အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြပါသော မိတ်ဆွေသင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ဗိုလ်ကြီးမင်းဟိန်းခန့်ကျော်-မခင်သန္တာဦး

ဒေါ်မွန်မွန်ရှင်(ခ)နိုင်ဦး ၉/မရမ(နိုင်)၀၄၁၇၇၃ သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၄၈တွင်နေသူ ဒေါ်သန်းသန်း ၁၂/ဗဟန(နိုင်)၁၅၂၁၂၂၏ ညွှန်ကြားချက်အရ အကြောင်းကြားစာများ ပေးပို့ခဲ့သော်လည်း လိပ်စာရှင်မရှိဟု ပြန်ကြားလာပါသဖြင့် ဤကြေညာချက်ကို ထည့်သွင်းရပါသည်။

ဒေါ်မွန်မွန်ရှင်သည် ဒေါ်သန်းသန်းထံမှ ရယူထားသည့် မြန်မာကျပ်ငွေ ၄၁၅၀၀၀၀၀(ကျပ်သိန်းလေးထောင့်တစ်ရာ့ငါးဆယ်တိတိ) ကို ၃၀-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ ပြန်လည်ပေးအပ်ရန် တောင်းဆိုပါသည်။ ဤတောင်းဆိုချက်ကို မလိုက်နာ ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုရမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးဇော်သိန်းထွန်း
(တရားလွှတ်တော်ရှေ့နေ)
(စဉ်-၁၆၁၅) (၁၆-၇-၁၉၇၇)
အခန်း-၃၊ ခုနစ်လွှာ၊ Strand Condo ၊
မဟာဗန္ဓုလလမ်းပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း- ၀၉-၅၄၁၅၈၀၈၊ ၀၁-၃၇၈၆၃၅

ဒေါ်မွန်မွန်ရှင်(ခ)နိုင်ဦး ၉/မရမ(နိုင်)၀၄၁၇၇၃သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၄၈တွင်နေသူ ဦးစံလင်း ၁၂/ဗဟန(နိုင်)၀၈၄၅၄၁နှင့် ဒေါ်စန်းစန်းမြင့် ၁၂/ဗဟန(နိုင်)၀၈၆၆၁၃တို့၏ ညွှန်ကြားချက်အရ အကြောင်းကြားစာများပေးပို့ခဲ့သော်လည်း လိပ်စာရှင်မရှိဟု ပြန်ကြားလာပါသဖြင့် ဤကြေညာချက်ကို ထည့်သွင်းရပါသည်။

ဒေါ်မွန်မွန်ရှင်သည် ဦးစံလင်းနှင့်ဒေါ်စန်းစန်းမြင့်ထံမှ ရယူထားသည့် မြန်မာကျပ်ငွေ ၇၅၆၀၀၀၀၀ (ကျပ်သိန်းခုနစ်ထောင့်ငါးရာ့ခြောက်ဆယ်တိတိ)ကို ၃၀-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ ပြန်လည်ပေးအပ်ရန် တောင်းဆိုပါသည်။ ဤတောင်းဆိုချက်ကို မလိုက်နာ ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုရမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးဇော်သိန်းထွန်း
(တရားလွှတ်တော်ရှေ့နေ)
(စဉ်-၁၆၁၅) (၁၆-၇-၁၉၇၇)
အခန်း၃၊ ခုနစ်လွှာ၊ Strand Condo၊
မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၄၁၅၈၀၈၊ ၀၁-၃၇၈၆၃၅

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဖျာပုံမြို့၊ အမှတ်၇၇၊ ဒုတိယလမ်း၊ (၄)ရပ်ကွက်နေ ဦးစုဝေ-ဒေါ်လင်းလင်းတို့၏သမီး မနှင်းလဲ့လဲ့စန်း ၁၄/ ဖပန(ပြု)၀၀၀၀၆၉ သည် မိဘတို့၏ သွန်သင်ဆုံးမမှုအား နာခံခြင်းမရှိဘဲ မိမိသဘောအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း၊ ဆွေမျိုးစာရင်းမှလည်း အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ယင်းနှင့်ပတ်သက်သော အရှုပ်အရှင်းကိစ္စများအား တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဦးစုဝေ-ဒေါ်လင်းလင်း

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ဤအတိုင်း ညွှန်ကြားချက်အရ

ဦးဇော်ဝင်း (စဉ်-...)

H.G.P, LL.B, D.B.L, D.M.L, D.I.L.

[illegible] MAC Tower

[illegible]

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊၈၈ရပ်ကွက် ဓမ္မရတနာလမ်း၊ အမှတ် ၁၃၈၇/ခ နေ ဒေါ်တင်ထွေး(ခ)ဒေါ်ရွှေပို(ဘ)ဦးအုန်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၈၈ရပ်ကွက်၊ဓမ္မရတနာလမ်း၊ အမှတ် ၁၃၈၇/ခ ဟုခေါ်တွင်သော မြေဧရိယာ(ပေ၂၀×ပေ၆၀) အကျယ် အဝန်းရှိ ပါမစ်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ကျွန်ုပ်၏ မိတ်ဆွေအပါအဝင် မောင်နှမကိုးဦး၏ဖခင် ဦးအုန်းမောင် တစ်ဦးတည်းတရားဝင် နေထိုင်ပိုင်ဆိုင်ပြီး ဖခင်ဦးအုန်းမောင်နှင့် မိခင်ဒေါ်ကြည်တို့ ကွယ်လွန်သည့်အခါ ဖော်ပြပါအိမ်ခြံမြေသည် ကျွန်ုပ်၏ မိတ်ဆွေအပါအဝင် မောင်နှမကိုးဦး၏ အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေအပါအဝင် အမွေဆိုင်မောင်နှမများမှ ၅-၁၀-၂၀၁၃ ရက်စွဲဖြင့် (၈၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌လည်း အမွေဆိုင်ပစ္စည်းဖြစ်ကြောင်း တရားဝင်စာဖြင့် တင်ပြထားပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ကျွန်ုပ်၏မိတ်ဆွေ အပါအဝင် မောင်နှမကိုးဦး၏အမွေဆိုင်ပစ္စည်းဖြစ်၍ အမွေဆိုင်အားလုံး သဘောတူခွင့်ပြုချက်မပါဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ အခြားတစ်နည်းနည်း လွှဲပြောင်းခြင်း၊ မပြုလုပ်ရန်နှင့် ကွယ်လွန်သူဦးအုန်းမောင်၏ ပစ္စည်းအား အလွဲသုံးစားမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။ အကယ်၍ပြုလုပ်ခဲ့ပါက ပြုလုပ်သူနှင့် ပါဝင်ပတ်သက်သူ များအပေါ် တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်း တရားမကြောင်းတို့အရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်ထွေး(ခ)ဒေါ်ရွှေပို၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းစိုး(LL.B) အထက်တန်းရှေ့နေ
အမှတ် ၆၉၃၊ အောင်ဆုပန်လမ်း၊ (၈၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဖုန်း-၀၉-၄၃၀၇၈၀၁၂

တောင်ငူမြို့ မဟာမုဏိကေလဇာတီ မင်္ဂလာစေတီတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲ

ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူခဲ့သော ဘုရင်မင်းမြတ်ဖြစ်သည့် သီရိတြိဘဝနာ-ဒိတျာပဝရ ပဏ္ဍိတသုဓမ္မရာဇာ မဟာဓိပတိ ဘွဲ့ခံဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး၏ မင်္ဂလာပြုရာကုန်းမြေ၌ သက္ကရာဇ် ၉၁၄ တွင် တည်ထားကိုးကွယ်တော်မူခဲ့သော သမိုင်းဝင် မဟာမုဏိကေလဇာတီ မင်္ဂလာစေတီတော်မြတ်ကြီးအား (၅၀၃)နှစ်မြောက် ကေတုမတီမြို့တည်နန်းတည်အထိမ်းအမှတ်အဖြစ် လုံးတော်ဖွံ့-ဉာဏ်တော်မြှင့်ရန်အတွက် စီ·ဘီဘဏ်ဥက္ကဋ္ဌကြီး ဦးခင်မောင်အေးက ဆန္ဒပြုမတည်ငွေများလှူဒါန်းခဲ့ပြီး ကေတုမတီမြို့တော်သူ မြို့တော်သားများ၏ စေတနာငွေကြေးများ ပေါင်းစပ်၍ တည်ထားခဲ့ရာ ယခုအချိန်တွင် ရွှေထီးတော်တင်လှူပူဇော်ရန် မင်္ဂလာအချိန်အခါရောက်ရှိလာပြီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဘုရင့်နောင်မင်းတရား၏ သွေးဆက်သားဆက် ပဋ္ဌာန်းဆက်ရှိကြသော ပါရမီရှင်ပုဂ္ဂိုလ်များအား ကြည်ညိုသဒ္ဓါပွားများပြီး ကုသိုလ်ယူနိုင်ကြပါရန် မေတ္တာရှေ့ထားဖိတ်ကြားအပ်ပါသည်။

၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက် (သောကြာနေ့) ၁၅-၁၁-၂၀၁၃ရက် ၈း၁၀ နာရီတွင် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

မဟာမုဏိ ကေလဇာတီ မင်္ဂလာစေတီဂေါပကအဖွဲ့
တောင်ငူမြို့

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးကြည်လွင်-ဒေါ်သိန်းသိန်းတို့၏သားကြီး

ဒေါက်တာသော်ဇင်ဦး

M.B.,B.S

လက်ထောက်ဆရာဝန် (မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး)

နှင့်

ရန်ကုန်မြို့နေ ဒေါက်တာဦးသန်းထွန်းအောင် (ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး၊ မွန်ပြည်နယ်)-ဒေါက်တာဒေါ်သန်းလှ (ဆေးရုံအုပ်၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး) တို့၏ သမီးကြီး

ဒေါက်တာလင်းသီရိထွန်း

M.B.,B.S

လက်ထောက်ဆရာဝန် (မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး)

တို့၏ ၂-၁၁-၂၀၁၃ ရက်တွင် Traders Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် ကြွရောက်ချီးမြှင့်ပေးပါသော ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာဦးဖေသက်ခင်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဒေါက်တာဦးလှဦးနှင့် ဇနီးဒေါ်အုံးသန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမင်းသန်းညွှန့်နှင့်ဇနီး ဒေါ်မီမီနွယ်တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော အထူးကုဆရာဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ မတက်ရောက်နိုင်သော်လည်း မေတ္တာထားကာ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးများအားလည်းကောင်း၊ မင်္ဂလာပွဲ အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သော မိဘများနှင့်
ဒေါက်တာသော်ဇင်ဦး-ဒေါက်တာလင်းသီရိထွန်း

Full Auto

PH:09 731 98 410

09420035682, 73199257

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၉/၃၆၀၃ Ngwe Kyar Sin UT (CSS-007) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်လတ် ၉/မထလ(နိုင်)၂၃၃၁၉၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ၃ ထပ်ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

ကောလင်းမြို့နယ်အသင်း(ရန်ကုန်)

ပထမအကြိမ်ကထိန်သင်္ကန်းကပ်လှူပွဲ

ကောလင်းမြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားများ အားလုံး ကြွရောက် လှူဒါန်းနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ။)

နေ့ရက်။ ။ ၁၃၇၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၄)ရက်။ (၁၆.၁၁.၂၀၁၃) (စနေနေ့)။

အချိန်။ ။ နံနက် (၉)နာရီမှ (၁၂)နာရီ။

နေရာ။ ။ ကောလင်းကျောင်းတိုက်၊ ကုန်းဆောင်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ (သာဓုလမ်း-စာတိုက်မှတ်တိုင်အနီး)။

သတိပြု။ လှူဖွယ်ပစ္စည်းများနှင့်အလှူငွေများလှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးမောင်ရီ (၀၉၂၀၃၀၈၃၃)၊ ဦးတင်မောင်ထွန်း(၀၉၅၁၅၄၄၆၅)၊ ဦးဝင်းအောင် (၀၉၅၁၂၂၄၁၂)၊ ဦးအောင်ဌေး (၀၉၅၁၇၈၀၇၅)။

အမက(၁၂) ရန်ကင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား

နေ့ရက် - ၁-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

အချိန် - မွန်းလွဲ ၁ နာရီ

နေရာ - အမှတ် ၂ ရပ်ကွက်၊ ဓမ္မာရုံ၊ ရန်ကင်းမြို့နယ်

အလှူငွေလှူဒါန်းရန် ဖုန်း-၀၉-၄၂၀၀၅၃၀၁၇၊ ၀၉-၄၂၁၀၆၉၁၂၊ ၀၉-၄၂၁၀၉၇၈၁၂၊ ၀၉-၃၁၀၄၇၆၀၁၊ ၀၉-၅၄၁၆၂၂၁

အစည်းအဝေးဖိတ်ကြားခြင်း

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ ဩဝါဒါစရိယ အလိုတော်ပြည့်ဆရာတော်ကြီး၏ ညွှန်ကြားချက်အရ ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ အလုပ်အမှုဆောင်ကော်မတီများ၊ ရွေးချယ်ခြင်း၊ အသင်း၏ ကိစ္စအဝဝကို တင်ပြဆွေးနွေးအကြံပြုခြင်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။ တာမွေလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ အလိုတော်ပြည့်ကျောင်းတိုက်သို့ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ရက်၊ တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရသေ့တောင်မြို့နယ်သား လူကြီး၊ လူငယ်အမျိုးသမီးများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပရေးအဖွဲ့
ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)

ပေါင်းတလည် အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ပေါင်းတလည်မြို့၊ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယ ပူဇော်ပွဲကို ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် အထက နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ
ပေါင်းတလည်မြို့

MBA သင်တန်းများတွင် ပါရှိပြီး

MBA မှာ သင်ခဲ့ရသမျှ

50 Essential Management Techniques

ဝင်းသိန်းဦး

ဖြန့်ချိရေး- FUTURE ၅၂ (က) ၁၂လမ်း (အလယ်) ရန်ကုန်။

Tel : (01) 224431, (09) 420099851, (09) 73051718

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၁၉

ဦးထွန်းရွှေ (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်လှလှကြည်)	နှင့်	(၁) ဒေါ်ပု (၂)မောင်စံမြ (၃) မခင်မေ (၄) ဦးသိန်းနိုင် (၅)ဒေါ်အေးအေးမော် (၆) ဦးကျော်လင်း (၇)ဒေါ်ရီရီလွင် (၈) ဒေါ်မိုးမိုငြိမ်း
တရားလို		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၁ ရပ်ကွက်၊ လက်ခုပ်ပင်လမ်း၊ အမှတ် ၃၅ နေ (၁) တရားပြိုင် ဒေါ်ပု၊ (၂) တရားပြိုင် မောင်စံမြ၊ (၃) တရားပြိုင် မခင်မေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက တရားဝင်အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၂ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝိုလ်မာထွန်းခင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူ လူငယ်တို့ အက်ဥပဒေပုဒ်မ-၁၁)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၁၂

ဒေါ်သီဂီအောင်ထွန်း - **လျှောက်ထားသူ**
၅/မရန(နိုင်)၀၀၂၀၅၅
အမှတ် ၄၈၊ သုနန္ဒာလမ်း၊
(၌)တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

(ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၌)တိုးချဲ့ရပ်ကွက်၊ သုနန္ဒာလမ်း၊ အမှတ် ၄၈ ရပ်နေ အရွယ်မရောက်သေးသူလူငယ် မောင်အောင်ခန့်ဖြိုးထွန်းနှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊(၌)တိုးချဲ့ရပ်ကွက်၊ သုနန္ဒာလမ်း၊ အမှတ် ၄၈ ရပ်နေ ဒေါ်သီဂီအောင်ထွန်းက အပေါ်က အမည်ရေးသားပါရှိသော အရွယ်မရောက်သေးသော လူငယ်မောင်အောင်ခန့်ဖြိုးထွန်း၏ မိခင်ရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားချက်ကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ရက်(၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဆိုင်ဆိုရန် ချိန်းချက်မှုသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှမြင့်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများသိစေရန် အသိပေးကြေညာခြင်း

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ မဋ္ဌူလမ်း၊ အမှတ်၃/၁၀နေ ဦးဝင်းမောင်(ခ)ဦးငွေးဝင်း ၁၃/တခလ(နိုင်)၀၃၄၃၀၅၏ လွှဲအပ်ချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အင်းခရ၊ အကွက်အမှတ် ညည-၈၊ ဦးပိုင်အမှတ် ၂၃၊ မြေကွက်၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အင်းခရရပ်၊ (ညည-၉)၊ ဦးပိုင်အမှတ် ၄၀ မြေကွက်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် နံပါတ် (C)၊ ဦးပိုင်အမှတ် ၁၄ မြေကွက်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်နံပါတ် C၊ ဦးပိုင်အမှတ် ၂၁၊ မြေကွက်နှင့် တောင်ကြီးမြို့၊ အနောက်မြို့ပတ်လမ်း၊ အမှတ် ၉၁၊ မြေကွက်များမှာ ဦးဝင်းမောင် လက်ရှိပိုင်ဆိုင်လာခဲ့သော မြေကွက်များဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတရားရုံးတော် တရားမကြီးမှုအမှတ် ၃၆၈/၂၀၀၈ အမှု၏ ၂၂-၆-၂၀၁၀ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအရလည်း ဦးဝင်းမောင်တစ်ဦးတည်းကသာ ပိုင်ဆိုင်ပါကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ဦးဝင်းမောင် မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အထက်ဖော်ပြပါ မြေကွက် (၅)ကွက်နှင့် ပတ်သက်၍ ဝင်ရောက်နေထိုင်ခြံခတ်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း ပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးနိုင်နိုင်ထွန်း	**ဒေါ်နန်းယုဝေ**
LL.B,D.B.L,D.I.L	**LL.B,LL.M,D.B.L**
(စဉ်-၉၁၄၅)	**(စဉ်-၉၁၄၈)**
ဖုန်း-၀၉-၄၀၂၅၅၉၆၆	**ဖုန်း-၀၉-၉၁၀၀၀၇၈၂**

တရားလွှတ်တော်ရှေ့နေများ

ဒေါ်ဆွေဆွေမြင့်	**ဒေါ်ခင်သီတာဝင်း**
LL.B,D.B.L	**LL.B,D.B.L**
စဉ်-၃၂၂၃၄	**စဉ်-၄၀၃၀၄**

အထက်တန်းရှေ့နေများ

C B BANK
SWIPE
&
WIN
EASi
Samsung
GALAXY Note 3
MasterCard